www.burmeseclassic.com

အောင်မြင်စာပေ

ပန်းဝတ်ရည်ညထဲကအသည်းကွဲသီချင်း




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၆၂၀၃၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၅၃၀၄၀၉၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အ[illegible]စ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့
၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

နတ်ရှာမိုး

ဟန်ဘတ်ရည်ညာထဲက အသည်းကွဲသီချင်း/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၉။

၁၇၆ - စာ၊ ၁၃.၅× ၂၁ စင်တီ။

(၁) နတ်ရှာမိုး




www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုယ်ငါ...
အမွှေးတိုင် လုပ်မိလို့
ပြာတွေကလည်း တဖုတ်ဖုတ်...
အရိုးတံလေး ငုတ်တုတ်...
အဲ့ဒါလေး ကျန်ခဲ့တာကိုပဲ...
(ချစ်သူက...)
သွားကြားထိုးတံ လုပ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကာယ်တော့
အိပ်မက်ဆိုတာ
မသိစိတ်က ဝှားဖတ်လိုက်တဲ့
'ရုပ်ပြ' စာအုပ်တစ်အုပ်ပါပဲ
မနက်လင်းလို့ နိုးလာတော့
'ည' က ဝှားခဲ့တဲ့ဆိုင်ကိုပြန်အပ်ရတယ်
မသိစိတ်က ကောင်းတယ်လို့ ပြောတော့
သိစိတ်က ဖတ်ချင်တယ်...
ခက်တာက
အဲ့ဒီဆိုင် ဘယ်မှာရှိသလဲ
ဘယ်အချိန် ဖွင့်မလဲဆိုတာ
မသိစိတ်ပဲ သိတယ်...
(သိစိတ်နဲ့ မသိစိတ်က
ကြိတ်ပြီး စိတ်ကောက်ထားတော့
တော်တော် ခွကျကျရယ်...)

www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း – တစ် )

“ဖြန်း!. . . . ဖုန်း!. . . ဘုတ်. . . ဖတ်”

“ဟင်. . . နင်. . . ငါ. . . အင်း. . . အား”

“ဝုန်း!!. . . ”

“ခလွမ်!. . . ချလွမ်!”

တစ်ညနေလုံး မြူတွေနှင့် ပြိုးနေသော ကောင်းကင်ကို. . မော့ကြည့်ပြီး စိတ်ခရီးနှင်နေတုန်း. . . တစ်ဖက်ခန်းမှ အုံးအုံးကြွ အသံဗလံများကြောင့်. . သူ သတိဝင်လာကာ. . လှည့်ကြည့်သည်။

“ဂလွမ်!. . . . . ”



www.burmeseclassic.com

www.burmeseclassic.com



"ပလုပ်တုတ်. ."

သူ လှည့်ကြည့်ခိုက်မှာပင်. . တစ်ဖက်ခန်း လေသာဆောင်ရှိ ငါး အလှမွေးသော မှန်ပုံးလေး ကျကွဲကာ. . အနီရောင် အဝါရောင် ငါးလေး တွေ ဖြတ်ဖြတ်လူးကုန်သည်။

ဟိုဖက်ခန်းက လင်မယားတော့ တွယ်ကုန်ကြပြီ ထင်တယ်. . . အထင်နှင့် လေသာဆောင်မှ အသာဆုတ်ခွာကာ. . . ဧည့်ခန်းကို ဖြတ် လျှောက်ပြီး အဝင်တံခါးချပ် အသာလှပ်၍ ချောင်းကြည့်သည်။.

ဗုဒ္ဓေါ. . .။

တံခါးနှစ်ချပ်လုံး ပွင့်နေသော တစ်ဖက်ခန်း၏ဧည့်ခန်းတစ်ခု လုံး အီရတ်စစ်မြေပြင်အလား အောက်မေ့လိုက်ရသည်။

ဘယ်လိုဖြစ်ကြတာလဲ!. . .။

ငါ သွားဖျဉ်ဖြေပေးရကောင်းမလား။ ကောင်းတယ်၊ တစ်ခန်းစီ နေပေမယ့် တစ်လွှာထဲ နေကြတာ၊ သူတို့ အိမ်နီးချင်းဆိုလို့ ငါပဲ ရှိတာ၊ အိမ်နီးချင်းကောင်း ပီသရမှာပေါ့. . .။

ကိုယ့်ဘာသာ အမေးအဖြေလုပ် ဆုံးဖြတ်ပြီး အခန်းတံခါး ဖွင့် အထွက်. . တစ်ဖက်ခန်းက မဖြူ ခရီးဆောင်အိတ်ကြီး ဆွဲကာ ထွက် လာသည်။ သူမ. . ထွက်လာခါမှ ပလတ်စတစ်ခုံတစ်လုံးက အခန်းဝမှာ ကန့်လန့်ခံနေသဖြင့် လက်ထဲက ခရီးဆောင်အိတ်ကြီးနှင့် လွဲရိုက်ပစ် လိုက်သည်။

"ဂွပ်. . ."

"ဟိုက်!. ."

"ဂျိမ်း. . ."

"ဝုန်း. ."

"ဟူး. . . ဒီတော့်ပါသေးရဲ့"

သူ အချိန်မီ တံခါးဆွဲစေ့လိုက်နိုင်၍သာ တော်တော့သည်။ မဖြူ

www.burmeseclassic.com

www.burmeseclassic.com



လွဲရိုက်ထုတ်ပစ်လိုက်သော ကော်ခုံက. . . အွန်နရီ ခြေထောက်ထဲက ထွက်လာသော ဘောလုံးလို. . . ဝါးလုံးထိုး လွင့်ထွက်လာခြင်းဖြစ်သည်။

"သွား. . ."

"သွားမယ်. . . ဟင်း. . . ရှင့်လိုလူ. . . ဟင်း. . ."

"ဂွပ်. . ဂွပ်. . ဂွပ်. . ဂွပ်. . ဂွပ်. . ဂွပ်. . ဂွပ်"

သူ တံခါးမဖွင့်ရဲသေးပဲ. . . တံခါးနား ကပ်၍ သေချာနားစွင့်ကြည့်လိုက်သည်။ ဒါ မဖြူရဲ့ဒေါက်ဖိနပ်သံ။ လှေခါးအတိုင်း ဆင်းသွားသော ဖိနပ်သံဆိုတာ သေချာမှ. . . တံခါးဖွင့်၍ တစ်ဖက်ခန်းကို လှမ်းကြည့်၏။

အပ်ကျသံပင် မကြားရလောက်အောင် ငြိမ်သွားမှ. . . သူ ထွက်ကာ တစ်ဖက်ခန်းသို့ ကူးလာ၏။

"ပလုပ်တုတ်. . ."

"ဩော်. . . ဒီခုံနဲ့ငါနဲ့တော့. . ."

စောစောက တံခါးကို ဝင်မှန်ပြီး ပြုတ်ကျနေသော ခုံကို ခလုတ်တိုက်ကာ တစ်ဖက်အခန်းဝ ရောက်သွားသည်။

ကိုစောတင်မောင် ထွက်ကြည့်၏။

"ဩော. . . . ခိုင်မြ"

"ဘယ်လိုဖြစ်ကြတာလဲ. . . အစ်ကိုရာ"

ပြောပြီး. . ညှော်ခန်းထဲအဝင် ခြေချစရာနေရာ မရှိလောက်အောင်. . . အကွဲအပြဲ အပြိုအလဲများကြောင့် သူဆက်မဝင်ဘဲ. . အသာရပ်နေလိုက်ရသည်။

ရပ်လိုက်ကာမှ. . ခြေဖနောင့်နေရာက အေးစက်စက် အထိအတွေ့ကြောင့်. . လန့်ကာ. . ခြေနှုတ်ပြီး ငုံ့ကြည့်သည်။ ကြမ်းခင်းပေါ် ငါးသလောက်တစ်ကောင် ဝတ်လစ်စလစ် ဈာပနနေသည်။

"ဟာ. . . ဒီမှာ. . ငါးသလောက်တစ်ကောင်ပါလား!"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲ့ဒီငါးသလောက်က စတဲ့ပြဿနာ ဟေ့"

ပြောရင်း. . ကိုစောတင်မောင်. . နံရံချိပ်မှ အခန်းသော့ လှမ်းဖြုတ်ကာ အပြင်ထွက်သည်။

"လာကွာ. . . အောက်ဆင်းမယ်"

"ဟင်. . . ဒါတွေ. . "

"နောက်မှ ရှင်းမယ်. . . ငါစိတ်ရှုပ်နေပြီ"

သူ ဆက်မပြောတော့ပဲ ကိုယ့်အခန်းဖက် ကိုယ်ပြန်လှည့်ပြီး ကိုစောကြီး နည်းတူ အခန်းတံခါးပိတ်ကာ. . သော့ခတ်သည်။

ထို့နောက် လှေခါးအတိုင်း ဆင်းလာခဲ့ကြတော့၏။

မြေညီထပ် ပလက်ဖောင်းပေါ် ရောက်မှ. . .

"မင်း. . အရက်သောက်တတ်လား ခိုင်မြ!"

"ဟင့်အင်း. . . မသောက်ဖူးဘူး"

"အေး. . . မသောက်တတ်ရင်လည်း လိုက်ထိုင်ပြီး တစ်ခုခု သောက်ကွာ. . . ငါ ဒီနေ့ သောက်ပစ်ချင်တယ်. . . "

"အမှန်တော့ ဒီနေ့လို နေ့မျိုးမှာ အစ်ကို. . မသောက်သင့်ဘူး"

"မှားတယ်. . . ဒီနေ့လိုနေ့မျိုး သောက်တာ အကောင်းဆုံးပဲ"

"ဟာ. . အစ်ကို. . ကလည်း. . . အဲ့ဒါ. . "

"မင်း မသိပါဘူး. . . "

နှစ်ယောက်သား အပြန်အလှန် ပြောရင်း လျှောက်ကြသည်။ လျှောက်တော့လည်း ကိုစောကြီး ခြေဦးတည်ရာ သူလိုက်လျှောက်ရသဖြင့် အရက်ဆိုင် ရောက်တော့မည် ဟု. . . သူ သိနေပါသည်။

"အစ်ကို. . . ဘယ်ဆိုင်ထိုင်မှာလဲ!"

"ငါ. . . သောက်နေကျကတော့ ကိုစိုင်းဆိုင်ပဲ. . . "

"ဟာ. . . အဲဒီဆိုင်တော့ မလုပ်ပါနဲ့ အစ်ကိုရာ. . . ရွှေရှုလို့ပါ ဒီလိုလုပ် သံသုမာလမ်းက ဘီယာဆိုင်သွား. . . အဲ့ဒီမှာ အရက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲဟာ. . . ”

“ဟင်. . . မင်းပြောတော့ မသောက်ဖူးဘူးဆို. . . အခု ဘယ်က ရှော့တွေ ဝင်လာတာလဲ!”

“ဆိုင်ရှော့မဟုတ်. . ဆိုင်နားက ရှော့. . နောက်မှ ပြောမယ်”

သို့နှင့် သံသုမာလမ်းရှိ ဘီယာဆိုင်သို့ ရောက်သွားသည်။ ကိုစောကြီးက. . ဘီတစ်ခွက်ကို ဝီနှစ်ပက် ရောပြီး. . အသားကင်တစ်ပွဲမှာကာ သူ့အတွက် အအေးတစ်လုံး ဗွီတစ်ပွဲ မှာပေးသည်။ ဆိုင်ကို ဘယ်လိုအမြင်နှင့် ပြင်ဆင်ထားသည်တော့ မသိ။ တစ်ဆိုင်လုံး နံရံ မျက်နှာကျက်မှအစ နဖူးစီးအထိ အပြာရောင် တစ်ရောင်ထဲကိုသာ သုံးထားပြီး ထွန်းထားသော မီးချောင်းများအားလုံး. . အပြာရောင် အလင်းကိုသာ ထွန်းညှိထားသဖြင့် မြင်မြင်သမျှ ပြာနှမ်းနေကာ. . . ကိုယ့်ကိုယ်ကိုပင် မဲနယ်ကန်ထဲ နစ်နေသလို ခံစားရကာ. . . မူးနောက်နောက် ဖြစ်ချင်လာလေသည်။

“မင်းခေါ်လာတဲ့ဆိုင်က မသောက်ပဲနဲ့တောင် မူးချင်ချင်ကွာ တန်တယ်ကွာ. . . ”

သူ့အတွေးက ကိုစောတင်မောင်၏ညည်းတွားသံနှင့် တစ်ထပ်တည်း ကျသွားသဖြင့်. . .

“ဟုတ်လား. . . အစ်ကိုလည်း အဲ့သလို ခံစားရလား!”

“အေးလေကွာ. . . တစ်လောကလုံး ပြာနေတာ. . ”

“ဒါ. . . အဓိပ္ပာယ်တော့ ရှိမယ် ကိုစောရ. . . ”

ကိုစောတင်မောင် ဆိုင်အတွင်းဖက် တစ်ချက်ဝေ့ကြည့်ပြီးမှ. .

“အင်း. . . ငါ့အတွေ့အကြုံအရတော့. . . ဒီဆိုင်က အရက်သိပ်မစွံဘူး ထင်တယ်. . . ”

“ဗျာ. . . ဘာဖြစ်လို့လဲ!. . . ”

“စဉ်းစားကြည့်တာပါ. . . အပြာရောင်ဟာ. . လူ့ရဲ့ စိတ်ကို ထိုင်းမှိုင်းလေးလံစေတယ်. . . တော်ရုံရေရောထားတဲ့ အရက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအရောင်ကြီးနဲ့တော့ မူးမှာပဲကွ. . မသောက်ပဲနဲ့တောင် မူးချင်နေတာ"

"အင်း. . . နီးစပ်တယ်"

ထိုအခိုက် စားပွဲထိုးက မှာယူထားသော အစားအသောက်များ ဘန်းနှင့် ယူလာကာ ချပေးသဖြင့် နှစ်ယောက်သား စကားဖြတ်လိုက်ကြသည်။ စားပွဲထိုး ပြန်ထွက်သွားမှ. . .

"ကိုစောပြောတာ ဟုတ်မဟုတ် ကိုယ့်ဘာသာပဲ. . . ဆန်းစစ်တော့ဗျို့. . . ကျွန်တော်တော့ အအေးသောက်ရင်းနဲ့ပဲ မူးတော့မယ်"

ကိုစော. . . ခေါင်းညိတ်ပြပြီး. . . မြည်းပါသည်။

"သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး. . ."

သူလည်း အအေးတစ်ကျိုက် စုတ်သောက်သည်။ အချိုရည်ပုလင်း အအေးဖြစ်၍. . အအေးပုလင်းတော့ အရောအနှော မလုပ်တန်ကောင်းပါဘူးဟု တွေးကာ. . . စောစောက ငါးသလောက်ကို သတိရသွားသည်။

"အင်း. . လုပ်ပါဦး. . ငါးသလောက်က ဘယ်လိုစလိုက်တာလဲ!"

ကိုစောကြီး အတော်မူးချင်ပုံရပါသည်။

ဘီဝီတစ်ခွက်က တစ်ဝက်တိတိ လျော့သွားသည်။

"ဒီလိုကွာ. . . ငါတို့လင်မယား ကလေးကိစ္စနဲ့ ပြဿနာ ရှိနေတာတော့ ကြာပြီ. . . ကလေးကို အဖိုးအဖွားတွေနဲ့ သွားထားတာ. . . ငါက မကြိုက်ဘူး၊ သူက အဲ့ဒီမှာပဲ ထားချင်တယ်. . . အဲ့ဒီကနေ မူကြိုပို့ရတာ လွယ်တယ်လို့ အကြောင်းပြတယ်. . . ငါက အိမ်ကနေ ပို့ကြို၊ အိမ်မှာပဲထား. . . အဖိုးအဖွားဆီ ကျောင်းပိတ်ရက်မှာ ထားချင်ထား"

"ဟင်. . ဒါက ပြဿနာမှ မဟုတ်ပဲ အစ်ကိုရာ. . အဖိုး အဖွားတွေနဲ့ သွားထားတော့ စရိတ်ငြိမ်းတာပေါ့. . ."

"ဟုတ်တယ်. . လက်ရှိ ကလေးရဲ့ကုန်ကျစရိတ် ငြိမ်းတဲ့အပြင် ကလေး အနာဂတ်ဘဝပါ ငြိမ်းသွားမယ်ကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ."

ကိုစောကြီး စကားဖြတ်ပြီး သောက်ပြန်သည်။ လက်ကျန် တစက်မျှမရှိအောင် သောက်ပစ်သည်။ ထို့နောက် အသားကင်တစ်ဖတ် ကောက်ဝါးပြီး စားပွဲထိုးကို လှမ်းခေါ်၏။

"နောက်တစ်ခွက်ကွာ. . . နှစ်ပက်ရော. ."

စားပွဲထိုး လှည့်အထွက်၊ လက်တို့ပြီး မီးခြစ်တောင်းယူထားလိုက်သည်။ စီးကရက် မီးညှိ၏။ နဂိုကမှ. . . ပြာချင်သော မီးခိုးငွေ့များ အပြာရောင် အလင်းထဲမှာ. . . လုံးပြာကာ တက်သွားသည်။

"ခက်တယ် ခိုင်မြ၊ အဖိုးအဖွားဆိုတာ သားအချစ် မြေးအနှစ်ဆိုတဲ့စကားလိုပဲ. . . သားကိုတော့ ချစ်ရုံချစ်ပြီး မြေးကို နှစ်ပစ်တာ. . ."

"ဟာဗျာ. . . မဖြစ်နိုင်တာ ပြောတော့မယ်. . ."

သူ ချက်ချင်းတုန့်ပြန်ကာ ငြင်းပစ်၍. . ကိုစော ရယ်တော့သည်။ ပြီးမှ အရယ်ရပ်၍. . .

"အခု. . . ငါ့သားလေး ဘာဖြစ်နေလဲ သိလား!"

သူ ခေါင်းခါပြလိုက်သည်။

"လက်ထဲကို. . သေနတ်သာ ထည့်ပေးလိုက်. . ယာကူဇာ ဖြစ်သွားပြီ. . ."

သူ ခေါင်းခါကာ လက်မခံနိုင်သော အမူအရာ ပြမိသည်။ သူ ကိုယ်တိုင်လည်း အဖိုးအဖွားလက်ပေါ် ကြီးပြင်းလာခဲ့သူ၊ အဖွား၏ နို့ပိန်လေးနှင့် အဖိုး၏ချွေးနည်းစာလေး. . အာဟာရပြုပြီး လူဖြစ်ခဲ့ရသူ။ ဒီလိုနှင့် ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ကာ. . . ကိုယ့်ဘဝကိုယ် သမာအာဇီဝကျစွာ အသက်မွေးနိုင်ခဲ့သူ။ သို့သော် ကိုစောတင်မောင်က သူ၏ ချေပစကားကို အပြောမခံစွာ. . . လက်ကာပြလျက် ဆက်ပြော၏။

"ငါ့ယောက္ခမက. . . ပိုက်ဆံချမ်းသာတယ်၊ အဲဒီတော့ သူ့မြေး ဘာလိုချင်လဲ အကုန်ရ၊ အကုန်ဖြစ်၊ အဲ့ခနဲ. . သဲ့ခနဲ ဆိုတာ မကြားစေရဲ

www.burmeseclassic.com



အချိန်အခါ မရွေးနဲ့၊ သူတို့မြေးက အခုဆို အခုပဲ၊ ညအိပ်တာတောင် ကားစီးရင်း အိပ်ချင်ပါတယ်ဆိုလို့. . . ကားပေါ်မှာ အိပ်ယာပြင်ပြီး ထွက်မောင်းပေးရတယ်၊ အိပ်ပျော်သွားမှ. . . ပြန်လာပြီး အိမ်ပေါ် ရွှေ့သိပ်တယ်၊ ထမင်းတစ်လုပ်ကို ဟင်းတစ်မျိုးနဲ့မှ စားချင်တယ်ဆိုလို့ ဟင်းကို. . အမျိုးနှစ်ဆယ်လောက် လုပ်ထားရတယ်၊ ကစားစရာ လိုချင် တယ်ဆိုလို့ အဘိုးအဘွား နှစ်ယောက်စလုံး လိုက်သွားပြီး ဝယ်ပေးတယ်၊ ဈေးဝယ်တဲ့ တွန်းလှည်းတစ်စီးစာ မပြည့်မချင်း မကျေနပ်ဘူး၊ ကစား စရာအတွက် ကောင်တာမှာ ဘီ(လ်)ရှင်းတာ နှစ်သိန်းနဲ့ ခြောက်သောင်း တဲ့ကွာ. . .

ပြီးခဲ့တဲ့အပတ်က သူ့အဖိုးနဲ့ ငါ့အခန်းကို ရောက်လာတယ်. . . ဘောလုံးကန်တာ. . ငါ့ဆေးဘူးတွေ တက်နင်းပစ်လို့. . . သား အဲ့ဒါ မလုပ်ရဘူး၊ ဖေဖေ ပန်းချီဆွဲတဲ့ ဆေးဘူးတွေလို့ ပြောတာကို ပြောရ မလားဆိုပြီး. . . ငါ့ဆေးဘူးတွေ ကန်ထုတ်ပစ်တယ်၊ အဲ့ဒါနဲ့ ငါလည်း ခံဆေးလုံးတဲ့ စုတ်တံနဲ့ နှစ်ချက်ဆော်ပစ်လိုက်တယ်. . . အဲ့ဒီမှာ သူ့ မြေးကို ရိုက်ရမလားဆိုပြီး. . အဖိုးကြီးက. . ငါ့ကို လည်ပင်းလာညှစ် တယ်ကွာ. . . မင်းစဉ်းစားစမ်း ခိုင်မြ၊ ဒါ မြေးကို ချစ်တာလား နှစ်တာ လားလို့၊ သူက မြေးတော်တာ၊ ငါက သားတော်တာကွ၊ သူ့ဘာသာ ရှေ့ပဲ. . ကွပ်ထားကွပ်ထား၊ ဒီကလေးဟာ ဝင်ငွေကလေး မဖြစ်စလောက် ရနေတဲ့. . . ပန်းချီဆရာရဲ့သားပဲ. . ."

ကိုစောတင်မောင် စကားဖြတ်ပြီး. . . တစ်မော့ မော့ပစ်သည်။

"အား. . . ကောင်းလိုက်တာ. . ."

"ဒါဆို ကိုစော ခန့်မှန်းတာ မှားတယ်ပေါ့၊ ဒီဆိုင်က မစုံဘူး ဆိုတာလေ. . ."

"ငါက မစုံဘူးလို့ပဲ ပြောတာ. . . မမူးဘူးလို့ မပြောဘူး၊ အခု မူးနေပြီ. . . အေး၊ အဲဒါ ထားလိုက် ဆက်ပြောမယ်. . အခုတော့ သူတို့

www.burmeseclassic.com



ပိုက်ဆံ. . . သူတို့ ကိုင်သုံးနိုင်သေးလို့ ငါ့သားကို အလိုလိုက်ထားတာ ပြဿနာ မရှိဘူး၊ တတ်နိုင်တာကိုး၊ သူတို့ သေရင်. . . သူတို့ ပိုင်ဆိုင်တာအားလုံး ငါ့သား ဖြုန်းဖို့ ပုံပေးခဲ့မှာလား!၊ သူတို့ မွေးထားတာ သားသမီးငါးယောက်၊ ငါ့မိန်းမက သမီးအလတ်၊ အချိန်တန်ရင် ပိုင်ဆိုင်မှုက ငါးပုံပုံ တစ်ပုံပဲ ရမယ်. . . အဲဒီတစ်ပုံတောင် မိဘအမွေ စားထိုက်ဦးမှ. . . ကောင်းပြီ. . . ရတယ်ပဲထား၊ ငါ့သားလေး ဒီစရိုက် ဒီပုံစံနဲ့ လူဖြစ်လာပြီ၊ အဲ့ဒီပုံစံကို. . . ငါ့ဝင်ငွေနဲ့ ဘယ်လိုဖြည့်ဆည်းမလဲ. . .

ငါစဉ်းစားလို့ ရသလောက် သူတို့ ဆုံးပါးသွားတာနဲ့ ငါ့သား ဒုက္ခရောက်ပြီ ခိုင်မြ. . . သူတို့က သူတို့ရဲ့ နောက်ဆုံး ကျန်နေသေးတဲ့ လူ့ဘဝ သက်တမ်းပါးပါးလေးကို ဒီမြေးနဲ့ ဖြေဖျောက်နေကြတာ. . .၊ အဲ့ဒီစိတ်ဖြေစရာတွေထဲမှာ. . အဆိပ်တွေ ပါနေတယ်ဆိုတာ. . . လုံးဝ မတွေးကြ. . . မတွက်ကြဘူး၊ ဒါကြောင့် ကလေးကို စရိုက်တွေ အရိုးမစွဲခင်. . . ပြင်ချင်တယ်၊ မိဘရဲ့ဘဝအမှန်နဲ့ ယဉ်ကျေးသိမ်မွေ့ စေချင်တယ်၊ ကိုယ့်မျက်စိအောက်မှာထားပြီး. . လောကပါလတရားအတိုင်း နေထိုင်တတ်အောင် ပုံသွင်းပေးချင်တယ်ကွာ. . . အဲ့ဒီမှာ ငါ့မိန်းမနဲ့ ပြဿနာတက်ကြတာ. . နေ့တိုင်း ကလေးကိစ္စနဲ့ တကျက်ကျက် ဖြစ်နေတယ်. . သူ့အတွေးက သူ့မိဘလက်ထဲမှာထားတာ လူတန်းစေ့တယ်ပေါ့

"အစ်ကို. . . ပြောတဲ့အထဲမှာ ငါးသလောက် မပါသေးဘူးနော်"

"အေးပါ. . . အေးပါ. . . "

ကိုစော စကားဖြတ်ရင်း အရက်လက်ကျန်ပါ ဖြတ်ပစ်သည်။

ပြီးမှ. . .

"ငါးသလောက်က ဒီလိုကွ. . မနေ့ညက လင်မယားချင်း စကားများကြပြီး စိတ်ကောက်ကြတယ်၊ မနက်စာလည်း မချက်ဘူး၊ ဘာမှမစားဘဲ နေနိုင်တဲ့သူဆိုတော့. . . တစ်နေကုန် လှိမ့်အိပ်နေတာ၊ ငါဝ



www.burmeseclassic.com

www.burmeseclassic.com



ဆာတတ်တယ်ကွ. . . မချက်တော့ ဆိုင်မှာ ထွက်စားတယ်. . .၊

အဲ့ဒါကွာ. . . ဆိုင်မှာ. . ငါးသလောက်ပေါင်း ဟင်းလေးနဲ့ စားလာတော့. . . သူ့ကို သတိရတယ်ကွ. . . သူက ငါးသလောက်ပေါင်း အရမ်းကြိုက်တာ၊ ဒါနဲ့ မြို့ထဲသွားပြီး အပြန်ကျတော့. . ငါးသလောက် တစ်ကောင် ဝယ်လာခဲ့တယ်၊ လင်မယားချင်းလည်း စိတ်ကောက်ပြေ အောင်ပေါ့ကွာ၊ အိမ်ရောက်တော့ သူက အိပ်တုန်းကွ၊ အဲ့ဒါနဲ့ ငါ့ဘာသာ ပဲ မီးဖိုခန်းမှာ ငါးကို ထားခဲ့ပြီး. . . ရေးလက်စ ပန်းချီကားလေး ဆက် ရေးနေလိုက်တယ်. . အဲ့ဒီချိန်မှာ သူ နိုးလာပြီး မီးဖိုခန်းထဲ ဝင်သွားတယ်၊ တော်တော်ကြာတယ်၊ နောက် ရေချိုးတယ်ကွာ၊ ငါလည်း အလုပ်လုပ်ရင်း အနံ့ကို သတိထားနေတာ၊ ငါးသလောက်ဟင်းအနံ့ လုံးဝမရလို့. . သူ အဝတ်လဲပြီး ပြန်ထွက်လာတော့ မေးလိုက်တယ်ကွ. . အဲ. . အသံက. . . စိတ်ကောက်ထားတာဆိုတော့ ပြေပြေလျော့လျော့တော့ မဟုတ်ဘူးပေါ့ ကွာ. . .၊

"တဲ. . မင်းဘာလုပ်မှာလဲ. . ပေါင်းမှာလား မပေါင်းဘူးလား!" လို့ မေးလိုက်တာ. . . "မပေါင်းဘူး. . မပေါင်းဘူး" ဆိုပြီး လွှတ်တော့ တာ. . ခိုင်မြဲ ငါလည်း ဒေါပွပြီး "ဟေ့. . . ပေါင်းချင်ပေါင်း မပေါင်းချင် နေ" လို့ ပြန်အော်လည်း အော်ရော. . .၊ မင်းမြင်တဲ့အတိုင်း အကုန် ပေါက်ခွဲ၊ ရိုက်ခွဲပစ်တော့တာ. . ဟာ. . ငါလည်း ဒါလောက်တောင် ဖြစ်လှ တဲ့မိန်းမဆိုပြီး ဆော်ပစ်တယ်၊ သူလည်း ပြန်ဆော်တယ်၊ ပြီးတော့ ထွက် သွားတော့တာပဲလေကွာ၊ အမှန်တော့ ငါက ငါးသလောက်ကို သူမြင်တယ် ဆိုတဲ့အထင်နဲ့ ပေါင်းမလား. . မပေါင်းဘူးလားလို့ မေးတာ. . . အဲ့ဒါ သူက ငါးသလောက်လို့ မထင်ပဲ ငါ့ကို မပေါင်းဘူးဆိုပြီး. . ဆင်းသွား တာဟေ့"

"ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုတ်တာပဲ ကြားဖူးပါ တယ်ဗျာ. . . ခုဟာက ငါးသလောက်တစ်ကောင်ကြောင့် တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဆန်ကုန်တာကိုး"

ကိုစောတင်မောင် စကားဖြတ်ပြီး. . . စားပွဲထိုးကို လှမ်းခေါ်ကာ ဘီ(လ်)တောင်းလိုက်ပါသည်။ ပြီးမှ. . .

"မင်းကို အားနာပါတယ် ခိုင်မြရာ. . လက်ဖက်ရည်ဆိုင် ထိုင်ပြီး ပြောလည်း ဒီစကားပါပဲ၊ ဒါပေမယ့် တစ်ချို့စကားလုံးတွေက မသိစိတ်နဲ့ အသိစိတ်ကြားမှာ ဘတ်(စ်)ကား တိုးစီးရသလို ညပ်ပြီးကြပ်နေတယ်၊ အသိစိတ်နဲ့ဆို မပြောဖြစ်ပဲ. . မြိုထားမိတယ်၊ ဒါ့ကြောင့် သိစိတ်ကို သူရာနဲ့ မောင်းထုတ်လိုက်အခါ. . . စိတ်ရင်း မသိစိတ်က ပွင့်ထွက်လာတယ်. . . ကျွဲခိုးပေါ် တဲ့စိတ်ပေါ့. . . အမှန်ပြောရဲလာတယ်၊ အဲဒါကြောင့် ဒီလို သောက်၊ ဒီလိုဖွင့်၊ ဒါကြောင့် ဒီလိုနေ့မျိုး သောက်မှ. . မှန်တယ်လို့ ပြောတာ. . . "

သူ ပင့်သက်ရှိုက်ရင်း. . ယိုင်ကနဲထသော စောတင်မောင်ကို ဇတ်ကနဲ ဖမ်းကိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ကဗျာဆရာက ပြောပါသည်။
တာရန်တွေ နဘောတွေဆိုတာ
စာကဗျာကို တောင့်တင်းခိုင်မာအောင်
စွမ်းဆောင်နိုင်ရုံတင် မကဘူး၊
လူရဲ့ကျန်းမာရေးကိုလည်း...
အထောက်အကူပြုပါသတဲ့။
တစ်ည..ဗီသိုဗင် ဖတ်ရင်း မိုးလင်းသွား၍...
အအေးမိကာ ဖျားသည်တဲ့၊
ထိုအခါ...ဗီသိုဗင်နှင့် အသံတူသော
ဒီကိုဂျင်ကို တွေးမိကာ..ဝယ်သောက်၍
ပျောက်သည်တဲ့။
ဗီသိုဗင်...ဒီကိုဂျင်...အင်း...
ဟုတ်တော့..ဟုတ်သား..
ဘုရားရေ...
(မက်ချ်ကွေးရဲ့ဝတ္ထုတွေ..ဖတ်ရင်း
ဖျားလို့...
တြွက်ဆေးသောက်ရင် ဒုက္ခပဲ)



www.burmeseclassic.com

www.burmeseclassic.com



# ( အခန်း – နှစ် )

မနက်ခင်း၏အလင်းက. . ထမင်းဆီဆမ်း ရွှေလင်ပန်းနှင့်တောင်းရသော. . . လပြည့်ည၏အလင်းနှင့် အတော်ကွာခြားပါသည်။ ပြာရီလင်းလဲ့ မဟုတ်ဘဲ. . . လတ်ဆတ်လင်းသန့်လို့နေသည်။ ဘယ်လိုပဲလင်းလင်း ခိုင်မြဲအတွက်တော့. . . မနက်ခင်း ဖြစ်နေဖို့ပဲ လိုပါသည်။

ညဖက် ဘယ်ချိန်အိပ်အိပ်၊ မနက်(၆)နာရီ. . . နိုးဖို့ အသင့်။ မနိုးလည်း ခုနစ်လွှာ တိုက်ခန်းအားလုံး ဝုန်းခနဲ နိုးအောင် နှိုးနိုင်သော နှိုးစက်ကို ဝယ်ထားသည်။

ထိုနှိုးစက်ကြောင့် မြေညီထပ် စတိုးဆိုင်က. . . ဆယ်တန်းကျော်

www.burmeseclassic.com



ရသော ကောင်မလေး နဖူးကွဲပြီး. . . "ခိုင်မြဲ၏နှိုးစက်" ဟူ၍ တိုက်ခန်းတွ
မှာ အတော်နာမည်ကြီးသွားသည်။ ထိုဆိုင်မှာ. . . ဖုန်းရှိသဖြင့် သူ
ဖုန်းဆက်နေကျ ဖောက်သည်ဆိုင်ဖြစ်ကာ. . . ဆိုင်ရှင် ဦးဝင်းရီနှင့်
အတော်ခင်ကြသည်။ တစ်နေ့ ဦးဝင်းရီက. . . သူ့သမီးလေး အရမ်း
အအိပ်မက်ကြောင်း၊ ဒီနှစ် ဆယ်တန်းဖြေမှာမို့လို့ စိုးရိမ်ကြောင်း၊ မနက်
တိုင်း ကျူရှင်ချိန် မီအောင် နှိုးရသည်မှာ အလုပ်ကြီးတစ်ခု ဖြစ်နေကြောင်း
ညည်းတွားလာ၍. . . သူ စေတနာသန့်သန့်နှင့် နှိုးစက်ကို ငှားပေးလိုက်
ပါသည်။

နှိုးစက်က တစ်ပေခွဲ ပတ်လည်ခန့် ရှိသော သေတ္တာပုံးလေးဖြစ်
ပြီး ခုတင်ခေါင်းရင်းမှာ ချိပ်ဆွဲထားရသည်။ သူ နိုးရမည့်အချိန်ကို ရောက်
သည်နှင့် ဘေးနံရံမှ . တံခါးလေး ပွင့်ကာ. . ငှက်ကလေးတစ်ကောင်
ထွက်လာပြီး သာယာညှင်းသွဲ့သော အသံလေးနှင့်. . "ဟိုးဟို. . ဟိုးဟို"
ဟု အော်မြည်ပါသည်။ မနိုးလျှင် ထိုငှက်ပြန်ဝင်ပြီး အခြားတစ်ဖက်. . .
ဘေးနံရံမှ တံခါးဖွင့်ကာ ကြီးကန်းတစ်ကောင် ထွက်ကာ "အား. . အား"
နှင့် အော်တော့သည်။ မနိုးလျှင် ထိုကြီးကန်းပြန်ဝင်၊ တံခါးပြန်ပိတ်ကာ
ကားဟွန်းသံ မြည်သည်။ မနိုးလျှင် ရထားဥဩသံ ကြားရပါသည်။ မနိုး
သေးလျှင် သင်္ဘောဥဩသံကြီး. . "ဘော်. . ဘော်" နှင့် အော်တော့၏။

ဒါမှ. . မနိုးခဲ့လျှင်. . အသံအားလုံး ပျောက်ကာ အပေါ်ဆုံး
အဖုံး. . ဝုန်းခနဲ ပွင့်၍ ရာဘာတူကြီး ထွက်လာပြီး ထုတော့၏။ သူကတော့
အလွန်ဆုံး ရထားဥဩသံလောက်နှင့်ပင် နိုး၍ ပြဿနာမရှိ။

ဦးဝင်းရီသမီးခမျာ. . တူနှင့် အထုခံရ၍. . နဖူးကွဲလေသည်။

စေတနာက ဝေဒနာဖြစ်ကာ. . စိတ်တွေ ဆိုးကြပြီး မိတ်ပျက်
ရသဖြင့်. . ဖုန်းဆိုင်ကိုတောင် ပြောင်းထားလိုက်ရ၏။

ဒီမနက်တော့. . ကိုစောတင်မောင်နှင့် ညက စကားမပြတ်နိုင်ပဲ
ညဉ့်နက်မှ အိပ်ရသဖြင့်. . သင်္ဘောဥဩသံနှင့်ကျမှ နိုးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထုမခံရခင်. . ခလုတ်ပိတ်ပြီး သန့်စင်ခန်းဝင်၊ အဝတ်အစားလဲ။ အခန်းပိတ်၍ ပြေးဆင်းလာခဲ့သည်။ ကတ္တရာလမ်းပေါ် ခြေချမိမှ. . အလင်းဖွင့်ပေးသော မိုးနတ်မင်းကို ကျေးဇူးတင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



**ငွေ**ပွင့်ကာမှ. . ကောင်းကင်က နှင်းတွေကို ခါချတတ်သော ဒီဇင်ဘာအား သူ အလွန်သဘောကျပါသည်။ ငယ်ငယ်တုန်းကတော့ မနက်ငါးနာရီလောက်ဆိုလျှင်. . ကားပေါ် လော်စပီကာ တင်ပြီး. . လမ်းတကာ လှည့်ဖွင့်သော. . ဒီဇင်ဘာ အားကစားလ၏ တစ်ပုဒ်တည်းသော သီချင်းအား. . မညည်းနိုင်ဖွယ် ကြားရသည်။ သီချင်းက. . .

*စောစောအိပ်လို့ × × × စောစောထလို့ × × × စောစောလမ်း လျှောက်ကြပါစို့ × × × ကိုယ်ခန္ဓာ သန့်စွမ်းစေဖို့ × × × စိတ်နှလုံး ရွှင်ပြုံး စေဖို့ × × × သူငယ်ချင်း အပေါင်းအသင်းများနဲ့ × × × ပျော်ဖို့ ရွှင်ဖို့ × × × ကျန်းမာစေဖို့...။*

ထိုအချိန်ကာလတုန်းကတော့. . . တစ်ကယ်ကို စိတ်နှလုံး ရွှင်ပြုံးကာ. . . ပျော်ပါသည်။ မြေးအဖိုးတွေ အိပ်ယာက လူးလဲထ မျက်နှာသစ်ပြီး၊ လိပ်ပြာတောင်. . . ကုန်ပဒေသာဆိုင်က ဝယ်သော ကင်းဘတ်ဖိနပ်ကို စီးကာ လမ်းလျှောက်ထွက်ကြသည်။ ('လိပ်ပြာတောင်' ဆိုသည်မှာ. . . ဆိုင်ရှေ့ အဝင်ပေါက်ရှိ လိပ်ပြာ အတောင်နှစ်ဖက် ပုံဖော်

www.burmeseclassic.com



ထားသော သံပန်းသံတံခါးကို အစွဲပြုကာ ခေါ်ပုံရပါသည်။)၊ အဖွားကာ တော့ ဆွမ်းချက်ဖို့ နိုးထပြီး အိမ်မှာ ကျန်ခဲ့သည်။

မြေးအဖိုးနှစ်ယောက် အိမ်မှ ထွက်သည်နှင့် လေးထောင့်ကန် လမ်းမကြီးဖက် ဦးတည်လျှောက်ပြီး လမ်းမကြီးပေါ် ရောက်သည်နှင့် ငမိုးရိပ်ချောင်းတံတားကြီးအထိ ပြေးတလှည့် လျှောက်တလှည့် ရောက် အောင်သွားကြသည်။ တစ်လမ်းလုံး. . . အခြားသော မိသားစုများ၊ သက် တူရွယ်တူတွေ အုပ်စုများ အဖွဲ့လိုက် ပြေးကြလျှောက်ကြသူများနှင့် အလွန်ပဲ စည်ကားကာ ပျော်စရာကြီး ဖြစ်နေသည်။ ယောက်ျားလေး မိန်းကလေး အုပ်စုနှစ်စု ဆုံသည့်အခါ အော်ကြဟစ်ကြ နောက်ပြောင် ကြနှင့် ဆူညံနေတော့သည်။

ထိုစဉ်က. . သူ၏အရွယ်မှာ အတော်ငယ်သေးသည်၊ ဒီဇင်ဘာ လ တစ်လလုံး ရက်မပျက် လမ်းလျှောက်ထွက်နိုင်အောင် အခြားသူ တွေအား ဘယ်အရာက ဆွဲဆောင်နိုင်သည်တော့ မသိ။ ငယ်လွန်း၍ မတွေးတတ်တာလည်း ဖြစ်သည်။ သူ့အတွက်တော့ ယနေ့ထိတိုင်. . . စွဲထင်နေအောင် ဆွဲဆောင်နိုင်သောအရာမှာ အေဝမ်းလက်ဖက်ရည်ဆိုင် မှ လက်ဖက်ရည်ချိုဆိမ့်နှင့် နံပြားပူပူကြွပ်ကြွပ်လေး ဖြစ်ပါသည်။

လမ်းလျှောက်ပြီး ပြန်လာသည်နှင့်. . ရပ်ကွက်လမ်းထဲ မဝင်ခင် လမ်းထိပ်တွင် ဖွင့်ထားသော အေဝမ်းဆိုင်ထဲ ဝင်ကြသည်။ လက်ဖက်ရည် နှစ်ခွက် နံပြားနှစ်ချပ် မှာကာ. . စားသောက်ကြသည်။ ထိုစဉ်က သောက် ရသော လက်ဖက်ရည် အနံ့နှင့်အရသာမှာ ယနေ့တိုင် စိတ်ထဲ မွှေးပျံ့ နေသော်လည်း. . . ယခုချိန် ဘယ်ဆိုင်ဝင်သောက်သောက် ထိုအရသာ နှင့်အနံ့ကို ပြန်မရနိုင်တော့သည်အား နှမြောလှပေသည်။ အပြန် အဖွား အတွက် လက်ဖက်ရည်နှင့်နံပြား ဝယ်ကာ ပြန်ကြသည်။

ဤကား သူ၏အောက်မေ့ဖွယ်ရာ ဖြစ်တော့သည်။

ယခုလည်း ဒီဇင်ဘာလကြီးထဲ သူ လမ်းလျှောက်လာခဲ့ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သံသုမာလမ်းမကြီးဘေးသာ ရောက်လာသည်။ ကျန်းမာရေး အတွက် သွားလာလှုပ်ရှားသူ တစ်ယောက်မှ မတွေ့။ ဟိုးတုန်းကလို ကားပေါ် စောင်ခြုံလိုက်လာပြီး ကျန်းမာရေးသီချင်း လိုက်ဖွင့်ပေးမည့် သူလည်း မရှိ၊ တစ်လမ်းလုံး. . . 'စောသေးသည်' ဟူသော ခေါင်းစဉ်နှင့် ချောက်ခြားကာ ရှင်းနေသည်။

လမ်းသွယ်ထိပ်တွေ၊ ကားမှတ်တိုင်တွေမှာ သာလျှင်. . ထမင်းချိုင့်ကိုယ်စီနှင့်. . ချမ်းလွန်း၍ ကိုယ်ကလေး ကုတ်ကွေးလျက် ကားစောင့်နေသူများသာ အစုလိုက် တွေ့ရသည်။ ဝမ်းစာအတွက် ဝမ်းမသာနိုင်ဘဲ ဝမ်းနာကာ. . အားတင်းထားသော မျက်နှာတွေနှင့် ဖြစ်လေသည်။

ကားမှတ်တိုင်ကို လွန်သည်နှင့် လမ်းထောင့်မှာ ဖွင့်ထားသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့၏။

"ကျဆိမ့်ရှယ်. . ."

မှတ်မိနေသော စားပွဲထိုးက ကောင်တာဖက် လက်ဖက်ရည် လှမ်းအော်မှာပြီး. . . ကိုယ်ကို. . ငုံ့ကိုင်းလျက် လေသံနှင့်. . .

"အစ်ကိုလေး. . . ဟိုအစ်မကို လာစောင့်တာလား!. . ."

"ဟင်. . ."

ဒီအချိန် မြယွန်းခင်နှင့် နှစ်ယောက်ထဲ ထိုင်နေကျအား သူ သတိထားမိနေပြီး မေးခြင်းဖြစ်လောက်သည်။ သို့သော်. . သူနှင့် သိပ်ရင်းနှီးတာမျိုး မဟုတ်ဘဲနှင့်. . ခုလိုကြီး မေးလာခြင်းအတွက်. . စိတ်ထဲမှာ အနည်းငယ် ရှုပ်ထွေးချင်သွားသည်။ ကောင်လေးက ရှုတည်တည် ဖြစ်သွားသော သူ့မျက်နှာကို ကြည့်ကာ အားနာသွားဟန်နှင့်. . .

"ဒီ. . ဒီလိုပါ. . အစ်ကိုလေး မျှော်နေရမှာစိုးလို့ပါ. . . အစ်မလေးက စောစောကပဲ အစ်ကိုလေးတို့အရွယ်. . အစ်ကိုတစ်ယောက်နဲ့ ကားပေါ် တက်သွားပြီဗျ. . ."

"ဘာရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် ထိပ်ပြာသွားကာ အသံနည်းနည်းမာသွား၍ ကောင်လေး လန့်ပြီး နောက်ဆုတ်သွားသည်။ ထို့နောက် ခေါင်းကုတ်သလို နားယားသလိုနှင့် ဟိုကုတ်သည်ပွတ် လုပ်ပြီး ကောင်တာဖက် လှည့်ထွက်သွားကာ. . မှာထားသော လက်ဖက်ရည် ယူ၍ မဝံ့မရဲ လာချပေးသည်။

"မင်း ငါ့ကို. . . နောက်တာလား ချာတိတ်. . ."

"ဟာ. . . မဟုတ်ဘူး. . . ပြီးတော့ အစ်မလေးမှာ ခါတိုင်းလို ထမင်းချိုင့် မပါဘူး"

ထိုစဉ်. . . တစ်ခြားစားပွဲဝိုင်းများဆီ ဧည့်သည်ဝင်လာသဖြင့် ကောင်လေး စကားဖြတ်ကာ ထိုဝိုင်းဆီ ကူးသွားသည်။ သူကတော့ ရှုပ်ထွေးကျန်ခဲ့သော အတွေးတွေကို လက်ဖက်ရည်နှင့် မျှောချနေရသည်။ မကြည်လင်တော့သော စိတ်အာရုံထဲ နံနက်ခင်းတောင် လင်းတော့မလိုနှင့် အုံ့ပြာကာသွားသည်။

မြယွန်း. . . နောက်ထပ်. . .။

ဟင့်အင်း မဖြစ်နိုင်ပါ၊ မြယွန်းလို ရိုးသားဖြူစင်သော နှလုံးသားမှာ. . . တစ်သက်စာ စွဲထင်ရစ်ပြီးသား 'ခိုင်မြ' ဆိုသော ယောကျ်ားတစ်ယောက်ကလွဲလို့ အခြားမရှိနိုင်တာ. . သေချာသည်။

ပြီးတော့. . မြယွန်းနှင့်သူ ဆုံစည်းမှုက ဘုရားပေးသောဆု ဟုတောင် ပြောနိုင်စရာ။ ကမ္ဘာပေါ်မှာ ရှိခဲ့ဖူးသော ချစ်သူချင်း စတင်ဆုံစည်းမှုမျိုးနှင့် မတူသည့် ဆုံစည်းမှု။

ရင်ပဲ ခုန်ရတော့မလို. . . ရင်ပဲ ကျိုးရတော့မလို အဖြစ်တွေနှင့် ဆုံရသော ဆုံစည်းမှု. . .။ အဲ့သလောက် ထူးထူးခြားခြား ရှူးရှူးမှားမှား ဆုံပြီးမှ. . . ချစ်ခဲ့ရသူတွေ ဖြစ်ခဲ့ရ၍. . . မြယွန်း သူ့ကို သစ္စာမဲ့စရာ အကြောင်း မရှိတာ သေချာသည်။

ဒါဖြင့် ဘာလဲ!. .။

တစ်ခုခုတော့ မှားယွင်းနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . . (၂၀၃) ခရီးသည်တင် ကားတစ်စီး ကွေ့လာကာ ထိုးရပ်သဖြင့် သူ အတွေးဖြတ်ကာ နှစ်ရာတန်တစ်ရွက် စားပွဲပေါ် တင်ခဲ့ပြီး. . . ကားဆီ ပြေးလာသည်။

သူ လုံးဝမတွေးဘဲ တွေးလိုက်မိသည်မှာ. . . မြယွန်းခင် အလုပ်ဝင်နေသော ကားပစ္စည်းအရောင်းဆိုင် ရှိရာသို့ လိုက်သွားဖို့ပင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း ဝေလီဝေလင်းချိန်ကတည်းက. . စိုင်းနှင့်ညီအစ်ကိုများ စားသောက်ဆိုင်ရှေ့၌. . မိန်းကလေး ယောကျ်ားလေး ဆယ်ယောက်ခန့် စုရုံးကာ. . . တစ်ယောက်တစ်ပေါက် ပြောဆိုဆူညံနေကြသည်။

ထိုဆူညံသံများကြား. . တစ်ချက်ချက်. . ကားအင်ဂျင်စက်သံဖျင်း. . ဗမ်း. . နှင့် မြည်လာတိုင်း "ဟေး. . . ဝေး. . ." ဟု အော်မြည်သံပါ တွဲပါလာသဖြင့်. . ထိုဆိုင်၏အနီးဝန်းကျင်မှ အိပ်လို့မရနိုင်ဖြစ်ကာ တံခါးဖွင့်၍ ကြည့်ကြသည်။ တစ်ချို့က ညည်းတွားသံပြုပြီး ပြန်အိပ်ဖို့ကြိုးစားကြသော်လည်း တစ်ချို့က ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့ကြသည်။

မည်သို့ဆိုစေ လူပျိုကြီး ဦးစိုင်းကတော့. . သူ၏ညီဘွား၊ တပည့်များနှင့် ကောင်မလေးအချို့ကို ဦးဆောင်ကာ. . ချောင်းသာ အပန်းဖြေခရီးအတွက် ပြင်ဆင်နေလေသည်။ ကားက. . လွန်ခဲ့သော တစ်ပတ်ကမှ ဦးစိုင်း၏ညီတော်မောင် ကားပွဲစား ပေါ်တော ကိုယ်တိုင်လိုက်ဝယ်ပေးထားသော ကားဖြစ်၍၊ တော်င်းအေ့ အမျိုးအစား. . ရုပ်ထွက်လှသော အဖြူရောင်လေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်း အလင်းဖွင့်လာသော နေခြည်နွေးနွေးအောက်. . အဖြူရောင် ကားအသစ်စက်စက်လေးတစ်စီးနှင့်. . ထိုကားနှင့် လိုက်ပါမည့် အပျံစား ပြင်ဆင်ထားသော ဦးစိုင်းတို့လူစုကို ကြည့်မြင်ကာ. . ရယ်ကွက်သုံးစကားနှင့် 'ရေရေလည်. . . လန်းတယ်' ဟု ပြောနိုင်ပါသည်။ ကောင်မလေးတွေကလည်း လန်ထွက်နေအောင် ပြင်ထားသည်။

ပြဿနာက. . ဝယ်လာပြီးကတည်းက အလွန်အန္တိုးထိုင်းသော ကားအင်ဂျင်ပင် ဖြစ်လေသည်။ ဝေလီဝေလင်းချိန်ကတည်းက စိုင်းမောင်နှင့် ပေါ်တောတို့. . အပေါ် တစ်ယောက် အောက်တစ်ယောက် တိုးကာ နှိုးနေကြသည်မှာ. . နှစ်နာရီတိတိ ကြာသွားသည်။ သုံးလေးကြိမ်လောက် စက်နိုးလာပြီး ပြန်ပြန်သေသွား၍. . . ကားနှင့် ရင်းနှီးကျွမ်းဝင်သော ပွဲစားပေါ်တောက ဦးဆောင်ကာ ပြစ်ချက်ရှာသည်။

ဦးစိုင်း တစ်ယောက် ဗီွတစ်ပူး ကုန်အောင် ထိုင်စောင့်ရင်းက. . စိတ်မရှည်တော့သဖြင့်. . . ကုန်းကွကာ နှိုက်နေသော ပေါ်တော ဘေးသို့ ရောက်လာပါသည်။

"ဟော့ကောင်. . . ဒီနေ့ ချောင်းသာရောက်ဦးမှာလား‼ မရောက်နိုင်ရင်လည်း ငမိုးရိပ်ချောင်းပဲ လမ်းလျှောက်သွားကြကွာ၊ ရှိုးထဲမှပဲ"

"ဟာ. . . ပြီးတော့မှာပါ. . ကိုစိုင်းရ. . ဆီလိုင်းပိတ်နေလို့ပါ အခုပြီးပြီ. . . ကဲ. . ကဲ. . စိုင်းမောင် နှိုးမယ်. . "

"အိုခေ. . . နှိုးပြီ. . . "

"ကစ်. . . ကစ်. . . ကစ်. . ဝူး. . . ဝူး. . . "

"ဝေး. . . ဟေး. . နိုးပြီ. . . ဟား ဟား ဟား"

"ဖြည်းဖြည်းချင်း ခေါ် နင်းကြည့်စမ်း"

"ဝူ. . . ဝူး. . . ဝူး. . . "

"အိုခေ. . . ပစ်ကပ်တက်လာရင် ရပြီ. . ခဏနေး. . ငါ့တစ်ကိုယ်လုံး ပေရေနေပြီ"

www.burmeseclassic.com



"လုပ်မနေနဲ့. . . မင်းကားအကြောင်း မင်းသိရင်. . . ဒီအတိုင်း လိုက်ခဲ့. . . ဟိုရောက်မှ ပင်လယ်ရေနဲ့ ဆေးကွာ. . ကြာလို့. ."

"ဟုတ်တယ်. . . ဦးပေါ မီးတို့ စောင့်ရတာ စိတ်မရှည်တော့ဘူး"

"အေးကွာ. . . ပေါတောရာ. . မင်း ဘွက်ထဲ နစ်နေလည်း ပေါတောပါပဲ. . . လာတက်. . ."

သို့နှင့် ရှေ့ခန်းမှာ. . . ဒရိုင်ဘာ လုပ်မည့် စိုင်းမောင်နှင့် အုံနာ ဦးစိုင်းတို့ ထိုင်ကြပြီး. . အမိုးဖွင့်ထားသော နောက်ခန်း၌ ကောင်မလေး များနှင့် ခင်မောင်တို့ ပေါတောတို့ နေရာယူကြသည်။

"လူစုံပြီလား!. . ."

"အိုခေ. . . စုံပြီ"

"စုံရင် ထွက်မယ်. ."

"ဝူး . ဝူး. . . ဂုတ်. . . ဂုတ်. . . ဂွီ. . ဂတ်. . ဂတ်"

ကားကို ဘီးလှိမ့်ထွက်လိုက်သည်နှင့် အင်ဂျင်ထဲမှ. . . တူသံ ပေသံများ ထွက်ပေါ်လာကာ. . ကားတစ်စီးလုံး. . တစ်ချက်နှစ်ချက် တုန်ခါကာ ရပ်သွား၏။

ဦးစိုင်းမျက်နှာကြီး ပေါက်ထွက်မတတ် နီရဲသွားပြီး. . . (လတ် လှမ်းမှီသမျှ အညစ်အညမ်းများနှင့်) ဗြန်းဗြန်းကွဲ ဆဲဆိုလေတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်သွားချိန်မှာ ဆိုင်တံခါးတောင် တစ်ခြမ်းပဲ ဖွင့်ထားသည်။ တားပစ္စည်း အရောင်းဆိုင် အတော်များများ. . မနက်စောစော ဆိုင်ဖွင့်လေ့ဖွင့်ထ မရှိ။

သူ ဆိုင်ရှေ့မှ. . ဖွင့်ထားသောဘက် ကပ်ရပ်ပြီး လှမ်းကြည့်လိုက်သည်။

အထဲမှာ မြယွန်းနှင့် ဆိုင်အလုပ်သမား နှစ်ယောက်သာ ရှိသည်။

ဆိုင်အလုပ်သမားနှစ်ယောက် ကားကြီး crank shaft များအား မ,ရွှေ့နေခိုက်. . . သူမက လယ်ဂျာစာအုပ် တစ်အုပ်ထဲ ရေးသွင်းနေပါသည်။

ထိုစဉ် အလုပ်သမားတစ်ယောက်က သူ့ကို မြင်သွားပြီး. . .

"မယွန်း. . . ဧည့်သည်. ."

"ဟင်. . မောင်. . . အစောကြီး. . . "

သူမ လွှတ်ခနဲ ပြောပြီးမှ. . . တစ်စုံတစ်ခုကို သတိရသွားဟန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြုံးလိုက်သည်။

"အားကျစ်ရေ. . . ကျွန်မ ဒီနားက လက်ဖက်ရည်ဆိုင်ပဲ. . . သိလား"

"သွားလေ. . . ဒါ ကျွန်တော်တို့ ရွှေ့ထားလိုက်မယ်"

"ဪ. . စောစောက လာလဲထားတဲ့ 110 crank ကို သပ်သပ် ဖယ်ထားနော်. . ."

"စိတ်ချ မယွင်နိး. . . ကျွန်တော်တို့ တစ်ခါပဲ အဆဲခံတော့မယ်"

ထို့နောက်. . . သူမ ကန့်ကလျလေး လျှောက်ထွက်လာကာ. . မှုန်သိုးသိုး ဖြစ်နေသော သူ့မျက်နှာကို ကြည့်ကာ ရယ်၍. . လက်မောင်း ရင်းဆီ ခိုတွဲလျက်. . .

"သွားမယ်လေ. . . မောင်. . စိတ်ဆိုးပြေအောင်. . ရှယ်ကျ ဆိမ့်နဲ့ ချော့ပါ့မယ်. . ခစ်. . ခစ်. . ခစ်"

"မောင်. . . စိတ်မဆိုးပါဘူး. . . နားမလည်တာ"

ပြောရင်းနှင့် သူမနှင့်အတူ ဆိုင်ရှေ့က ထွက်လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်က သူမတို့ဆိုင်နှင့် မျက်စောင်းထိုး လမ်းတစ်ဖက်မှာ ရှိ၍ လမ်းဖြတ်ကူးကြသည်။

ဆိုင်မျက်နှာစာ ခုံဝိုင်းလေးမှာပင် ထိုင်ပြီး. . လက်ဖက်ရည်ကို သူမကိုယ်တိုင် မှာပေးသည်။

ပြီးမှ. . .

"ဒီလို မောင်ရေ၊ မနေ့က. . . ဆိုင်ပိတ်ကာနီးမှ 6102 အင်ဂျင် အတွက် crank shaft တစ်ချောင်း လာဝယ်တယ်၊ ဖြစ်ချင်တော့ BQ အုပ်စုထဲမှာ AQ တစ်ချောင်း ရောပြီးပါလာတယ်၊ BQ နဲ့ AQ က. . . borestroke နည်းနည်းလေး ကွာနေတယ်. . .

ဒီမနက် ခရီးစဉ်အတွက် ညတွင်းချင်း အပြီးလုံးပြီးတင်တာမှ combustion ကျယ်ပြီးမနိုးတော့လို့ 110 crank မှန်းသိပြီး လာလဲကြ



www.burmeseclassic.com

www.burmeseclassic.com



တာ. . . မနက်က မောင့်ကိုတောင် မစောင့်နိုင်တော့ဘူး. . အားကျစ်လာခေါ်လို့ ချက်ချင်းထလိုက်ခဲ့ရတယ် အန်ကယ်ကြီးလည်း ဖောက်သည်ကို အားနာပြီး. . စောစောစီးစီး ပွဲကြမ်းနေတယ်လေ. . . ကဲ. . အဲဒါပဲ နားလည်ပြီလား"

"တော်ပါသေးရဲ့. . ."

သူ၏သက်ပြင်းချ ညည်းညူသံကြောင့် သူမ မျက်လုံးတွေ ဝိုင်းကုန်သည်။

"မောင် မဟုတ်တဲ့ တစ်ယောက်နဲ့ သွားပြီဆိုတော့. . လန့်သွားတာပေါ့. . ."

"ခစ်. . ခစ်. . ခစ်. . မောင်ရယ်. . မြယွန်းဟာ အဲ့သလို အသည်းနုလုံးနုံလားဟင်. . ."

"မောင်လည်း သိပါတယ်. . . ဒါကြောင့် နားမလည်ဘူးလို့ ပြောတာပေါ့. . ."

"ကဲ. . . နားလည်ရင်သောက်၊ ပြီးရင် သွားကြမယ်. . . ဒီမနက် ဆိုင်မှာ opening မကောင်းဘူး မောင်ရေ့. . . ဒါနဲ့ မောင်ရော ဝပ်ရှော့ မဝင်ဘူးလား!. . ."

"ဒီနေ့ အိမ်ကားတစ်စီး လိုက်ပြင်ရမယ်. . . အလုပ်ရုံကိုတော့ ခဏဝင်ရဦးမယ်. . . နေ့လည်လောက် ပြန်ရောက်မယ် ထင်တယ်. . . မောင်ရောက်ရင် ဖုန်းဆက်လိုက်မယ်လေ. . ."

"အင်း. . ."

ဆိုင်က ထွက်မှ. . . နာရီကြည့်မိသည်။

(၈)နာရီ။

ကမ္ဘာမြေကို ကြက်ဥအနှစ်ခဲလေး တစ်ခဲစာလောက်နှင့် ငြိရှိုချင်နေသော နေမင်းကြောင့် နှင်းတွေလည်း လွင့်အာကုန်ပါသည်။

ဘာပဲဖြစ်ဖြစ် လင်းခဲ့ပြီ။

www.burmeseclassic.com



ချစ်သူမျက်နှာအား. . . ရှင်းလင်းစွာ မြင်ရုံမျှမက. . . ရင်ထဲအထိ လင်းနေသော ဒီမနက်ခင်းတို့. . . သူ အလေးပြုလိုက်မိ၏။

(ဂွတ်တယ်. . . ဂွတ်တယ်. .)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း – သုံး )

"ပြ မှာ ခိုင်မြဲ လာပြီ. . ."

ဟာရှင် ပြောရင်းနှင့်. . . ကွမ်းသွေးကို ပစ်ခနဲ ထွေးကာ ကားပေါ် တက်လိုက်သည်။ သူလှမ်းကြည့်လိုက်တော့. . ဟာရှင်နှင့် ကျော်ဇွေးတို့ tools box နှင့် ကားကိုအသင့်ပြင်ကာ စောင့်နေကြပုံရသည်။ ကားက ဝပ်ရှော့ပိုင်ရှင်၏ ဆူဇူကီးပစ်ကပ်လေး ဖြစ်သော်လည်း outdoor ထွက်တိုင်း သုံးနေ၍ အလုပ်ရုံသုံးကားလို ဖြစ်နေပါသည်။

"မြန်မြန်လာဟ. . . နောက်ကျနေပြီ. . ."

"အိမ်မှာ ပျက်နေတဲ့ကားကို သွားပြင်မှာပါကွာ. . . နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



စရာ အကြောင်းမရှိပါဘူး. . .”

“အဲ့ဒီအိမ်က. . . ဖုန်းတဂွမ်ဂွမ် လုပ်နေလို့ အပါကြီး. . . မှုန်နေပြီ. . .”

ကျော်ကွေး စကားမဆုံးခင်. . . အလုပ်ရုံထဲက အပါကြီး ဗိုက်တစ်လုံး ရှေ့ပစ်ပြီး ထွက်လာသည်။ အပါကြီးက ဟာရှင်နှင့် ဦးလေးတော်စပ်သော ကုလားလူမျိုးဖြစ်ပြီး. . ဝပ်ရှော့ပိုင်ရှင်လည်း ဖြစ်သည်။ သူ့မှာ နာမည်ရှိသော်လည်း. . ဝပ်ရှော့အလုပ်သမား အားလုံးက အပါကြီးဟုသာ ခေါ်ကြသည်။

ဘာကြောင့် ခေါ်ရသည် ကိုတော့ သူမသိပါ။ အများကြီး ပါတတ်၍ အပါကြီးဟု ခေါ်သလား တွေးဖွယ်ရာ ရှိပါသည်။ သူ မတွေးဖြစ်ဘဲ. . ကားရှေ့ ယာဉ်မောင်းခန်းထဲ ဝင်ထိုင်လိုက်သည်။

“ခိုင်မြ. . .”

အပါကြီးအသံဖြစ်၍ ခေါင်းပြူပြီး လှည့်ကြည့်လိုက်သည်။ အပါကြီး လျှောက်လာသည်။ အနားရောက်မှ. . .

“အဲ့ဒီအိမ်က ကားက. . . ငါတို့ဝပ်ရှော့မှာ အင်ဂျင်ကိုင်ပြီးမှ ချောင်းလိုက်တဲ့ကားလို့ ဖုန်းထဲမှာ ပြောနေတယ်. . . မင်းသေချာစစ်ခဲ့ဟုတ်ရင်လည်း ကြည့်လုပ်ပေးလိုက်၊ မဟုတ်ရင် ထုံးစံအတိုင်းပဲကွာ. . . သဘောပေါက်လား!. . .”

သူ ခေါင်းညိတ်ပြကာ. . . စက်နှိုးလိုက်သည်။

အပါကြီးက. . . ဟာရှင်အား သူတို့ဘာသာနှင့် ပတွတ်ပတက်ပြောနေပြန်သဖြင့် စောင့်နေရသေးသည်။ ခဏကြာမှ. . . အပါကြီး လက်လှမ်းပြသည်ကို နောက်ကြည့်မှန်မှာ တွေ့ရသဖြင့် ဘီးလိမ့်လိုက်တော့သည်။

ထုံးစံအတိုင်း. . . ဝပ်ရှော့က ထွက်လာပြီး လမ်းထိပ်ရောက်သည်နှင့် ကားရပ်ပေးလိုက်၏။ နောက်ခန်းမှ. . . ဟာရှင်နှင့် ကျော်ကွေး



www.burmeseclassic.com

www.burmeseclassic.com



တို့ ခုန်ဆင်းကာ. . ရှေ့ခန်းထဲ အလုအယက် ဝင်ထိုင်ကြသည်။ ပြီးမှ ဆက်ထွက်ရလေသည်။ ဒါဟာ. . အပြင်ထွက်တိုင်း လုပ်ရသော အကျင့် တစ်ခုလို ဖြစ်နေသည်။ အပါကြီးကလည်း သူ့ကားကို အလုပ်သမားတွေ ခေါင်းခန်းက ထိုင်လိုက်တာ လုံးဝမကြိုက်။ အဆိုးဆုံးက ဟာရှင်. . .။ သူ့ဦးလေးလို သူ့ဒွေးဂိုက်ဖမ်းပြီး ခေါင်းခန်းက ထိုင်ကာ. . . လမ်းကြုံ လျှင် သူကြိုက်နေသော ကုလားမလေး အိမ်ရှေ့က ဖြတ်မောင်းခိုင်းသေး သည်။ ယခုလည်း မြင်သာ. . စီမံကိန်း(၁)ရပ်ကွက်ကို သွားရမည်ဖြစ်၍ မကျစ်လမ်းဘက်က မောင်းခိုင်းပေဦးမည်။

"ဒီကားက. . . ဘာကားလဲဆိုတာ. . . မှန်အောင် ပြောနိုင်ရင် လက်ဖက်ရည်တိုက်မယ်ကွာ. . ."

သူ့စကားကြောင့် ဟာရှင်နှင့်ကျော်ကွေးတို့ ခေါင်းငဲ့ကြည့်ကြ သည်။ ကျော်ကွေးက. . .

"ဘယ်ကားကို ပြောတာလဲ ခိုင်မြ"

"အခု ငါမောင်းတဲ့ကားကို ပြောနေတာ. . ."

"ဟင်. . . ဒါများ. . ဆူဇူကီး ပစ်ကပ်. . . ကွာ"

"မှားတယ်. ."

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ဟဲ. ."

ဟာရှင်က ညစ်ကျယ်ကျယ် ရယ်သဖြင့် ကျော်ကွေး လှည့်ကြည့် ပြီး. . .

"မင်း. . . သိလို့လား!. . ."

"ဟား. . . ကျော်ကွေးရာ. . . ခိုင်မြ လူလည်ကျတာလောက် တော့ ပျင်းတယ်. . . ငါမှန်အောင်ပြောရင်. . . မင်းကောင် တတယ် လက်ဖက်ရည် တိုက်မလားလို့ မေးလိုက်စမ်းပါ. . ဟဲ ဟဲ ဟဲ"

"မှားရင်. . . မင်းပြန်တိုက်လေ. ."

"စိန်လိုက်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ပြော. . . ဒီကားက. . ဘာကားလဲ!. ."

"အပါကြီးကား. . . ဟား. . ဟား. . ဟား၊ ဟုတ်တယ် မဟုတ်လား. . ."

သူ ချက်ချင်းပြန်မဖြေသဖြင့် ဟာရှင်နှင့်ကျော်ကွေးတို့ မျက်လုံးပြူးပြီး ကြည့်ကြသည်။ ခိုင်မြ. . . လေကလေး ချွန်ကာ. . . ကားကို ဖိုးစိန်လမ်းဖက် ချိုးဝင်ရင်း. . .

"လုံးဝမှားတယ်. . ."

"ဘာ!!. . . ."

ဟာရှင်၏ မကျေမနပ်. . .'ဘာ' ဆိုသော အသံကြီးက. . . အတော်ကျယ်သော လေလည်သံကြီးလို ပေါ်ထွက်လာပြီးမှ. . . ကျော်ကွေးက စိတ်ဝင်စားသွားသော မျက်လုံးအကြည့်တွေနှင့်. . .

"ဆူဇူကီးလည်း မဟုတ်၊ အပါကြီးကားလည်း မဟုတ်၊ ဒါဖြင့် ဘာကားလဲ!. . ."

"ကုလားကား. . ."

"ဟင်. . ."

ဟာရှင် တံတွေးမြိုချပြီး တံတွေးနင်သလို လည်ပင်းလိမ်သွားသည်။ အသံတောင် မထွက်နိုင်တော့သဖြင့်. . . ကျော်ကွေး တခိခိ ရယ်သည်။ ဟာရှင်. . . မခံတော့၏။

"မင်းက ဘာရယ်တာလဲ!. . ."

"ခိခိ. . . ကုလားကြီး ပိုင်တဲ့ကားဆိုတော့. . . ကုလားကား၊ ခိခိ. . ဟုတ်ပြီ. . ဟုတ်ပြီ. . ငါတို့အိမ်ဘေးက ဦးအစွမ်းကို. . မေးကြည့်ရမယ်. . . ဦးလေး ဝယ်ထားတဲ့ကားက ဘာကားလဲလို့၊ တရုတ်ပြီး ဝယ်ထားတဲ့ကားဆိုတော့ တရုတ်ကား၊ ဟား. . ဟား. . ဟား"

မဂျစ်လမ်းပေါ် ဘီးချလိုက်သည်နှင့် ကွမ်းမြို့ပြီး ရုံ့ထားသော ဟာရှင်မျက်နှာကြီး ပြုံးလာသည်။

www.burmeseclassic.com



"လမ်းထဲ ဝင်မယ်နော်. . . ခိုင်မြ. . . "

"လက်ဖက်ရည် တိုက်မှာလား!"

"အား. . . အေးပါကွာ. . . ဟဲ. . ဟဲ"

ထို့နောက်. . . အလယ်မှာ ထိုင်သော ကျော်ကွေးကို တံတောင်နှင့် တို့၍. . .

"တပည့်ကြီးရေ. . . ဆေးလိပ်နဲ့မီးခြစ်လေး လုပ်ပါဦးကွ"

ကျော်ကွေးက ဒက်ရှ်ဘုတ်ထဲ အဆင်သင့် ထည့်ယူလာသော. . Red Ruby ဘူးကို ယူကာ ပေးလိုက်သည်။

"မီးခြစ်ပါ ပေးလေကွာ"

"ဘူးထဲမှာ. . . . "

ဟာရှင်. . . စီးကရက်ဘူး ဖွင့်ကြည့်ပြီး. . .

"အမယ်. . . တပည့်ကြီး လိမ္မာပုံများ. . ဟတ်. . ဟတ်. . ဟတ်၊ အေး. . အေး မုန့်ဖိုးပေးမယ်၊ မုန့်ဖိုးပေးမယ်. . . အဟတ်ဟတ်. . . "

ဟာရှင်. . . ရယ်ရင်း မောရင်း စီးကရက်တစ်လိပ် ခဲ၍ ဟန်နှင့်ပန်နှင့် မီးညှိလိုက်၏။ ဟာရှင်. . . စီးကရက် မီးညှိသည်နှင့် ကျော်ကွေး မျက်စိစုံမှိတ်ကာ. . သူ့ဘက် လှည့်ထားသည်။ ကျော်ကွေးမျက်နှာ ကြည့်ရသည်မှာ. . ဘီလူး ရှောက်သီးနင်နေသည်နှင့် တူလှသဖြင့် ခိုင်မြက. . .

"မင်း ဘာဖြစ်နေတာလဲ!. . . ကျော်ကွေး"

"ဆေး. . ဆေးလိပ်နံ့. . နံ့ရင်. . ခေါင်း. . ခေါင်းကိုက်လို့. . "

ပုံမှန်တော့ မဟုတ်။

နည်းနည်းထူးဆန်းသည်ဟု သူတွေးနေတုန်း ဟာရှင့်ကောင်မလေး တိုက်ရှေ့သို့ ရောက်လာသည်။ ကောင်မလေး(ကုလားမလေး)သည်လည်း အပြင်ထွက်လာတာနှင့် ကြုံသဖြင့်. . . ဟာရှင် မျက်နှာကြီးအဆီဝင်းလာကာ. . . စီးကရက်ကို အားပါးတရ ရှိုက်ဖွာပစ်လိုက်သည်။

"ပေါင်း. . . "



www.burmeseclassic.com

www.burmeseclassic.com



"သောက်ခွေးဟ. . ."

ကျော်ကွေး. . . မအောင့်နိုင်ပဲ ခွီးခနဲ ရယ်တော့သည်။

ဒီတော့မှ သူ သဘောပေါက်သွားသည်။ စီးကရက်ထဲမှာ ဗျောက် အိုးထည့်ထား၏။

"မှတ်ထား. . . အဲ့ဒါ ငါ့ကို တပည့်ကြီး ခေါ်ချင်ဦး. . ."

"တရုတ်အစုတ်ပလုတ်. . . မင်း ငါ့ကို. . . လုပ်ကြံတယ်"

"ဟင်. . . ကုလားအစုတ်ပလုပ်. . . မင်းက ဘာကောင်မို့လို့ ငါ့ကို. . . တပည့်ခေါ်တာလဲ!. . ."

"ကဲ. . ကဲ. . အကြီးကောင်ရော အငယ်ကောင်ပါ တော်ကြကွာ မင်းတို့အမေပြန်လာမှ နို့စို့ကြ"

ဒိုင်စားသွားသဖြင့်. . . ဟာရှင်တို့ အသံတိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



**နှစ်**နာရီ အတွင်းမှာ. . ဖုန်းငါးခါခေါ်ပြီးတာတောင် ဝပ်ရှော့သမားတွေ ရောက်မလာသဖြင့် ဦးစိုင်း စိတ်မရှည်တော့ဘဲ. . . ဘေးမှာရှိနေသော ကော်ခုံကို. . . ပိတ်ကန်ပစ်သည်။

ဂွပ်!!. . .

"အားလားလား. . ."

ကံဆိုးချင်တော့. . . ကော်ခုံက သရက်ပင်အငုတ်ကို ခွစွပ်ထားသဖြင့် ခုံလွင့်မသွားဘဲ. . . ဦးစိုင်းခြေထောက် တလွင့်လွင့် မြောက်တာ ညည်းလေသည်။ ထိုအခိုက် ဖုန်းဆက်ပြီး အိမ်ပေါ်က ဆင်းလာသော စိုင်းမောင်က. . .

"အစ်ကိုကြီး ဘာဖြစ်လို့လဲ!. . ."

"စိတ်တိုလို့. . . စိတ်တိုလို့. . ."

"ဒါဆို ခြေထောက်ချထားလေ. . . ခြေထောက်က ဘာလို့ တိုတာလဲ!. . ."

"တိုချင်လို့ တိုတာကွ၊ ရှီးထဲ. . . ဖုန်းဆက်တာ ဘာပြောလဲ!"

"ဖုန်းမကိုင်ဘူး. . . အစ်ကိုကြီးရာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြာတယ်ကွာ စိုင်းမောင်. . . ဟိုကောင် ပေါ်တော ဘယ်သွား လဲ!"

"ကွမ်းသွားဝယ်မယ်လို့ ပြောသွားတယ်. . ."

"ကျွတ်. . အဲ့ဒီကောင်နောက် လိုက်သွား. . . အနောက်လမ်းထဲ က စက်ဆရာ ကိုတင်ရှိန်ကို ခေါ်လာခဲ့လို့. . ."

"ဘာလုပ်မလို့လဲ!. . ."

"ကိုယ့်ဘာသာ ကိုင်မယ်. . . မင်းလည်း ကားအကြောင်း နား လည်နေတာပဲ. . . စက်ဆရာနဲ့မင်းနဲ့ ပေါင်းရင်. . . ဒီကားလောက်တော့ မြင်လို့ရရမှာပေါ့. . . ဘာလဲ မရဘူးလား!"

"ခင်ဗျာ. . . ဟုတ်. . ရ. . ရပါတယ်"

"ရရင်. . မြန်. . . ဟော ဟိုကောင်လာပြီ၊ ဟေ့. . . ပေါ်တော မြန်မြန်လာစမ်း. . ."

"ဟုတ်. . . လာပြီ အစ်ကိုကြီး"

"ကွမ်းထုတ်ထားခဲ့ အနောက်လမ်းက. . စက်ဆရာ ကိုတင်ရှိန် သွားခေါ်စမ်း. . ."

"ဟုတ်. . ."

ဦးစိုင်းက ကွမ်းထုပ်ထဲက ကွမ်းတစ်ရာ ထုတ်ဝါးပြီး. . .

"ကဲ. . . စိုင်းမောင်. . တူးဗေါက်ယူ၊ ဖြုတ်သင့်တာဖြုတ် လုပ် သင့်တာ လုပ်တော့. . ."

အိမ်မှာ ဦးစိုင်းက အစ်ကိုအကြီးဆုံးလည်းဖြစ်၊ မိသားစု စား ဝတ်နေရေးအား ဦးဆောင်ရပ်တည်ပေးနိုင်သူလည်း ဖြစ်၍ ဩဇာ ပေါက်လှသည်။ မိဘများ ဆုံးပါးသွားသော်လည်း မိဘများ ရှိစဉ် ကလို. . . ညီအစ်ကိုသုံးယောက် စည်းစည်းလုံးလုံးရှိအောင် ကြင်ဖ ကြီးသဖွယ် အုပ်စီးကာ ထားသည်။ ညီတွေကလည်း သူတို့အစ်ကိုကြီး တောင်ပံခတ်ပြီး အောက်အီးအီးအွတ်စရာ မလိုအောင်. . . အလိုက်သိ



www.burmeseclassic.com

www.burmeseclassic.com



ကာ အရိပ်အကဲ ကြည့်ကြသည်။ အစ်ကိုက ရေဆိုရေ၊ သေဆိုသေ။ အစ်ကိုမျက်နှာငြိုလျှင်. . မိုးပြိုတော့မလောက် ကြောက်ကာ ပြာယာခတ်ကုန်သည်။ ထို့ကြောင့် အစ်ကိုမျက်နှာ ကြည့်ပြီး လိုအပ်သည့် ထောင့်က ဖြည့်ဝင်ကြလေသည်။

တစ်ခါတုန်းက. . . ဦးစိုင်း ကောင်တာထိုင်ရင်း. . . အပြင်က ဖြတ်လျှောက်သွားသော ကောင်မလေးကို. . . သမင်လည်ပြန် လိုက်ကြည့်နေသဖြင့် အငယ်ကောင် စိုင်းမောင်က အလိုက်သိစွာ. . . သူ့ဘာသာ ရည်းစားစာ ရေးပြီး. . . သူ့ဘာသာ လိုက်ပေးသည်။ ပထမတော့ ကောင်မလေးက ငြင်းပါသည်။ နောက်တော့. . စားသောက်ဆိုင်ပိုင်ရှင် လူပျိုကြီး ဦးစိုင်းက ပေးခိုင်းတာဟု ပြောမှ ကောင်မလေးက ယူတော့သည်။ ဒါကို ဦးစိုင်း မသိ၊ စိုင်းမောင်ဘာသာ စာနှင့် အဖြေရအောင် ယူပြီးမှ အစ်ကို ဖြစ်သူကို ပြောပြသည်။ ညီငယ်၏အလိုက်သိမှုက ဦးစိုင်းအား ပီတိဖြာစေသည်။

ဒီအရွယ်ကြီးအထိ ရည်းစားမထားဖူးသော ဦးစိုင်းတစ်ယောက် ညီငယ်၏အလိုက်သိမှုကြောင့် ရည်းစားဦးလေး ရသွားသည်။ ချိန်းတွေ့နိုင်အောင်လည်း. . ညီတွေက စီစဉ်ပေးကြသည်။ တစ်ရက်. . . ကောင်မလေး အလုပ်ကအပြန် တံတားမှာ ဆုံဖို့ ချိန်းလိုက်သည်။ သွားကြသည်။ လူပျိုကြီးလည်းဖြစ်၊ အတွေ့အကြုံလည်း မရှိသဖြင့် ညီတွေကို မေးရသည်။

"တွေ့ရင်. . . ငါ ဘာလုပ်ရမှာလဲဟ!. . "

"နမ်းပေါ့ အစ်ကိုကြီးရ. . "

"ဟေ. . . ဘယ်လိုနမ်းရမှာလဲ!. . . "

"ဟာ. . . နှုတ်ခမ်းလေးကို နမ်းပေါ့. . သိတယ်မဟုတ်လား. . . ရှုပ်ရှင်ထဲကလိုလေ. . . "

"ဩော်. . . အေး ဟေး ဟေး ဟေး. . . "

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကောင်မလေး ရောက်လာသဖြင့် စိုင်းမောင်တို့ ရှောင်ပေးကြသည်။ ထိုညက လမိုက်ညဖြစ်ပြီး မီးပျက်ချိန်နှင့်ကြုံကြိုက်၍. . . အစ်ကိုကြီးတို့စုံတွဲ. . နှစ်ယောက်တစ်ကမ္ဘာ. . သာသာယာယာလေးပဲ ဟု စိုင်းမောင် တွေးကာ. . ပေါ်တောကို ရယ်ဟဟနှင့် ပြောပြသည်။ ပေါ်တောကလည်း ထောက်ခံသည်။ ထိုအခိုက်မှာပင်. . ဦးစိုင်းတို့စုံတွဲ ရှိနေသော အမှောင်ထဲမှ အသံပလံများ ကြားရလေတော့၏။

"ပက္ကျတ်. . . ပက္ကျတ်. . "

"ကု. . . ကု. . . "

"ဟပ်. . . ဟပ်. . ဟပ်ချိုး. . ဟပ်ချိုး. . . "

"ဂေါ်. . . ဂလော. . . ထွီ. . . ငံလိုက်တာ. . . ထွီ. . . "

ကောင်မလေး တစ်ချိုးတည်း ပြေးတော့သဖြင့် စိုင်းမောင်တို့လည်း စိုးရိမ်စိတ်နှင့် ထွက်လာကြကာ သူတို့အစ်ကိုကြီးဆီ ရောက်သွားသည်။

"အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲ!၊ အဆင်မပြေဘူးလား!. . "

"တော်ပါတော့ကွာ. . မီးကလည်း မှောင်နေတော့ကွာ. . ထွီ. . "

"အင်း. . . အဲ. . . အဲ့ဒီတော့. . "

"နှုတ်ခမ်းနဲ့ နှာခေါင်းနဲ့ မှားသွားတယ်"

"ဟင်. . . "

"ကောင်မလေးကလည်း နှာစေးနေတယ်ကွ. . . "

"ဟာ. . . "

သည်နောက်ပိုင်း ဦးစိုင်း ရည်းစားထားရမှာ ကြောက်သွားကာ ကောင်မလေးတွေ ဘယ်လောက်လှလှ သူ့ညီတွေရှေ့မှာ လှည့်ကြည့်ခေါ်၊ စိုက်ကြည့်တာမျိုး ဘယ်သောအခါမှ မလုပ်တော့ချေ။ ထို့အတူ ဦးစိုင်း၏ ရည်းစားဦး ကောင်မလေးကလည်း. . ဦးစိုင်းကို ဖြတ်စာပေးကာ ရှောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တော့. . . စက်ဆရာ ကိုတင်ရှိန်နှင့် ရောက်လာချိန်မှာ စိုင်းမောင်က ရှေ့မီးကြီးနှင့် ရှဲတွေ ဖြုတ်ပြီးနေချေပြီ။ ကိုတင်ရှိန်က သူ၏ လက်သုံးကိရိယာ အိတ်ကလေး. . . ဖုတ်ခနဲချပြီး စိုင်းမောင် ဘေးမှာ ထိုင်လိုက်သည်။

"ကားက ဘာဖြစ်တာလဲ!"

"လုံးဝနှိုးလို့ မရတော့လို့. . ."

"ဟာ. . ကားစက်နှိုးလို့ မရတာနဲ့. . မီးလုံးတွေနဲ့ မဆိုင်ဘူးလေ"

"ဒါတွေ ဖြုတ်ခွာမှ. . . အင်ဂျင်ကို လွတ်လွတ်လပ်လပ် ကြည့်လို့ ရမှာ မဟုတ်လား!"

"မဟုတ်တာကွာ. . ဒီအတိုင်း ဖင်ထိုင်ခုံတွေ လှန်ပြီး ကြည့်လည်း ရပါတယ်. . ."

သို့နှင့် ဖင်ထိုင်ခုံတွေ ဖြုတ်ကြလှန်ကြသည်။ အဆင်မပြေသဖြင့် ဇက်ပါ လှန်ပြီး ကြည့်ကြလေသည်။ ဇက်လှန်ပြီးချိန်မှာ ရှေ့ခန်းထဲက ဖြုတ်စရာဆိုလို့ စတီယာရင်တစ်ခုသာ ကျန်တော့သည်။

"ဩော. . အင်ဂျင်တုံးကြီးက. . ဒီမှာကိုး. . ဟားဟားဟား"

စက်ဆရာ ကိုတင်ရှိန်က အင်ဂျင်ကို သေချာစေ့ငုအောင် ကြည့်ပြီးမှ. . .

"အင်ဂျင်က အလတ်ကြီးပဲကွ. . ကောင်းမှာပါ. . လူမှာ ခါတ်ကြီး လေးပါး ညီညွတ်မှ ကျန်းမာသလို ကားအင်ဂျင်မှာလည်း ဆီ၊ ရေ၊ လေ၊ ဝိုင်. . . ညီညွတ်မျှတမှ ကောင်းမှာ၊ ဆီရှိလား ကြည့်"

"ရှိတယ်. . . အပြည့်ပဲ. . ."

"အိုခေ. . . ရေ. . ရေရှိလားကြည့်. . ."

စိုင်းမောင်က. . . သူ့ရှေ့ရှိ တိုက်ပစ်ကာဘာ အဖုံးဆိုင်းလေး ကို ဖွင့်ကာ ချောင်းကြည့်သည်။ အမှန်တကယ်က ထိုနေရာမှ အင်ဂျင်ဝိုင် ထည့်ရသည်ကို စိုင်းမောင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ရေဗူး မရှိဘဲဗျ၊ ဒီမှာ ချောင်ကလောင်ကြီး. ."

"အေး. . . အဲဒါပဲ၊ ရေဖြည့်. . ."

သွက်လက်ချက်ချာသော ပေါ်တောက ရေတစ်ပုံး ပြေးခပ်ကာ စိုင်းမောင်ကို ပေးလိုက်သည်။ စိုင်းမောင်. . ကျကျနန လောင်းထည့်သည်။ လိုနေသေးသဖြင့် နောက်တစ်ပုံး ထပ်တောင်းကာ အနည်းငယ် ထပ်ဖြည့်ရင်း လျှံကျလာမှ. . . ရပ်ကာ အဖုံးပိတ်လိုက်၏။

"ဆီရပြီ၊ ရေပြည့်ပြီ၊ လေ. . လေကတော့ ပန်ကာလည်ရင် ရမှာပဲ. . . ဝိုင်. . အင်ဂျင်ဝိုင်. . . ရှိမရှိကြည့်. . ."

စိုင်းမောင် အင်ဂျင်ဝိုင် ထည့်သောအပေါက် လိုက်ရှာရင်း. . ရှေ့ရေတိုင်ကီအဖုံးကို တွေ့သွား၍ ဖွင့်ကာကြည့်၏။

"ဟာ. . . အင်ဂျင်ဝိုင် မရှိပဲ. . ရေတွေ ရောက်နေတယ်"

"အေး. . . အဲ့ဒါ ပြစ်ချက်ပဲ၊ အဲဒီရေတွေ စုတ်ထုတ်. . ."

သို့နှင့် စိုင်းမောင်တို့ ညီအစ်ကို. . . ဆီပိုက်လုပ်ဖို့ ဝယ်ထားသော ပိုက်တွေကို ယူလာကာ တစ်ယောက်တစ်လှည့် စုတ်ကြသည်။

"ဟာ. . . သွားပြီကွ. . . ရေကုန်ပြီထင်တယ်"

စိုင်းမောင် ပိုက်ဆွဲနှုတ်ပြီးကြည့်၏။

"အေး. . . ရေကုန်ပြီ၊ အင်ဂျင်ဝိုင်. . အင်ဂျင်ဝိုင် ပုံးသွားယူစမ်း မိုလာပုံး အသစ်ဖောက်. . . ထည့်မယ်ကွာ. . ."

ထို့နောက် မိုလာပုံးအသစ် ဖွင့်ကာ. . . ရေတိုင်ကီထဲ လောင်းထည့်လေတော့သည်။

"အိုခေ. . . ပြည့်သွားပြီ"

စားသောက်ဆိုင်ရှေ့ ကားရပ်သံကြောင့် ဦးစိုင်း ကွမ်းသွေးပစ်ခနဲ လှည့်ထွေးရင်း လှမ်းကြည့်သည်။

"ကြည့်ရတာ ဝပ်ရှော့က ထင်တယ်. . ."

ဦးစိုင်း ညည်းတွားသလို ပြောရင်းက. . . ထရပ်ကာ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာမက်. . . ဝပ်ရှော့ကလားဟေ့!. . ."

"ဟုတ်ပါတယ် ခင်ဗျာ. . ."

ခိုင်မြကး . ယဉ်ကျေးစွာ ပြန်ဖြေပြီး လျှောက်လာသည်။ နောက်က ဟာရှင်နှင့်ကျော်ကွေးတို့ tools box ကို နှစ်ယောက်ဆွဲကာ လိုက်လာကြသည်။

"အေး. . . မင်းတို့ကို စောင့်ရတာ စိတ်မရှည်လို့ ငါ့စက်ဆရာ ခေါ်ပြီး လုပ်ခိုင်းနေတယ်. . ."

ခိုင်မြ ခေါင်းတိုးဝင်ကာ ကြည့်လိုက်၏။ တိုက်ပစ် ကာဘာဖုံးပေါ် ရေတွေ စိုနေပြီး ရေတိုင်ကီပေါ် အင်ဂျင်ပိုင်တွေ ဖိတ်ပေနေသဖြင့် အဖုံးတွေ လိုက်ဖွင့်ကြည့်သည်။

(ဘုရား. . . ဘုရား. . .)

"ကြည့်မနေနဲ့ မောင်ရင်. . လိုအပ်တာ အကုန်ဖြည့်ထားပြီးပြီ"

အသံလာရာ လှမ်းကြည့်လိုက်တော့. . ဖြူဖြူပုပု ဂင်တိုတိုနှင့် ဗူရိုလ်ကို တွေ့ကာ လက်ထဲမှာလည်း ၁၂-၁၃ ဂွတစ်ချောင်း ကိုင်ကာ. . တန်ပါပါ ရပ်နေ၍ စက်ဆရာဟု ခန့်မှန်းပြီး. . .

"ခင်ဗျားက. . . စက်ဆရာလား!"

"ဟုတ်တယ်ဗျာ. . . ဒီရပ်ကွက်မှာ စက်ဆရာ တင်ရှိန်ဆိုရင် လူတိုင်းရှိန်တယ်. . ကလေးကအစသိတယ်. . ဌဲ ဌဲ"

"အခု ပြီးပြီလား!. . ."

"ဘယ်ပြီးဦးမှာလဲ. . . နိှုးရဦးမယ်"

"ကဲ. . . နိှုးဗျာ၊ ပြီးရင်ပြော. . ."

"အောင်မာ. . ပြီးတော့ရော. . မင်းတို့က ဘာလုပ်မလို့လဲ!"

"ပြီးရင်သာ ပြောပါဗျာ. . ."

"ဟာ. . . ဒီကောင်၊ ကဲ. . . ပြီးပြီကွာ၊ ဘာလုပ်မလဲ!. ."



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှာ ငမိုးရိပ်ချောင်း ရှိတယ်. . . ချောင်းထဲသာ တွန်းချလိုက်. . . ကျုပ်တို့လည်း ပြန်တော့မယ်. . ."

ခိုင်မြစကားကြောင့် စက်ဆရာမျက်နှာ မည်းသွားကာ. . .

"မင်းစော်ကား လှချည်လားကွ၊ ဟော့. . . ပေါ်တော၊ ဓါတ်ကြိုးလေးပါး စီးမိပြီ. . အဲ. . အဲ. . ဆီရေလေဝိုင် စုံသွားပြီ. . နှိုးစမ်း၊ နိုးသွားလို့ကတော့. . . အဲဒီကောင်ကို ငါလည်ပင်းညှစ်မယ်"

"တော်ပြီ. . . မနှိုးနဲ့၊ မနိုးတဲ့အပြင် ကရိုင်းပါ ကျိုးသွားမယ်"

"ဘာကွ. . . ဘာဆိုင်လို့လဲ!"

"ခဏလေး. . ."

ခိုင်မြက စကားဖြတ်ကာ. . လူတွေ လှည့်ပတ်ကြည့်လိုက်သည်။ ပြီးမှ. . .

"ကားပိုင်ရှင်က. . . ဘယ်သူလဲ!"

"ငါပဲလေ. . . ငါ၊ ဦးစိုင်းဆိုတာ ငါပဲ. . ."

ဦးစိုင်း အသံပြုရင်း ရှေ့တိုးကာ. . . လူလုံးထွက်ပြသည်။

"ဟုတ်ပြီ. . . အစ်ကိုကြီး ကားကို လာပြင်နေတဲ့ စက်ဆရာက ဘယ်ဝပ်ရှော့ကလဲ!. . ."

ထိုအခါ စက်ဆရာက. . .

"မလိုဘူးကွ. . . ငါက. . . လာခေါ်ရင် လိုက်ပြင်တဲ့ဆရာပဲ၊ လျှော့တော့ မတွက်နဲ့ မောင်ရင်၊ ငါက စလုံးရေးကသပ် စက်. . စက်ဆိုအတုန့်ပြင်တဲ့ကောင်ကွ. . . မှတ်ထား. . ."

"ဟုတ်ပါပြီ. . . ဘွဲ့တံဆိပ်တွေ တပ်ပြလည်း တော်ပုံက တော့ပါပဲ၊ ခင်ဗျား ဘာစက်တွေ ပြင်လဲ!. . . ဘယ်ကားတွေ ကိုင်ဖူးလဲ!"

"ဟော့ကောင်. . . ရွာမှာ အပ်ချုပ်စက်၊ ခြွေလှေ့စက် မပြင်ရင်. . တင်ရှိန်လက်နဲ့ လွတ်တယ် မရှိဘူးကွ. . . နားလည်လား. . အခု ရွာနဲ့မြို့ကို. . ဆွဲနေတဲ့ ထော်လာဂျီ ငါကိုင်ထားတာ၊ ရှင်းလား. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဦးစိုင်း၊ ဒီလူကို မောင်းထုတ်မလား!၊ ကားကို မီးရှို့မလား!. . ကြိုက်တာလုပ်. . . "

"ဟမ်. . ."

"ဟမ် မလုပ်နဲ့လေ. . . အင်ဂျင်ဝိုင် ထည့်မယ့်နေရာ ရေထည့်၊ ရေထည့်ရမယ့်နေရာ အင်ဂျင်ဝိုင် ထည့်ပြီး. . . ဘာလုပ်ကြမှာလဲ!"

"ဟာ. . ."

"ဟေ. . အေး. . အဲဒါ. . ဟို. . . "

"အဲ. . ."

ခိုင်မြ ထိုနေရာမှ ထွက်လာသဖြင့် ဟာရှင်နှင့်ကျော်ကွေးတို့ပါ ချထားသော tools box ပြန်မ,ပြီး လိုက်ထွက်လာကြသည်။ ကားရပ်ထားသော နေရာ၏မျက်စောင်းထိုးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိနေသဖြင့် ခိုင်မြ ထိုဆိုင်သို့ တန်းမတ်စွာ လျှောက်သွားကာ လက်ဖက်ရည် လှမ်းမှာပြီး ထိုင်လိုက်သည်။

ဟာရှင်တို့လည်း ကားပေါ် tools box ပြန်တင်ထားခဲ့ကာ သူ့နောက် လိုက်လာကြသည်။

"လက်ဖက်ရည် မှာလေ. . . ပြီးရင်. . မင်းရှင်း၊ ဟာရှင် မင်းရှုံးထားတာ. . . "

"အရေးထဲမှ. . . အခု ဘာဆက်လုပ်ကြမှာလဲ!"

"သူတို့ဘာသာ စဉ်းစားပြီး လိုက်လာလိမ့်မယ်. . . "

ခဏကြာတော့ ဦးစိုင်း ရှုးရှုးရှားရှားဖြစ်ကာ ထွက်လာသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်မှာ ခိုင်မြတို့ ထိုင်နေတာ မြင်သွားပြီး ရှုံ့တွရှုံ့တွနှင့် လျှောက်လာကာ ဝင်ထိုင်လေသည်။ အနားရောက်မှ. . . ဦးစိုင်း အင်္ကျီပေါ် စက်ဆီများ ရေများ ရွှဲပေနေတာ တွေ့မြင်ရတော့သည်။

"အဆင်ပြေသွားပြီလား!. . . "

"တောက်. . . တကယ့်အရှုပ်ထုပ်ကွာ. . . မင်းတို့ကို မခံချင်လို့



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် တက်နှိုးတာ. . . ရေတွေရော ဆီတွေပါ မှုတ်ထွက်ကုန်ပြီ အကုန်ကရိကုန်ပြီ၊ တောက်!. . . ဆက်နေရင် ဆွဲထိုးမိမှာစိုးလို့ ထွက်လာတာ"

ကျော်ကွေးတို့ တခိခိ ရယ်ကြသည်။

သူကတော့. . . ပိုင်ရှင်ကို အားနာစွာ မရယ်ဖြစ်ပါ။

"ငါ မှားတာပါကွာ. . . မင်းတို့ကို သည်းခံပြီး စောင့်လိုက်ရင် ပြီးရော၊ အခု. . . မိုလာတစ်ပုံးလည်း ကုန်ပြီ၊ အင်ဂျင်လည်း ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ဘူး. . ."

"သိပ်လည်း စိတ်မပူပါနဲ့. . . ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

"အားကိုးပါတယ် ညီလေးရာ. . . သောက်ကြစားကြ၊ အစ်ကိုကြီး ရှင်းမယ်၊ ဟော့. . ဟော့. . ဒီမှာ. . မုန့်ပွဲတွေ ချပေး၊ ဆေးလိပ်ပါချ. ."

ဟာရှင်က သူ့ကို လှမ်းကြည့်ပြီး. . .

"တွေ့လား. . . ငါတို့ အလ္လာရှင်မြတ်က သူ့တပည့် သဲ့ဝက ဒုက္ခရောက်မှာကို မလိုလားဘူး. . . အဟတ်ဟတ်"

"ဒါနဲ့များတောင်. . ဆေးလိပ်ထဲ ဗျောက်အိုးပါတယ်လို့ မပြောဘူးနော်. . ."

ဟာရှင်. . သတိရကာ နှာခေါင်းပွတ်လေသည်။ ထို့နောက် မုန့်တစ်ခု လှမ်းယူရင်း. . . ကျော်ကွေးဘက် ခေါင်းငဲ့၍. . .

"အလှည့်ကျရင် နွားမတောင် ရုန်းရသေးတာပဲဆိုတာ မင်းကြားဖူးတယ်နော် ကျော်ကွေး"

"အေးဆေးပါ. . . ကျော်ကွေးတို့က ဆေးလိပ်၊ ကွမ်း၊ အရက် အကုန်တင်းတယ်. . . ငှဲ ငှဲ ငှဲ"

"အေးပါ. . . ကြည့်သေးတာပေါ့"

ထိုအခိုက်. . . ဦးမိုင်းက ခိုင်မြကို စူးစမ်းသလို ကြည့်ပြီး. . .

"ငါ. . မင်းကို မြင်ဖူးနေတယ်ကွာ. . ဘယ်မှာ မြင်ဖူးမှန်းကို မသိ



www.burmeseclassic.com

www.burmeseclassic.com



တာ"

ခိုင်မြ ပြုံးလိုက်ပြီး. . .

"ကျွန်တော် ဒီရပ်ကွက်ကို မကြာခဏ ရောက်တတ်ပါတယ်. . . ဟိုအနောက်လမ်းထဲမှာ သူငယ်ချင်း ရှိတယ်လေ. ."

"ဟုတ်လား. . . ဘယ်သူလဲကွ!. . ."

"အဲ. . ."

ဘယ်သူလဲဆိုတော့ သူ ပြောရခက်သွားသည်။ ဟာရှင်တို့ မပါလျှင်တော့. . ကျွန်တော့်ရည်းစား ရှိတယ်ဟု. . ပြောင်ပြောမိမှာ သေချာသည်။ ဒီကောင်တွေရှေ့မှာတော့ ပြောလို့မဖြစ်။ တစ်ခြားတော့ မဟုတ်ပါ။ ဒီကောင်နှစ်ကောင် ပါးစပ်ထဲ ရောက်သွားလျှင် နားမခံသာအောင် စပြီး ဝပ်ရှော့ထဲ ဖွမှာ သေချာသည်။ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ဝင်နောက်ကျတာမျိုး၊ စောထွက်တာမျိုး ရှိလျှင်တောင် ရည်းစားနဲ့ ချိန်းဖို့ဟု စွပ်ချက်တင်နေကြဦးမည်။ ဒါလည်း ပြဿနာတော့ မဟုတ်။

ပြဿနာက. . . ဝပ်ရှော့ပိုင်ရှင် ဦးဟာမက် ဖြစ်သည်။ ဦးဟာမက် နောက်ခံသမိုင်းက အဘယ်သို့ ရှိခဲ့သည် မသိသော်လည်း ထိုပုဂ္ဂိုလ်ကြီးက မိန်းမ အလွန်မုန်းပါသည်။ ဝပ်ရှော့ပညာ ဘယ်လောက်တော်တော်၊ လူပျိုမဟုတ်လျှင် လက်မခံပါ။ သူ့အလုပ်သမားတွေထဲက. . မိန်းကလေးနှင့် အရှုပ်အရှင်း အသံမျိုး ကြားလျှင်. . . အလုပ်က ထုတ်ပစ်သည်အထိ ဖိုဝါဒကို ထူထောင်ထားသူ ဖြစ်သည်။

"မေးနေတယ်လေ. . . ခိုင်မြ. . . မင်းသူငယ်ချင်း ဆိုတာ"

"ဩော်. . . အင်း. . . ဟိုလေ. . . မြ. . . မြဦးပါ"

"ဘာ. . . မြဦးက မင်းသူငယ်ချင်းလား!"

"အင်း. . . "

အမှန်တော့ ပါးစပ်ထဲ တွေ့သောနာမည်ကို ပြောချလိုက်ခြင်း ဖြစ်သည်။ ဒါကို ဦးစိုင်းက နားမလည်နိုင်အောင် ဖြစ်နေဟာ အနောက်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းထဲမှာ. . သူ ရှမ်းသမ်းပြောလိုက်သော နာမည်နှင့်လူ ရှိနေပြီ. . ဟု သူ မှန်းဆမိသွားသည်။

"ရှိ. . . နေပါဦး၊ မြဦးနဲ့မင်းက ဘယ်လိုရင်းနှီးတာလဲ!"

"ကျောင်းနေဖက် သူငယ်ချင်းပါ အရမ်းခင်တယ်. . ဟဲ ဟဲ ဟဲ"

ပြောလက်စဖြစ်၍ ဆက်ဖြီးပစ်လိုက်သည်။ ဒါကို ဦးစိုင်း ကျီးကြည့်ကြောင်ကြည့် ဖြစ်နေပြီး. . . ပြောင်နေသော ဦးပြီးပေါ် ခူယားကျ သလိုမျိုး မချိမဆန့် ကုတ်ရင်း. . .

"အခု. . ရော မြဦးနဲ့ ခင်တာပဲလား!. . ."

"ဟာ. . သိပ်ခင်တာ အစ်ကိုကြီးရ. . . ကျွန်တော့်စားအိမ် သောက်အိမ်ပဲ. . . တစ်ခါတစ်လေ အိမ်လည်လာရင်း. . မပြန်ဖြစ်ပဲ. . ဒီမှာ ညအိပ်ပြီး မနက်. . ဒီကနေ အလုပ်ဆင်းတဲ့ရက်မျိုးတောင်ရှိတယ် အဲ့သလောက်ခင်တာ. . ."

"ဒါ. . . ဒါဆို စိတ်တူကိုယ်တူတွေပေါ့ ဟုတ်လား!. . ."

"ဒါပေါ့ အစ်ကိုကြီးရ၊ ဘာဖြစ်လို့လဲ!. . ."

"ဘာမှတော့ မဖြစ်ပါဘူး. . အင်းလေ. . . အင်းပေါ့"

ထိုအခိုက်. . . ပေါ်တောနှင့်စိုင်းမောင်တို့ ပေပေလူးလူး ပုံစံတွေနှင့် ရောက်လာကြသည်။ ဦးစိုင်းက. . .

"မင်းတို့ရော. . . လက်ဖက်ရည် သောက်ကြလေကွာ"

"သောက်တော့ဘူး အစ်ကိုကြီး. . ဟို. . ဟို. . ဆရာတော့ ပြန်သွားပြီ. ."

"ပြန်ပစေ. . . ထွီ. . . ရိုက်တောင် လွှတ်ရမှာ. . ."

"ကဲ. . . အစ်ကိုကြီး. . . ကျွန်တော်တို့လည်း စားသောက်ပြီးပြီ ဆိုတော့. . . အလုပ်ကလေး စလိုက်တော့မယ်"

"ဩော်. . အေး. . အေး. . သွား၊ ငါရှင်းပြီး လိုက်ခဲ့မယ်"

သို့နှင့် ခိုင်မြဲတို့ ဆိုင်ထဲက ထွက်ကာ လမ်းတစ်ဖက် စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ ကူးကြသည်။ အလိုက်သိသော ပေါတောတို့ ညီအစ်ကိုက ဟာရှင် တို့ tools box သယ်လာတာကို ကူကာ သယ်ပို့ပေးကြသည်။

"ကဲ. . . ဘယ်က စမလဲ ခိုင်မြ!. . ."

"မင်းက. . . crank case ဝင်ဖောက်ကွာ. . . ကုန်ရင် ဖြုတ်ချ၊ ကျော်ကွေးက ရေဖောက်၊ ဘက်ထရီ. . စစ်. . ."

ဟာရှင်. . . ဝင်ဖြုတ်ရင်း ကျော်ကွေး ကြားအောင် ညည်းပြော ပြောလိုက်သည်။

"ငါ့ကျတော့ ပေပေကျံကျံ ခိုင်းတယ်. . ."

ထိုအခါ ကျော်ကွေးက. . .

"ခိုင်မြက. . . မျှတအောင် ခိုင်းတာပါကွာ. . . ကုလား စက်ဆီ ပေလို့ ဘာပိုထူးမှာမို့လဲ. . . ဖြူဖြူဖွေးဖွေး တရုတ်ကလေး ရေစိုလို့ မထူး ဘူးလေ. . ဟဲ. . ဟဲ. . ဟဲ"

သူ ကြားသော်လည်း မကြားချင်ဟန်ဆောင်ကာ အိတ်ဆောင် မှတ်စုစာအုပ်ကလေး ထုတ်၍ အင်ဂျင်နံပါတ် တိုက်စစ်ကြည့်လိုက်သည်။ သေချာသည်၊ ဒီအင်ဂျင်က ဝပ်ရှော့က ထွက်သွားသော အင်ဂျင်. . .။ နံပါတ်နှင့် ပြင်ဆင်မှုမှတ်တမ်းကို ဆက်ကြည့်သည်။ sleeve, piston, ring set လိုက်. . လဲပေးထားပြီး bearing ပါ ပြန်စစ်ထားသော အင်ဂျင်၊ ပြီးတော့ သူကိုယ်တိုင် စိတ်ကြိုက် လုပ်ပေးထားသော အင်ဂျင်လည်း ဖြစ်သည်။

ထို့ကြောင့်. . သူ သေချာလိုက်ကြည့်ရင်း ဖြစ်တတ်သော ပြစ်ချက် တစ်ခုကို အမှတ်တမဲ့ မြင်လိုက်ရပါသည်။ metering red ဝါယာအဆက် ပြုတ်ကျနေခြင်း ဖြစ်သည်။ လောလောဆယ် ဟိုစက်ဆရာ နှိပ်ကွပ်သွား၍ အင်ဂျင်ထဲ ရေရောက်နေသည့် ကိစ္စ ရှင်းရဦးပေမည်။

ဟာရှင်. . အောက်ဝင်တိုးပြီး. . crank case ဖြုတ်နေတုန်း သူ အပေါ်က tapped cover ဖုံး ဖြုတ်ထားလိုက်သည်။ အပေါ်အောက်

www.burmeseclassic.com



အားလုံးဖွင့်ပြီး ဒီဇယ်လောင်း၍ ဆေးချသည်။ ဦးစိုင်းအား လေမှုတ်စက် ငှါးခိုင်းကာ လေပိုက်နှင့် ထိုးမှုတ်ပစ်သည်။ ပြီးမှ. . အကြိုအကြား ကြွင်းကျန်နေသေးသော. . ဆီကျန် ရေကျန်လေး ခါထွက်သွားအောင် engine ကို starter နှင့် ဆွဲမွှေ့ပစ်လိုက်သည်။ oil pump ပါ ဖြုတ်ချ၍ ဆေးပစ်သည်။

"ဟာရှင်ရေ. . . oil pump ပြန်မတက်ခင် အင်ဂျင်ဝိုင် ထည့်ပြီး လေချူလိုက်ဦးနော်. ."

"ငါသိပါတယ် ကျော်ကွေးရာ. . . မင်းအလုပ် မင်းလုပ်စမ်းပါ"

ပြောရလျှင် ကျော်ကွေးက ဟာရှင်ထက် လုပ်သက်နုသည်။ အင်ဂျင် အပေါ်အောက် ဖွင့်သလို. . . ကျော်ကွေးလည်း ရေဖောက်ချ၊ ရေလောင်း ဆေးကြောပြီး ရေအသစ် ပြန်ဖြည့်သည်။ အင်ဂျင်ပိုင်းက အင်ဂျင်ဝိုင်ဖြည့်ပြီးလို့ နိုးဖို့ အသင့်ဖြစ်နေသည်။ ကျော်ကွေး ရေဖြည့်လို့ မပြီးသေး။ ထို့ကြောင့် ခိုင်မြကာ. . .

"ကျော်ကွေး. . . မင်းရေတိုင်ကီက အဝီစိတွင်းတစ်တွင်း ကုန်တာတောင် ပြည့်ပုံဦးမလား!"

"အေး. . ငါလည်း ရေဆွဲပြီး ဖြည့်နေတာ ဆယ်ပုံးရှိနေပြီ. . ."

"ငတုံး. . အင်ဂျင်. . out let cock မပိတ်ဘဲ. . . ရေဖြည့်လို့ တတော့ မင်းဂျီးဒေါ်ကြီး ခုန်ချတာတောင် မပြည့်ဘူး"

"ဟီးဟီး. . . အေး. . . ငါမေ့သွားတယ်. . ."

အားလုံးအဆင်သင့် ဖြစ်သွားမှ သူ တစ်ကြော့ပြန်စစ်သည်။ metering red cable ကို သေချာဆက်သွင်းပြီး battery cable ခေါင်းတွေပါ. . လှုပ်ကိုင်စစ်ကြည့်သည်။

"ဟာရှင်. . . နှိုးကွာ"

အင်ဂျင်က. . . နှစ်ပတ်ပြည့်အောင်တောင် မလည်ဘဲ နိုးသွားသည်။ ဟာရှင် လွှတ်နင်းနေသဖြင့် တီးတိုးဆဲပြီး သတိပေးရသေးသည်။

www.burmeseclassic.com



"ဟော့ကောင်. . မင်းဘကြီးကား အောက်မေ့နေလား!. . ."

metering red cable လေး ပြုတ်ကျရုံနဲ့ ရှေ့ခန်းတစ်ခန်းလုံး မွစာကြဲအောင် ဖြုတ်ချထားသော ကိစ္စများအား. . . ပင်ပန်းကြီးစွာ ပြန်လုပ်ကြရသည်။

"ဟာရှင်. . မင်းဘကြီးက ပတွတ်ပတက်နဲ့ ပြောပြီး မှာလိုက်တာ ဘာလဲ!. . ."

"အနေအထားကြည့်ပြီး ရေဖန်ခဲ့လို့ မှာလိုက်တာ"

"အဲ့ဒါဆိုလည်း မင်းဘာသာ ကြည့်တောင်းကွာ. . . ငါကတော့ ဒီရပ်ကွက်နဲ့ မကင်းလို့ တောင်းရတာ မကောင်းဘူး. ."

"အေး. . . ပြီးရော. . ."

အားလုံးပြီးသွား၍ ဦးစိုင်းတို့ ညီအစ်ကို. . . ကားကို on test လုပ်ကြသည်။ သူတို့လည်း နာရီဝက်ခန့် လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းလိုက်ရသည်။ ကားပြန်ဝင်လာမှ. . ဟာရှင် လုပ်အားခ သွားရှင်းလာခဲ့သည်။

ခိုင်မြ မျက်နှာပူ၍ လိုက်မသွားဘဲ. . . ဝပ်ရှော့ပြန်မောင်းလာရင်းမှ. . . လမ်းမှာ မေးပါသည်။

"မင်း ဘယ်လောက်ရိုက်လာလဲ!. . ."

"သုံးသောင်းထဲပါကွာ"

"ဟား. . . ကြုံးလှချည်လား!. . ."

"ဒါက. . အပါကြီးကို စာရင်းပြပြီး အပ်မှာ. . ငါတို့သုံးယောက်အတွက် ဆပ်ပြာမှုန့်ဖိုး နှစ်သောင်းချန်ထားတယ်"

"ဟော. . . ."

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



( အခန်း – လေး )

တိုက်ခန်းရှေ့ မြေညီထပ် လှေခါးထိပ် ရောက်မှ သတ်က နာရီကို ကြည့်မိသည်။ (၇)နာရီတောင် ထိုးတော့မည်။ ဒီနှစ် ဆောင်းကိုက မူတော့မလို အေးတော့မလိုနှင့် ကို့ယို့ကားယားနိုင်သော ရာသီ။ မနှစ်က. . ဒီအချိန် ရေမချိုးရဲ ဒီနှစ်တော့. . ချွေးတောင် ပြန်နေသည်။

သုံးလွှာမှာ နေသော ဦးမောင်လှိုင်ဆို ဆောင်းရောက်တိုင်း ဖျတ်ကက် ထူထူပွပွကြီး ဝတ်ပြီး. . တုတ်ကောက်နှင့်. . တိုက်ခန်းရှေ့မှာ လမ်းထွက်လျှောက်တတ်သည်။ ကျန်းမာရေးအတွက်ပေါ့ မဟုတ်. . .။



www.burmeseclassic.com

www.burmeseclassic.com



သူ လမ်းလျှောက်နေတာကို မြင်လို့ နှုတ်ဆက်သူတိုင်းအား ကြွားရန်ဖြစ်သည်။ သူ၏သမီးနှင့်သမက်က ဩစတြေးလျမှာ နေကြသည်။ နှစ်တိုင်းသူ့အဖေအတွက်. . ဝက်သစ်ချသား တုတ်ကောက်နှင့် နှင်းကာဂျက်ကက်ပို့ပေးသည်။

"ဦးလှိုင်. . . လမ်းလျှောက်ထွက်ပြီလားဗျ"

"အေး. . ဟေးဟေး. . သမီးက နိုင်ငံခြားကနေ. . ဒါတွေ ဒါတွေပို့ပေးနေတော့ ဦးလှိုင်ကလည်း ကလေးတွေ စေတနာ အလကား မဖြစ်ရအောင်. . . ဟဲ ဟဲ ဟဲ. . ."

ဒီနှစ်လည်း. . . အမေရိကန် ဖီးဂျက်ကက်နဲ့ သံလွင်သား တုတ်ကောက် ပို့ထားပြန်ပြီဟု ဆောင်းမဝင်ခင်က ကြိုတင်ကြွားထားသည်။ ပြဿနာက ဆောင်းရာသီကုန်လုလု ဖြစ်နေတာတောင် မအေးနိုင်သောဆောင်းကပြားကြောင့် ဦးမောင်လှိုင် ဒေါပွနေရှာပါသည်။ ပူပူ လောင်လောင်ကြီးထဲ ဂျက်ကက်နှင့် တုတ်ကောက်နှင့် ထွက်လို့ကလည်း မဖြစ်။ ဝတ်ကလည်း ဝတ်ချင်။ ထို့ကြောင့် တိုက်ခန်းတံခါး အလုံပိတ်ကာ. . အဲယားကွန်း ဖွင့်ပြီး ဒီဇင်ဘာလ တစ်လလုံး ဘုရားကိုးဆူ လေးကြိမ်ကပ်ပြီး ကိုးနဝင်းပွဲ ကိုးပွဲလုပ်လိုက်ရသည်။ ဘာသာရေးအတွက် မဟုတ်၊ အဲယားကွန်း မိုင်ကုန်ဖွင့်ထားသော အခန်းထဲ ဧည့်သည်ခေါ်သွင်းကာ. . ဆောင်းမကုန်ခင် ဖီးဂျက်ကက်ကို အချိန်မီ ကြွားလိုက်ရခြင်း ဖြစ်တော့၏။

သူ သုံးလွှာ လှေခါးအကွေ့ကိုအရောက် ဦးမောင်လှိုင် သူ့အခန်းထဲက အထွက်နှင့် ကြုံကာ ဦးလှိုင်က. . .

"ဟေး. . . မောင်ခိုင်မြ ပြန်လာပြီလား!. . ."

"ဟုတ်ကဲ့. . . ဦးလှိုင်. . ဒီနေ့ လမ်းလျှောက်မထွက်ဘူးလား!"

"တော်ပါပြီကွာ. . ဟေ့. . ဒါနဲ့ မင်းပစ္စည်းအဟောင်း ရောင်းတဲ့ ဝယ်တဲ့သူ အသိမိတ်ဆွေများ မရှိဘူးလား!. . ."

"ခင်ဗျာ. . . ဘာ. . ဘာအတွက်လဲ. . ဦးလှိုင်!"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်က အသာလက်ကုတ်ပြီး သူ၏တိုက်ခန်းထဲ ခေါ်သွားတာ အခန်းတစ်ခန်းကို ဖွင့်ပြသည်။ အထဲမှာ လမ်းဘေး ဘေထုပ်သည် အထည် ပုံထားသလို ပုံနေသော ရောင်စုံဂျက်ကက်များနှင့် ထိုးထိုးထောင်ထောင် ပြိုပြိုလဲလဲ ဖြစ်နေသော တုတ်ကောက်တွေကို လက်ညှိုးထိုးပြလျက်. . .

"စိတ်နာတယ်ကွာ. . . ဒီနှစ်ဆောင်း မအေးလို့ ငါ. . ဆယ့်နှစ်သိန်းလောက် ကုန်သွားတယ်. . ."

ခိုင်မြ ရယ်ချင်သော်လည်း မရယ်ဖြစ်ပဲ တစ်ရာသီစာ ကြွားလုံးလေးအတွက်. . အမှန်တကယ် နောင်တရနေသော. . ဦးလှိုင်ကို အားနာစွာဖြင့်. . .

"ကျွန်တော့်သူငယ်ချင်းတွေ ချိပ်ဆက်ကြည့်ပါဦးမယ်"

"အေး. . အေး. . မေးကြည့်စမ်းပါဦး. . . ထိုင်ပါဦးကွာ. . . ကော်ဖီလေး သောက်ရင်းပေါ့. . . ."

"ကျေးဇူးပဲ ဦးလှိုင်. . . ကျွန်တော် ရေချိုးချိန် နောက်ကျမှာစိုးလို့ အပေါ်တက်လိုက်ဦးမယ်. . ."

ဦးလှိုင်ကို နှုတ်ဆက်ကာ လေးလွှာသို့ ဆက်တက်လာခဲ့သည်။ လေးလွှာရှိ သူ့အခန်းတံခါးကို ဖွင့်မည်အပြု တစ်ဖက်ခန်းမှ ကိုစောတင်မောင်က. . . .

"ခိုင်မြ. . အိုခေ. . . မင်းကို ငါစောင့်နေတာ"

"ခဏလေး. . . အစ်ကို၊ ကျွန်တော်ရေချိုးလိုက်ဦးမယ်"

သူ ရေချိုး အဝတ်အစားလဲပြီး ကိုစောတင်မောင်၏အခန်းဖက် ကူးလာတော့ ရှင်းလင်းသန့်ပြန့်နေသော. . . ဧည့်ခန်းကြမ်းပြင်ပေါ်မှာ ကိုစောကြီးကိုယ်တိုင် စီမံထားပုံရသော. . အမြည်းစုံနှင့် ယမကာဝိုင်းလေး အား တွေ့ရတော့၏။

"လာကွာ. . . ငါ မင်းကို ညနေစောင်းကတည်းက ဒီဆို ပြင်ဆင်ပြီး စောင့်နေတာ. . ."

www.burmeseclassic.com



"ဗျာ. . . ကျွန်တော်မှ မသောက်တတ်ပဲ. . အစ်ကိုရ"

"အေးပါ. . . ငါသိပါတယ်၊ မင်းက မသောက်တတ်ပေမယ့် စကားပြောတတ်တယ်၊ နားထောင်တတ်တယ်. . . အဲ့ဒါကြောင့် မင်းကို စောင့်တာ. . . လာ. . . ထိုင်. . ."

သူ စိတ်မပါစွာ ဝင်ထိုင်ရင်း အခန်းထဲ လှည့်ပတ်ကြည့်မိသည်။ ဧည့်ခန်းတစ်ခုလုံး မည်သည့်ပစ္စည်းမျိုးမှ ရှိမနေပဲ ပြောင်သလင်းခါနေသည်။ ဟိုတစ်နေ့က လင်မယား ရန်ဖြစ်ပြီး ရိုက်ခွဲ ဖျက်ဆီးတဲ့အထဲမှာ တီဗွီတွေ၊ ရှိုကေ့(စ်)ဘီရိုတွေ မပါ၊ ဆက်တီတွေ မပါ၊ ကျန်တာတွေကတော့ ငမိုးရိပ်တံတားဆိပ်က အမှိုက်ကွင်းလို မွစိခတ်ကုန်သည်။ ယခုမူ ပျက်စီးတာတွေရော၊ မပျက်စီးတာတွေရော ဘာမှမရှိ။ ထို့ကြောင့်. . .

"အစ်ကို. . . ပစ္စည်းတွေရော. . ."

"နေ့ခင်းကပဲ. . . ကားနဲ့ ယောက္ခမ. . အိမ်ရှေ့မှာ သွားပုံထားလိုက်ပြီ. ."

"ဗျာ. . . ဘယ်လို. ."

"ငါတို့ တရားဝင် လက်မှတ်ထိုးပြီး ကွာရှင်းလိုက်ကြပြီလေ၊ ဒီပစ္စည်းတွေက. . . ငါတို့ လက်ထပ်ပွဲပစ္စည်း တစ်ခုမှ မပါဘူး၊ ပါတဲ့ပစ္စည်းတွေက ငါ့ယောက္ခမက သူ့သမီး အိမ်ထောင်ရေး တင့်တယ်ကြီးမြတ်အောင်ဆိုပြီး. . သူတို့ဘာသာ ဝယ်ခြမ်းပြီး လာပို့ထားတဲ့ဟာတွေချည်းပဲ. . ."

"ကိုစောတင်မောင် စကားဖြတ်ပြီး ဂွပ်ခနဲ မော့ချသည်၊ ပြီးမှ အမြည်းတစ်ဖတ် ကောက်ဝါးကာ. . . လက်ညှိုးလက်မတွင် စွန်းပေနေသောဆီကို. . . ပါးစပ်ထဲ ထည့်စုတ်သည်။

"အခု ဟိုအခန်းထဲမှာ. . . ငါပိုင်တဲ့ပစ္စည်း ချန်ထားတယ်၊ မင်းသွားကြည့်လိုက်. . ."

"ရပါတယ် အစ်ကို. . . မကြည့်တော့ပါဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်လိုက်ပါ. . . သွား. . ပြီးမှ ပြန်ထိုင်. . ."

သူ ထကြည့်ရပြန်သည်။ အားနာတာလား၊ ပျော့ညံ့တာလားဆိုတာတော့ သူ သေချာမသိပါ။ ဒါကို တစ်ချို့က လူမှုရေးဟု ခေါင်းစဉ်တပ်ကြသည်။ သူကတော့. . . ချောင်ပိတ်ခံနိုင်သော စိတ်ဝိညာဉ်တစ်မျိုးကို သူပိုင်ဆိုင်သည်ဟု ထင်မြင်မိလေသည်။

ထကြည့်ပြီးမှ. . . ပြန်ထိုင်ရန် ပြန်လှည့်ဖို့ သူမေ့သွားသည်။ အိပ်ခန်းတစ်ခန်းထဲမှာ လေးပေမီးချောင်း လေးချောင်းတိတိ ထွန်းထားပြီး စနစ်တကျ မသိမ်းဖြစ်သော အိပ်ယာ ခြင်ထောင်နှင့် ခြေရင်းနံရံချပ်ပေါ် ရေးဆွဲထားသော ပန်းချီကားအောက် ထင်းရှူးသေတ္တာတစ်လုံး ရှိနေပါသည်။ ထိုသေတ္တာပေါ်တွင် ဆေးဗူးများ၊ စုတ်တံများအား ကျူးကျော်ရပ်ကွက်တစ်ခုလို တင်ထားသည်။

ထိုမြင်ကွင်းများထဲမှ. . . သူ၏စိတ်အာရုံအား ဖြို့ယူနိုင်စွမ်းရှိသောအရာမှာ နံရံဆေးရေးပန်းချီကားကြီး ဖြစ်လေသည်။ ထို့ကြောင့် အခန်းထဲ ဆက်ဝင်လာခဲ့ပြီး ပန်းချီကားအား သေချာကြည့်မိ၏။ ကြည့်လေ နားမလည်နိုင်လေ ဖြစ်နေသော ပန်းချီကားအပေါ် သူ အာရုံရောက်နေတုန်း. . . အခန်းထဲသို့ ကိုစောကြီး လိုက်ဝင်လာပါသည်။

"ဘယ်နှယ့်လဲကွ. . . ငါ့ပန်းချီကား မင်းကြိုက်ရဲ့လား!. . ."

"ဟုတ်ကဲ့. . . ကိုစော ရေးသမျှထဲက ကျွန်တော် မြင်ဖူး သမျှထဲမှာ. . . အညံ့ဆုံးပါပဲ. . ."

"ဟေ. . ."

"ဟုတ်တယ်လေဗျာ. . . ကိုစော ရေးတာ. . ကျွန်တော် အများကြီး မြင်ဖူးတာပဲ. . ပြီးခဲ့တဲ့လက ပြခန်းပို့လိုက်တဲ့. . ကိုရင်တွေ ဆွမ်းခံကြွလာတဲ့ ကားတို့၊ ညနေကမ်းပါးလို့ နာမည်ပေးထားတဲ့ ပန်းချီကားတွေဆို မျက်လုံးထဲကတောင် မထွက်ဘူး. . အခု ဒီကားကြီးက ဘာကားကြီးမှန်းကို မသိတာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကိုစောတင်မောင်. . ပြုံးတော့မလို. . ငိုတော့မလို. . မျက်နှာကြီးကို တင့်ငုံ့ လုပ်၍ နားထောင်ရင်းက. . . ခေါင်းကို ဆတ်ခနဲ မ,တင်ကာ. . .

"ဟုတ်ပြီ. . . သချာတာကတော့ ငါရေးခဲ့သမျှ. . . ပန်းချီတွေထဲမှာ. . . ဒီကားက အသည်းတွေ နှလုံးတွေ ချေပြီး ရေးမှ ပြီးခဲ့ရတဲ့ကားကွ. . . ခိုင်မြရ"

"ဟင်. . . မဖြစ်နိုင်တာ၊ မူးမူးနဲ့ ဆေးခွက်တွေ နံရံပေါ် ပက်ပြီး စုတ်တံနဲ့ ဟိုဆွဲဒီဆွဲ ဆွဲထားတာများ. . . ကိုစောရာ"

"ဟား ဟား ဟား. . . ခိုင်မြ. . ဟား ဟား ဟား ငါက အနုပညာသည်ကွ. . . . "

ကိုစောတင်မောင်. . . အပြင်ပြန်ထွက်သွားပြီး ဖန်ခွက်နှင့် ပုလင်း ဆွဲကာ ပြန်ဝင်လာပါသည်။ ထို့နောက် ပန်းချီကားရှေ့မှာ ထိုင်ချ၍ အရက်ငှဲ့လိုက်သည်။

"ဒီဆေးတစ်ပူးကို နှစ်သောင်းကျော် တန်တယ်. . ခိုင်မြ၊ အဲ့ဒါကို တစ်ပူးချင်း ဝယ်စုပြီး. . . ဟောဒီနံရံမှာ ငါတို့မိသားစုလေး ပြုံးပျော်နေတဲ့ ပန်းချီကားလေး ရေးမယ်လို့ ရည်ရွယ်ထားတာ. . . "

ပြောရင်းက အရက်ခွက်ကို မော့ချသည်။

"အား. . . သချင်းဆိုး အရက်ကလည်း ပြင်းလိုက်တာ. . . အေ့ဖြစ်ချင်တော့. . ဆေးပူးတွေ စုတ်တံတွေ အားလုံးပြည့်စုံသွားတဲ့အချိန်မှာပဲ လင်မယားချင်း စကားများကြ ကွဲကြ. . ပြီကြ၊ အဲဒီတော့ ငါ ဘာပုံရေးရမလဲ. . . မင်းသိလား!"

"မသိဘူး. . . လေ. . . "

"ဒီပုံလေ. . . အခု မင်းမြင်နေရတဲ့ပုံလေကွာ၊ ကြည်နူးပြုံးပျော်နေတဲ့ မိသားစုပုံလေး ရေးဖို့ ဝယ်စုထားတဲ့ ဆေးကို. . . ဒီလို အပူရောင်ပြင်းပြင်း၊ စုတ်ချက်ကြမ်းကြမ်းနဲ့. . . ပရမ်းပတာ ဖြစ်သွားတဲ့ပုံ ရေးရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ. . မင်းသေချာကြည့်စမ်းပါ. . ကွဲသံပြာသံတွေ စုတ်ပြတ်ကြမ်းထော် နေတဲ့ဘဝထဲမှာ ဖြူဖတ်ဖြူရော် တောက်လောင်နေတာတွေဟာ ဟောဒီ ပန်းချီကားထဲမှာ ဘယ်လောက်တောင် ကြေမွပစ်ချွဲနေသလဲလို့. . ."

ခိုင်မြ. . . သက်ပြင်းရှိုက်ပြီး. . . ကိုစောကြီးကို ငုံ့ကြည့်မိသည်။ ဒီအခန်းကို ကိုစောကြီးတို့ မိသားစုလေး ပြောင်းလာကာစက ပျော်ရွှင် ကြည်နူးဖွယ်ရာ မိသားစုလေးအဖြစ် သူ မြင်နေရ၍ အားကျမိတာ အမှန် ဖြစ်သည်။ ငါ အိမ်ထောင်ပြုရင်လည်း ကိုစောကြီးတို့လိုပဲ ပျော်ရွှင်စရာ မိသားစုဘဝလေးဖြစ်အောင် ဖန်တီးရမယ်ဟု ယုံကြည်မျှော်လင့်စွာ. . ဆုံးဖြတ်ထားသည်။ သည်နောက်ပိုင်း. . မငြိမ်းဖွယ်. . အကျယ်ကျယ်. . အိမ်ထောင်ရေးနယ်ပယ်၏ သောကအငွေ့အသက်က သူ့ထံ ကူးစက်ကာ စိတ်မကောင်းဖြစ်ရသည်။ ခုတော့ အပြုံအလဲတွေနှင့်. . . နာကျင်ကြေ ကွဲစွာ ခံစားနေရသော ကိုစောကြီးကို ကြည့်ပြီး. . အိမ်ထောင်ပြုရမှာပင် တွန့်ဆုတ်ချင်လာပါသည်။

ခိုင်မြ ငုံ့ကြည့်နေရင်းက. . . ကိုစောကြီး အသံတိတ်ကာ ခေါင်း ငိုက်စိုက်ကျသွားသဖြင့်. . သူ ပခုံးလှမ်းပုတ်ကာ ခေါ်ကြည့်သည်။

"ကို. . စော. . . ကိုစော. . ."

"အင်. . . အင်း. . .'

ဘယ်အချိန်ကတည်းက ဘယ်လောက်တောင် သောက်ထားသလဲ မသိနိုင်အောင် မူးသွားပြီဖြစ်၍ သူ၏အိပ်ယာပေါ် ရွှေ့တင်ပေးထားခဲ့ကာ အခန်းတံခါး စေ့ထားပေးခဲ့ပါသည်။ သူလည်း အူကြောင်ကြောင်ဖြစ်ကာ ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်လာခဲ့တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တန့်လန့်ခံနေသော ဗေဒါဖုတ်တွေကြား လှေဦးနှင့် တိုးခွဲဝင်သလိုမျိုး..။ တိမ်ကြက်ခွပ်လေးတွေထဲ ဖြတ်တိုးနေသော လလှေကလေးပေါ် ဝင်ထိုင်ပြီး ကောင်းကင်ခရီးထဲ စီးမျောရသည့်ည။

အဖိုးအဖွားများ မရှိတော့ကတည်းက ခြောက်သွေ့ အထီးကျန်နေသော သူ၏ဘဝထဲ. . . မြယွန်းခင် စတင် ဝင်ရောက်လာသည့် ညဟု ဒီလိုမြင်တိုင်း အမှတ်ရစရာ ညမျိုး ဖြစ်လေသည်။ ကောင်းကင်ထဲ လတစ်ခြမ်းပဲ့လေး မြင်တိုင်း. . . ရင်ထဲ တစ်မျိုးလေး ခံစားရတတ်သည်။ ပျော်စရာ၊ စိတ်ပျက်စရာ၊ ရင်ခုန်မက်မူးချင်စရာ၊ သနားဂရုဏာ ဖြစ်စရာတွေ ရောပြွန်းစုပြုံနေသော. . . ထိုတခြမ်းပဲ့လ၏ ညအကြောင်းကား. . . သူ့အတွက်တော့ မတွေးလည်း ပြေးကြည့်သလို မြင်နေရဆဲပင်။

ထို့ကြောင့်. . ခေါင်းအုံးပေါ်မှ ခေါင်းကို အနည်းငယ် မော့လှန်ကာ လရိပ်ကွေးကို စိုက်ကြည့်ငြိမ်သက်ရင်း စောစောက စိတ်လက်ညစ်ညူးစရာများ မေ့ပျောက်ကာ မြယွန်းခင်နှင့် စတင်ဆုံစည်းရသော ညဆီ ရောက်သွားလေတော့သည်။

ထိုနေ့ညနေက. . ဝပ်ရှော့မှာ အင်ဂျင်ကိုင်ပြီး မောင်းစမ်းသောကားက မင်းရဲကျော်စွာ ကုန်းတံတားအဆင်းမှာ head gasket ဖြတ်တာ ထိုးရပ်သွားသည်။ ဟာရင်. . မောင်းစမ်းရင်း ဖြစ်သွား၍ ဖုန်းဆက်လိုက်ခြင်း ဖြစ်သည်။

ထိုကားက. . . လန်ဂျန်းအမျိုးစား ဌာနဆိုင်ရာ ကားဖြစ်တာ ဆိုင်ရာလူကြီးကိုယ်တိုင် သေချာအပ်နှံသွားသဖြင့်. . . အပါကြီးမျက်နှာနီအစ်ပြီး. . bearing ဖမ်းနေသော သူ့ထံ. . လုံးလုံး,လုံးလုံးနှင့် ရောက်လာသည်။

လူသာ အနားရောက်လာပြီး နှာမှုတ်သံ တရှူးရှူးက

“မင်း ငါ့ကို ခွေးဖြစ်အောင် လုပ်တာလား ခိုင်ငြိမ်. .”

“ဗျာ. . .”

www.burmeseclassic.com



တန့်လန့်ခံနေသော ဗေဒါဖုတ်တွေကြား လှေဦးနှင့် တိုးခွဲဝင်သလိုမျိုး..။ တိမ်ကြက်ခွပ်လေးတွေထဲ ဖြတ်တိုးနေသော လလှေကလေးပေါ် ဝင်ထိုင်ပြီး ကောင်းကင်ခရီးထဲ စီးမျောရသည့်ည။

အဖိုးအဖွားများ မရှိတော့ကတည်းက ခြောက်သွေ့ အထီးကျန်နေသော သူ၏ဘဝထဲ... မြယွန်းခင် စတင် ဝင်ရောက်လာသည့် ညဟု ဒီလိုမြင်တိုင်း အမှတ်ရစရာ ညမျိုး ဖြစ်လေသည်။ ကောင်းကင်ထဲ လတစ်ခြမ်းပဲ့လေး မြင်တိုင်း... ရင်ထဲ တစ်မျိုးလေး ခံစားရတတ်သည်။ ပျော်စရာ၊ စိတ်ပျက်စရာ၊ ရင်ခုန်မက်မူးချင်စရာ၊ သနားဂရုဏာ ဖြစ်စရာတွေ ရောပြွန်းစုပြုံနေသော... ထိုတခြမ်းပဲ့လ၏ ညအကြောင်းကား... သူ့အတွက်တော့ မတွေးလည်း ပြေးကြည့်သလို မြင်နေရဆဲပင်။

ထို့ကြောင့်.. ခေါင်းအုံးပေါ်မှ ခေါင်းကို အနည်းငယ် မော့လှန်ကာ လရိပ်ကွေးကို စိုက်ကြည့်ငြိမ်သက်ရင်း စောစောက စိတ်လက်ညစ်ညူးစရာများ မေ့ပျောက်ကာ မြယွန်းခင်နှင့် စတင်ဆုံစည်းရသော ညဆီ ရောက်သွားလေတော့သည်။

ထိုနေ့ညနေက.. ဝပ်ရှော့မှာ အင်ဂျင်ကိုင်ပြီး မောင်းစမ်းသော ကားက မင်းရဲကျော်စွာ ကုန်းတံတားအဆင်းမှာ head gasket ဖြတ်တာ ထိုးရပ်သွားသည်။ ဟာရှင်.. မောင်းစမ်းရင်း ဖြစ်သွား၍ ဖုန်းဆက်လိုက်ခြင်း ဖြစ်သည်။

ထိုကားက... လန်ဂျန်းအမျိုးစား ဌာနဆိုင်ရာ ကားဖြစ်တာ ဆိုင်ရာလူကြီးကိုယ်တိုင် သေချာအပ်နှံသွားသဖြင့်... အပါကြီးမျှတ်နှာ နီအစ်ပြီး.. bearing ဖမ်းနေသော သူ့ထံ.. လုံးလုံး,လုံးလုံးနှင့် ရောက်လာသည်။

လူသာ အနားရောက်လာပြီး နှာမှုတ်သံ တရှူးရှူးက မေးသွား
"မင်း ငါ့ကို ခွေးဖြစ်အောင် လုပ်တာလား ခိုင်ကြီး.."
"ဗျာ..."

www.burmeseclassic.com



"ဗျာမလုပ်နဲ့. . . လန်ဂျန်း. . ဟိုတက်ပြီး ဂတ်စကတ် ပြုတ်သွားပြီကွ. . ."

ရုတ်တရက်မို့ သူ မယုံကြည်နိုင်အောင်ဖြစ်ကာ. . . ထအရပ်ပေါင်ပေါ် တင်ထားသော ပိုက်လုံးက လျှောကျကာ အင်ဂျင်ဘလောက်နှင့် ရိုက်ကန်ပြီး. . . အပါကြီး မြေမပေါ် ကျသွားသည်။

"အား. . . အလာ. . အလာ. . ."

"ဟာ. . ဆော. . . ဆောရီး. . . အပါကြီး. ."

အရှိန်သိပ်မပြင်းသော်လည်း. . ပိုက်လုံးအဖျားက နှုတ်ခမ်းသပ်မထား၍ လွှသွားလို့. . အစွယ်အစောင်းထနေသဖြင့် မြေမ ပန်းကုံးအထက်နား ကွဲသွားသည်။

"ဟာ. . . သွေးတွေ. . . သွေးတွေ. ."

ဘေးက တစ်ယောက်လွှတ်အော်သံကြောင့် အပါကြီး ခုန်ဆွခုန်ဆွ လုပ်နေရာမှ ရပ်ကာ ငုံ့ကြည့်သည်။ သွေးက အတော်များပြီး. . ဖိနပ်ပေါ် မှ ယိုစီးကာ. . . ဖနောင့်နေရာမှ စက်စက်ကျနေတော့သဖြင့် အပါကြီး ဒူးတွေ ညွတ်ခွေကာ. . . အီးခနဲ တစ်ချက်ညည်းပြီး ထိုင်ချပစ်တော့သည်။

"ထွန်းဦး. . . အင်. . အင်ဂျင်ဝိုင်ဗန်း. . ."

သူ သတိလှမ်းပေးသော်လည်း နောက်ကျသွားချေပြီ၊ အပါကြီး၏ ဖင်တုံးကြီးက. . အင်ဂျင်ဝိုင်အဟောင်း ထည့်ထားသော သံကန်လေးထဲ တွက်တိဝင်သွားသည်။

"ဖွမ်. . ."

"အား. . ."

အရှိန်နှင့် ထိုင်ချလိုက်မိသလို. . အရပ်ကြိုးပြုတ် ကျသွား၍ အင်ဂျင်ဝိုင်များ ဖွမ်းခနဲ စင်ထွက်ကာ. . . ဘေးမှာ ရှိနေသော ထွန်းဦး မျက်နှာကြီး မည်းခနဲ ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ အပါကြီး မျက်ဖြူလန်နေပြီ။

"ဟာ. . . အပါကြီး သတိလစ်သွားပြီဟ. . လုပ်ကြပါဦး"

"ဟင်. . . ဒဏ်ရာက ဘယ်လောက်များလို့လဲ!. . ."

"မဟုတ်ဘူး. . သူ သွေးမြင်လို့ မရဘူး. . ဟပ်ရှော့. . ရှိတယ်"

"ဖုန်းဆက်. . အရေးပေါ် ကို ဖုန်းဆက်စမ်း. . ."

"အပါကြီး. . . အပါကြီး. ."

ထွန်းဦး အတင်းဝင်ပွေ့ပြီး အဆက်မပြတ် လှုပ်ကာ ခေါ်သဖြင့် အပါကြီး တအင့်အင့် ညည်းကာ မျက်လုံးပွင့်လာသည်။

"ဟာ. . . သတိရလာပြီ. . အပါကြီး. . အပါကြီး. . သတိ"

"**အား!!. . . . .**"

"အဲ. . ဗျ. . . အပါကြီး. . အပါ. ."

ခိုင်မြ သဘောပေါက်ပြီး ထွန်းဦးကို လှမ်းပုတ်လျက်. . .

"တော်တော့. . . တော်တော့ ထွန်းဦး. . . မင်းလုပ်တာနဲ့ သတိမလည်ပဲ. . . အပြီးလည်သွားလိမ့်မယ်. . ."

"မဟုတ်ဘူးကွ. . . ဒီလိုပဲ လုပ်ရတယ်. . . အရင်တစ်ခါ ငါ အဲ့သလို လုပ်တာ ဆေးရုံတောင်. . . မသွားရဘူး. ."

"ဟုတ်တယ်. . . အခု မလုပ်နဲ့တော့. . ."

"ဘာဖြစ်လို့လဲ. . . စောစောကတောင် သတိရလာတယ်"

"အေး. . . သတိရရချင်း မင်းမျက်နှာကြီး မြင်ပြီး. . . လန့်ပြီး မေ့သွားတာ. . . အားခနဲတောင်. . အော်သွားသေးတယ်. . ."

"အန်. . ."

"ကဲ. . . ဆေးရုံကား စောင့်မနေနဲ့. . . နီးရာဆေးခန်း အမြန်ပို့ အရေးပေါ် ကားလာရင် အဲ့ဒီကို ဆက်ပြီးလွှတ်၊ ကျော်ကြီး ကားသော့ယူ မင်းမောင်းစမ်း၊ လာ. . ကျန်တဲ့လူတွေ. . အပါကြီးကို ပွေ့ထူကြ"

မိနစ်ပိုင်းလေးအတွင်းမှာ. . . အလုပ်ရုံထဲ ရုတ်ရုတ်သဲသဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တုန်ပြီး လူနာပို့သောကား ထွက်သွားမှသာ ငြိမ်သက်ကာ ကျန်ခဲ့သည်။ သူ့ကြောင့် ဖြစ်ရသော်လည်း . . အလုပ်ရုံမှာ အပါကြီး မရှိလျှင် သူရှိမှ ဖြစ်မည်ဖြစ်၍ နေခဲ့ရသည်။

ထိုအခိုက်မှာပင် ဖုန်းဝင်လာပါသည်။ တစ်ခြားမဟုတ် ကားပျက်သောနေရာမှ ဆက်သော ဟာရှင့်ဖုန်းဖြစ်သည်။

"အေး. . . ငါသိပြီ. . ခဏနေ. . ငါရောက်လာမယ်. . အခုလောလောဆယ် အပေါ်ခြမ်း ဖွင့်ထား၊ tools Box ပါသွားတယ် မဟုတ်လား. . ."

". . . . . . . . . . . . . . . . ."

"အေး. . . ပြီးရော၊ ဟော့. . . ရေအရင်ဖောက်ချပြီးမှ ဖွင့်နော်"

". . . . . . . . . . . . ."

"အေး. . . ဒါပဲကွာ. . ငါလာမှ ပြောမယ်. . ."

ခဏကြာတော့ အပါကြီး တင်ခေါ်သွားသောကား ပြန်ရောက်လာသည်။ အပါကြီးတော့ ပြန်မပါ။ ကျော်ကြီး ပြောပြချက်အရ အရေးပေါ်ကားနှင့် လမ်းထိပ်မှာ ဆုံ၍ လူနာလွှဲပြီး ပြန်လာသည်ဟု ဆိုပါသည်။ အပါကြီးနှင့်အတူ ထွန်းဦးတို့ စိန်သောင်းတို့ လိုက်ပါသွားကြသည်။

"ကဲ. . . ကျော်ကြီး၊ မင်း အဲ့ဒီကားနဲ့ အပါကြီး အိမ်ကို ဆက်သွားကွာ. . . အကျိုးအကြောင်း ပြောပြ၊ အိမ်သားတစ်ယောက်နဲ့ ပိုက်ဆံယူပြီး ဆေးရုံကို ဆက်ပြီးလိုက်သွား၊ ထွန်းဦးကို ပြန်လွှတ်၊ လိုအပ်ရင်. . . အလုပ်ရုံမှာ ညအိပ်စောင့်ရမယ်လို့ပြော"

ကျော်ကြီး ထွက်သွားမှ. . . အလုပ်ရုံစောင့် ဦးချက်ကို အလုပ်ရုံအပ်ပြီး taxi တစ်စီး ထွက်ငှါးကာ ဟာရှင့်ဆီ လိုက်လာခဲ့ရသည်။ အရေးကြီးတာတော့. . နှစ်ခုစလုံး အရေးတကြီး ဖြေရှင်းရမည့် ပြဿနာတွေပဲ ဖြစ်သည်။ သူ့ကြောင့် ဖြစ်ရသော အပါကြီးနားမှာ သူရှိဖို့ လိုအပ်သော်လည်း သူမရှိလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် အပါကြီး မရှိသော အလုပ်ရုံမှာ သူ ခိုင်နိုင် ထို အပ်သည်။ ဝပ်ရှော့ဆရာဖြစ်၍ အလုပ်သမားတွေအပေါ် အပါကြီး ကိုယ်စား ညွှန်ကြားပေးနိုင်သည်။ အပါကြီး ပြီးလျှင် ဒုတိယအရေးကြီးဆုံး ပြဿနာက. . "လန်ဂျန်း" ။ မနက်ဖြန် ထုတ်ပေးရမည့်ကားဖြစ်ကာ ဒီနေ့ နေ့လည်ကမှ အပါကြီး ဖုန်းဆက်လိုက်ပြီးဖြစ်၍ မနက်ကို သေချာပေါက် ကားလာယူကြပေမည်။ ထိုကားက မင်းရဲကျော်စွာ ကုန်းတံတား အဆင်းမှာ ငုတ်တုတ်မှေ့နေသည်။ အမှန်တကယ်က. . ဝပ်ရှော့က ကားနှင့် လိုက်ဆွဲပြီး အလုပ်ရုံ ပြန်ထိုးကာ. . . ပြုပြင်သင့်သော အခြေအနေ။

ခက်နေတာက. . . အပါကြီး၏တရားသေအစွဲ။ ထိုအစွဲက အလုပ်ရုံ၏စည်းကမ်းချက်တစ်ခု (လုံးဝ)ခွင့်မလွှတ်နိုင်သော စည်းကမ်းချက်တစ်ခုအဖြစ် ကန့်သတ်ထားသည်။ တစ်ခြားမဟုတ်။ အလုပ်ရုံမှာ ပြုပြင်ပြီး ထွက်သွားသောကားအား အကြောင်းအမျိုးမျိုးကြောင့်. . . လမ်းမှာ ပျက်သည်ကို အလုပ်ရုံထဲ ပြန်ဆွဲသွင်းလာတာမျိုး မလုပ်ရ(လုံးဝ) မလုပ်ရဟု တားမြစ်ထားပါသည်။ ဘာကြောင့်လဲဟု သူ ပြန်မမေးဖြစ်သေးသော်လည်း ဈေးသည် ဈေးဦးလန်တာကို မကြိုက်သလိုမျိုး ရောင်းပြီး ပစ္စည်း ပြန်လဲတာ လက်မခံ ဆိုသလိုမျိုး၊ ကောင်းလို့ ထွက်သွားသောကားအား ပျက်ပြီး ပြန်ဝင်လာတာ မကြိုက်ခြင်းဟု. . နားလည်မိပါသည်။

သူ့စိတ်ထဲ. . ဘဝင်မကျချင်။ သို့တိုင်. . အလုပ်ရှင်၏ဆန္ဒသဘောထားကို ဖီဆန်သော. . အလုပ်သမားတစ်ယောက်၏ ရလာဒ်အား ခံယူနိုင်စွမ်း မရှိသေးသဖြင့် ထိုအံချော်လွဲမှားသော အစွဲအတိုင်း. . . ပျက်သည့်နေရာတွင် လိုက်ပြင်နေရသည်။

သူ့ကို မြင်လိုက်သည်နှင့် ဟာရှင့်မျက်နှာ ဝင်းမှည့်လာပြီး. . တွမ်းသွေး ပစ်ခနဲ လှည့်ထွေးကာ အော်ပြောသည်။

"ခိုင်မြဲရေ. . . မင်း လန်ဂျန်းကတော့ လန်ထွက်နေပြီ"

သူ ရောက်သွားချိန်မှာ. . ဟာရှင် ကားခေါင်းလှန်ပြီး ဟတ်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ!. . ."

"မီးထိုးဖြတ်ပြီး. . . ထိုးရပ်သွားတာ. . . ကရိုင်းမကျိုးတာပဲ တံကောင်း. . ."

သူ ခွာထားသော gasket ကို ယူကြည့်ပြီး အသည်းယား သွားပါသည်။ piston ခေါင်းပေါ် ရေရောက်ပြီး တက်ဆောင့်ပစ်လိုက်လျှင်. . .

"ကဲ. . . ဆရာသမား. . တပည့်ကြီး ဘာဆက်လုပ်ရမလဲ!"

"မင်းဘာမှမလုပ်နဲ့တော့၊ လောလောဆယ် ဝပ်ရှော့ကို ရောက်အောင်ပြန်. . . အပါကြီး ဆေးရုံရောက်သွားပြီ. . ."

"ဟင်. . . ဘယ်လိုဖြစ်တာလဲ!"

သူ အတိုချုံ့ပြီး ရှင်းပြလိုက်သည်။

"ဒါဆို. . . မင်းတစ်ယောက်ထဲ ဘယ်လိုလုပ်မလဲ!. . ."

"ရပါတယ်. . . ဟိုမှာ တစ်ယောက်ရှိဖို့ လိုလိမ့်မယ်. . ကဲ. . . သွားတော့၊ အခြေအနေကို ငါ ဖုန်းဆက်မယ်. . ."

အမှန်တော့. . ဟာရှင် မှသွားချင်။ အပါကြီး ဖြစ်နေတော့ တူအရင်းခေါက်ခေါက် တစ်ယောက် လုပ်နေပြီး မသွားလို့လည်း မဖြစ်။ ထို့ကြောင့် ဆုတ်ကန်ကန်နှင့် ကားငှါးကာ ပြန်သွားသည်။ ဒါတောင်. . . တားပေါ်ရောက်မှ ပြစ်ချက်က ဘာလဲဆိုတာ ပြောပြဦးဟု မှာသွားသည်။

အလုပ်ရုံမှာ. . . ဟာရှင်နှင့်ကျော်ကွေး နှစ်ယောက်သာ ပညာရပ်ပေါ် စိတ်ဝင်စားကြသည်။ ပညာတတ်ဖို့ အပင်ပန်းခံကြသည်။ ထွန်းကျော်တို့ စိန်သောင်းတို့အုပ်စုက လစာနှင့် ဘောက်ဆူးကြေးသာ စိတ်ဝင်စားသည်။ အပါကြီး လစ်လျှင် လစ်သလို. . သံကွျတ်နှင့် ကြေးတိုကြေးလေးတွေ အကြံအဖန်လုပ်ဖို့ အပင်ပန်းခံကြပါသည်။

လန်ဂျန်းကလည်း. . ဟာရှင်လို ပညာရှာလိုသူအတွက် စိတ်ဝင်စားလောက်သည်။ အင်ဂျင်ကို. . စပြီးလုံးပါပြီဆိုကတည်းက လန်ဂျန်း၏



www.burmeseclassic.com

www.burmeseclassic.com



ပညာခန်းက မသေးလှ။ ပုံမှန်အရတော့. . . crank shaft pinion, camshaft pinion နှင့် idle pinion တွေမှာ timing mark တွေ ပါပြီး သား. . ဥပမာ AA,BB,CC,A,B,C. . AA နှင့် A တွဲ BB နှင့် B တွဲပြီး CC နှင့် C တွဲလျှင် မှားစရာ မရှိ၊ ဘယ်ကားမှမမှား၊ တစ်ချို့အင်ဂျင်တွေ x, y, z သုံးကြသည်။ ဒါလည်း XX နှင့် X တွဲရုံအပြင် ပိုမထူး။ လန်ဂျန်းနှင့် တွေ့မှ. . ထူးတော့သည်။ ပေးထားသော တိုင်ပင်မာကင်အတိုင်း တွဲပြီး လုံးလို့ကတော့ ထိုအင်ဂျင်. . . မနိုးရေးချ မနိုး။ key Line လည်းမလွဲ၊ ဘယ်လိုမှ. . . နှိုးလို့မရသည့်အဆုံး မြန်မာစက်ပြင်ကြီးများ၏ ရိုးရာနည်း ပညာအတိုင်း. . ကရိုင်းမောက်လျက်၊ ကင်းပက်လက်. . ချိန်ညှိကာ၊ တိုင် ပင်အမှတ်တွေ ဂရုစိုက်မနေဘဲ. . တပ်ဆင်နှိုးမှသာ နိုးတော့သည်။ အရပ် သုံးစကား. . (ဒေါက်ဝီး) ဖြစ်တော့သည်။ လန်ဂျန်းက အဲ့သလို ထူးပါ သည်။ ယခုလည်း piston, sleeve Ring, Main, connecting bearing အသစ်၊ crank shaft standard အသစ်. . . သူကိုယ်တိုင် စိတ်ကြိုက် လုံးပြီး testing stage ပေါ် တစ်နေကုန် ရေလဲ နှိုးထားသောအင်ဂျင်။ အသစ်လုံးထား၍ heat တော့ ရှိသည်။ တစ်နေကုန် အသားကျထားပြီ ဖြစ်၍ ဒီလောက်အထိတော့ မဖြစ်ဟု. . အတွေ့အကြုံ နှင့် ယူဆကာ ကားပေါ် တင်ပေးလိုက်ခြင်းပင်။

မည်သို့ဆိုစေ စစ်ဆေးဖို့ လိုအပ်သည်။ engine over heat ဖြစ်ရသည့် အကြောင်းရင်းအားလုံး အာရုံထဲ ဆွဲသွင်းကာ. . အင်ဂျင် ပြစ်ချက်တစ်ခုတည်း မဟုတ်ဘဲ. . . အခြားဆက်စပ် အစိတ်အပိုင်းမှ ဝန်ပိုဖြစ်ဖွယ်ရာ အခြေအနေကအစ ပြန်စစ်သည်။

အလင်းရောင် ပျောက်သွားပြီဖြစ်၍. . ဘက်ထရီမီးသီး သုံးကာ ဆက်၍စစ်ဆေးသည်။ (၂)နာရီတိတိ ကြာသွားပြီး. . မည်သည့်ချွတ် တစ်စုံတစ်ရာမျှ မတွေ့သဖြင့် စိတ်ညစ်သွားကာ ကားရှေ့ ဖုံးတက်ဘောင် စွန်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖိစီးမှုနှင့် မောကြည့်၍. . လရိပ်ကွေးနှင့် ကောင်းကင်ည လည်း မလှတော့သလို ခံစားရသည်။ ဖြစ်နိုင်လျှင်. . . တလောကလုံးကို အုပ်ဆိုင်းထားသော ထိုအပြာရင့်ရင့်ကြီးအား ဒူးနှင့် ပြေးတိုက်ကာ. . ဖွင့်ဖောက်ပစ်ချင်နေမိသည်။

သွားပြီ. . . ကားမကောင်းလျှင် ဒီည ဒီမှာပဲ မိုးလင်းရတော့မည်။ နောက်တစ်နေ့ ကားလာယူကြမည့် ရှဲ့နဆိုင်ရာအဖွဲ့ကို မျက်နှာပူပေးရဦးမည်။ အပါကြီးရော ဘယ်လိုလဲ။ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်သည့်အဖြစ်မျိုး လောက၌ ရှိတတ်သဖြင့် သူ့အတွက်လည်း စိုးရိမ်စရာ. . .။ အပါကြီးသာ မပြောကောင်းမဆိုကောင်း ဖြစ်သွားလျှင်. . . သူတော့။

သူတစ်ယောက်ထဲ အတွေးစုံနှင့် သွပ်ချာပါဒေါ် လည်ချင်နေတုန်း သူ၏ညာဖက်ဆီမှ ကုန်းတံတားဖက်. . လျှောက်လာကြသော လူတစ်စုကို အမှတ်တမဲ့ မြင်လိုက်ရသည်။

"အမေ. . . ဗိုက်ဆာတယ်"

"တယ်. . . ဒီကောင်လေးနဲ့ သွားမြန်မြန်လျှောက်စမ်း"

"သား လေးနေပြီ. . . ဒီအိတ်ကြီး. . . မနိုင်တော့ဘူး"

"ဟဲ့. . . ဟိုမှာ မိန်းကလေးတွေတောင် အသံမထွက်ဘူး၊ နင်တော့နော်. . ."

"ကဲ. . ပေး. . ပေး၊ မလတ် သယ်ပေးမယ်"

"နိုင်လို့လား. . စပယ်၊ ပေးပေး. . မမကြီး ခေါင်းပေါ် တင်လိုက်စမ်း. . ."

သူ ထိုင်နေရာနှင့် အတော်နီးနီးသို့ ရောက်လာပြီး ရပ်သွားကာ တစ်ယောက်တစ်ပေါက် ဆူညံနေကြမှ. . သေချာကြည့်ဖြစ်သည်။ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်၊ သူ့အရွယ် မိန်းမပျိုတစ်ယောက်၊ စကတ်ဂါဝန် ဝတ်ထားသော အပျိုပေါက်ကလေးနှစ်ယောက်နှင့် ဘယ်နှစ်ဝန်းကျင်

www.burmeseclassic.com



ယောက်ျားလေးတစ်ယောက် ဖြစ်သည်။

ထိုအခိုက်. . . သူနှင့် ရွယ်တူလောက်ဟု ခန့်မှန်းရသော မိန်းကလေးက. . . လက်မောင်းနှစ်ဖက်မှာရော ခေါင်းပေါ်မှာပါ. . ဆွဲအိတ်တွေ ပိန့်အိတ်ထုပ်တွေ ရွက်ပိုးသယ်ရန် ကြိုးစားရင်း. . ခေါင်းပေါ်က အထုပ်က တဘုတ်ဘုတ် ပြုတ်ကျနေတော့၍ သူ မနေသာဘဲ ထလျှောက်သွားသည်။

"ခေါင်းပေါ် တင်မလို့လား!. . ."

"အင်း. . ."

သူ မေးပြီး. . . ပိန့်အိတ်ထုပ်ကို ဆွဲအမ. . .

"အား. . . လေးလှချည်လား. . . ရပ့်မလား!. . ."

"ရတယ်. . . အဲ့ဒါ စာအုပ်ထုပ် ခေါင်းပေါ် ရောက်ရင် ရပြီ"

လက်မောင်းမှာလည်း အိတ်တွေက အသားထဲ ကြိုးမြုပ်အောင် ဆွဲလွဲထားရပြီး. . . ဤမျှ လေးသော အထုပ်ကိုပါ ရွက်ဦးမည် ဖြစ်သဖြင့် သူ စိတ်မကောင်းဖြစ်ကာ မေးမိသည်။ နီးလျှင်တော့ လိုက်ပို့ပေးလိုက်မည်။

"လေးတယ်နော. . . ဒါ ဘယ်အထိ သယ်ရမှာလဲ!"

"သင်္ဘောဆိပ်. . ."

"ဟင်. . ."

ခိုင်မြဲအိတ်ကို မ,ယူလိုက်ပြီးမှ ပြန်ချကာ. . . သူမကို နားမလည်နိုင်သလို ကြည့်မိသည်။ ထိုအခိုက်မှာပင်. . . ကုန်းပေါ်မှ ဆင်းလာသော အားမီးရောင်က သူမမျက်နှာပေါ် လင်းဖြာကျလာ၍. . . ခိုင်မြဲ အသက်ရှူ ရပ်သွားသည်။ (ဘုရားရေ. . . အချောအလှလေးပါလား. . . )။

"ကဲပါ. . . ပင့်မယ်ဆိုလည်း ပင့်ပေးပါ. . . ကလေးတွေလည်း ဆင်ပန်းနေပြီ၊ မနက်သင်္ဘောချိန် မီအောင်. . . လျှောက်ရဦးမှာ. . ."

"ဘာ. . . သင်္ဘောဆိပ်၊ သင်္ဘောဆိပ်ကို. . . လမ်းလျှောက် ကြမှာ. . ."

"အင်းပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . . ဒီ အထုပ်တွေနဲ့. . ."

"ဟောတော်. . . ဘယ်လိုလူနဲ့ လာတွေ့နေလဲ မသိဘူး. . . အမေ. ."

"ဟေ. . ."

"လာ. . . လာပင့်ပေး. ."

ထိုစဉ်. . .

"အိ. . ဟီ. . ဟီး. . ရေသောက်ချင်တယ်. . ဟီး. ."

"ဟဲ့. . . ငတိုး၊ နင်တော့ သေပြီသာမှတ်. . ."

ခိုင်မြ လှည့်ကြည့်လိုက်တော့. . ဆယ်နှစ်အရွယ် ချာတိတ်ကလေး ငိုကာ. . သူ့အမေ ရိုက်တော့မည် သိပြီး ဘေးက ကောင်မလေး စကတ်ကို ဆွဲကာ ကွယ်ရပ်သည်။ မိန်းမကြီးက ခေါင်းပေါ် ရွက်ထားသော အထုပ်ကို ချပြီး ထမိပြန်ဝတ်ခိုက်. . . ချာတိတ်ကလေး သူ့ထံ ပြေးလာကာ ဘောင်းဘီစ ဆွဲကာ ငိုတော့သည်။

"သား. . . ကြောက်ပြီ. . အမေ. . သားကြောက်ပြီ. . သား ရေမဆာတော့ပါဘူး. . . ဟီး. . သား ကြောက်ပီ. . ."

သူ ဘာလုပ်ရမှန်း မသိအောင် စိတ်ရှုပ်သွားသော်လည်း ရေဆာ၍ ငိုသော ကလေးအတွက် စိတ်မကောင်းဖြစ်ကာ. . . လက်ထဲက အထုပ်ကို ချ၍. . . ကလေးကို မချီလိုက်သည်။ သူ့အမေ. . ရိုက်လို့မရအောင် ရည်ရွယ်ခြင်းလည်း ဖြစ်ပါသည်။

"သူ တကယ်ရေဆာလို့ နေမှာပါ အဒေါ်. . ကျွန်တော့်ကားထဲမှာ ရေဗူးပါ,ပါတယ်. . . ကျွန်တော် တိုက်လိုက်မယ်. . ."

ထို့နောက်. . . ကောင်လေးကို ချီလျက်နှင့်. . . ကားနောက်ခန်းဆီ လျှောက်သွားပြီး. . . ရေသန့်ဗူးတစ်ဗူး နှိုက်ယူလိုက်သည်။ ပြီးမှ ကလေးကို အောက်ချကာ. . . ရေဗူးဖွင့်ပေးလိုက်ပါသည်။

"ရော့. . . ချာတိတ်. . . စိတ်ကြိုက်သောက်. ."



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ရေဗူးပေးရင်း. . . ဟိုအဖွဲ့ကိုလည်း သတိရသဖြင့် ကားထဲ ကျန်နေသေးသော ရေသန့်ဗူးနှစ်ဗူးကို ယူကာ သွားပေးသည်။

"အဒေါ်တို့လည်း ခဏနားရင်း. . ရေလေးဘာလေး သောက်ပါဦး. . . "

အဒေါ်ဟု. . . စကားဦး တပ်ပြောသော်လည်း. . . သူနှင့် အနီးဆုံး ရှိနေသော. . မိန်းကလေးထံ ရေဗူးများ ကမ်းပေးလိုက်သည်။

"မယွန်း. . . ညီမလေး သောက်မယ်"

"ညီမလေးလည်း သောက်မယ်. . . "

"ကဲ. . . ခုမှတော့ ငါလည်း ရေတစ်ပေါက်လောက် တိုက်ကြစမ်းပါဟယ်. . . "

ညီအစ်မ သားအမိတစ်တွေ. . . အငမ်းမရ သောက်ကြတာကို ကြည့်ပြီး ဝမ်းသာဝမ်းနည်း ခံစားနေမိသည်။ အထုပ်အပိုးတွေနှင့်. . . သင်္ဘောဆိပ်အထိ လမ်းလျှောက်မည့်ကိစ္စပါ တွေးမိရင်း ဒုက္ခသည်. . . မိသားစုအဖြစ် သူ နားလည်လိုက်ကာ. . မေးမည်အပြု. . .

"ဦး. . . ရေ. . . ရေဗူး. . "

သူ့ဘေးရှိ ချာတိတ် ရေဗူးပေးသဖြင့် သူ ယူကြည့်ပြီး လန့်သွားသည်။ ရေတစ်ဗူးလုံး တစ်စက်မျှ မကျန်အောင် သောက်ပစ်သော ချာတိတ်အား မယုံကြည်နိုင်စွာ ငုံ့ကြည့်မိသည်။ ချာတိတ်ကတော့ ခုမှ နေသာထိုင်သာ ရှိသွားသလို. . . လေချဉ်တစ်ချက်. . . ဂစ်ခနဲ တက်ပြီး သူ့အစ်မတွေဆီ လျှောက်သွားသည်။ ထိုစဉ်အတွင်းမှာပင်. . . ဂါဝန်စကက်နှင့် ကောင်မလေး. . . ရေဗူးနှစ်ဘူး လာပေးသည်။

"ကျေးဇူးပဲ ဦး. . . "

"သြော်. . . ရပါတယ်ကွာ. . . "

ထိုဘူးနှစ်ဘူးလည်း ရေတစ်စက်မျှ မကျန်တော့ပြီး ကြည့်ရတာ ထမင်းတောင် မစားဖြစ်ကြဘူးထင်တယ်. . )



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရေပူးအခွံများအား ကားနောက်ခန်းထဲ ပစ်ထည့်ကာ မိသားစုဆီ လျှောက်လာခဲ့သည်။

"အမေ. . . အမောပြေရင် သွားကြစို့လေ. . "

"အေးပါကွယ်. . . အမေ. . ဆေးလိပ်ကလေး တစ်ဖွာလောက် ဖွာချင်လို့. . . "

အမျိုးသမီးကြီးက ထိုသို့ပြောရင်း နားရွက်ကြား ညှပ်ထားသော ဆေးပေါ့လိပ်တိုကို ခဲကာ. . . မီးညှိသည်။ ဆေးလိပ်တစ်ဖွာနှစ်ဖွာ ရှိုက်ပြီးမှ. . . ကျီးကြည့်ကြောင်ကြည့်နှင့် ရပ်ကြည့်နေသော သူ့ကို မော့ကြည့်ပြီး. . .

"ဒီကနေ. . . သင်္ဘောဆိပ်ကို ဘယ်လောက်လျှောက်ရဦးမလဲ ကောင်လေး!. . . "

"အဒေါ်တို့က. . . ဘယ်ကိုပြန်မှာလဲ!. . . "

"ကျုံပျော်. . ကို. . "

ခိုင်မြဲ ဘုရားမတမိအောင်. . . အသာမြို့ချပြီး. . .

"အဒေါ်တို့ ဘာအခက်အခဲ ရှိလို့လဲဟင်. . . "

"ဟင်း. . . အခက်အခဲကတော့ မပြောချင်ဘူး ကောင်လေးရေ နောက်လ ဆက်ဆက်တင်ပါ့မယ်. . . ဒီလ တစ်လစာ ခဏယူပြီး စောင့်ပေးပါဆိုတာကို တကူတကန်း. . . မောင်းချတယ်လေ. . . "

"ဟာ. . . အမေကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး လာ. . . သွားစို့. . . "

အသံက ပလက်ဖောင်းစွန်းပေါ် တန်းစီထိုင်နေသောသူတွေထဲက အစွန်ဆုံးမှ ထွက်ပေါ်လာ၍ သူ လှည့်ကြည့်လိုက်သည်။

မိသားစုထဲ အကြီးဆုံးသမီး ဖြစ်ပုံရပြီး အရှက်တကွဲ အကျိုးနည်းကိစ္စအား မပြောစေချင်သလို လုမ်းတားကာ ထရပ်၍. . ထမိတိုတို ပြင်ဝတ်သည်၊ နုနယ်ချောမောသော မျက်နှာလေးနှင့် ဖြူခိုင်သော မာန်



www.burmeseclassic.com

www.burmeseclassic.com



မာနက. . သူမနှင့် မလိုက်ဖက်မှန်း သိသိကြီးနှင့် သူ့စိတ်ကို. . လှုပ်ရှား သွားစေသည်။

ဖြစ်နိုင်လျှင်. . ပြက်ထင်သော အလင်းထဲမှာ. . ဆန့်ကျင်သော အလှတရားနှင့် သူမ၏ညှို့ယူနိုင်စွမ်းအား မိန့်မိန့်ကြီး ခံယူပစ်ချင်သည်။ မဖြစ်နိုင်တာက. . လရိပ်ကွေးလေးသာ လင်းသောညထဲ ဖြစ်နေ၏။

"တစ်ခုတော့ ရှိတယ်. . အဒေါ်တို့ အခက်အခဲလေး သိရရင်. . ကျွန်တော် ကူညီနိုင်တာ. . ."

"အို. . . ဘာအခက်အခဲမှ မရှိဘူး၊ အမေ. . သွားကြရအောင်"

"ဟဲ့. . မိယွန်း. . . နေပါဦးဟဲ့. . ဒီသူငယ်က. . ."

"အမေ. . ဒါ ရန်ကုန်နော်. . ပါလာတဲ့အမေ့ပစ္စည်းတွေ ကုန်တဲ့ အပြင်. . . အမေ့သမီးတွေပါ ကုန်သွားမယ်. . ."

သူမ စကားက. . . မှန်သော်လည်း နည်းနည်းအရိုင်းဆန်လွန်း သည်။ ခိုင်မြရင်ထဲက သဒ္ဓါစိတ်တွေ အတိတ်မေ့ချင်သွားသည်။ သို့သော် နွမ်းနယ်နေသော ကလေးတွေနှင့် အဒေါ်ကြီးကို ငဲ့ညှာစိတ်နှင့်. . .

"ငါက အခု မင်းတို့ သွားချင်တဲ့ သဘော်ဆိပ်ကို သက်တောင့် သက်သာနဲ့ ရောက်သွားအောင် ကားခထုတ်ပေးလိုက်မယ်. . . ဒါမှမဟုတ် တားတစ်စီး တားပြီး ငှားပေးလိုက်မယ်ဆိုရင်ကော. . . လူလိမ် ဖြစ်နိုင် မလား!. . ."

"အခုလောလောဆယ်. . . ကလေးတွေ ဆာနေကြလို့ ထမင်း ဝယ်ကျွေးမယ်ကွာ. . . ဒါဆို လူလိမ်လို့ သတ်မှတ်မလား!. . ."

သူမ. . တစ်ခွန်းမှ ပြန်မပြောသော်လည်း. . . ဒီနေရာမှ ထွက်ခွာ ရှိ အိတ်တွေကို လက်မောင်းမှာ ချိပ်ဆွဲလိုက်သည်။ သူ ဆက်ပြော၏။

"ကောင်းပြီ. . ငါက. . ငါ့အမေအရွယ် အဒေါ်နဲ့ ဟောဒီ ကလေး တွေကို သနားပြီး. . ကူညီချင်စိတ် ဖြစ်တာပါ၊ မင်းမာနက. . ဆိုက်ဆာ နေတဲ့ မင်းမိသားစုတို့. . ဝလင်အောင် ကျွေးမွေးနိုင်တယ်ဆိုရင်. . .

www.burmeseclassic.com



သွားပါ၊ နောက်ထပ် အနည်းဆုံး နှစ်နာရီလောက် လမ်းလျှောက်မှ . . ရောက်မယ့်ခရီးကို . . မင်းမာနကြီးက . . ထမ်းခေါ် သွားနိုင်တယ်ဆိုလည်း သွားပါ . . . ဟုတ်ပြီလား! . . . ”

ခိုင်မြ ထိုသို့ပြောပြီး ကျောခိုင်းကာ လှည့်ထွက်လာခဲ့သည်။ သို့သော် သူ၏ခြေလှမ်းတွေ . . နှစ်လှမ်းစာမျှပင် မပြည့်။ သူမလက်ထဲက အိတ်တွေ တဖုတ်ဖုတ် ပြုတ်ကျကုန်ပြီး သူမပါ အရုပ်ကြိုးပြတ် ထိုင်ချကာ ခုံးပွဲချ ငိုကြွေးလေတော့သည်။ ရုတ်တရက်မို့ သူလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ . . ပါးစပ်အဟောင်းသားနှင့် ငေးကြည့်သည်။ ပြီးမှ . . . သတိဝင်လာသလို သူမအနား တိုးကပ်သွားသည်။ အနားရောက်မှ . . . လန့်ဖြတ်ကာ နောက်ဆုတ်သည်။

သူ နောက်ဆုတ်လိုက်ချိန် . . ကလေးသုံးယောက် သူမနား ပြေးကပ်ဆွဲ၍ ခေါ်ကြသည်။ ခေါ်ရင်းနှင့် အငယ်ဆုံး ချာတိတ်က စငို၍ . . . ကျန်တဲ့ ကလေးမနှစ်ယောက်ပါ ငိုကြသည်။ လေးယောက်ပေါင်းပြီး ငိုတဲ့ အသံဖြစ်၍ တိတ်ဆိတ်နေသော ထိုနေရာလေးမှာ . . . ဆိုးဆိုးဝါးဝါး၊ ကျယ်ကျယ်လောင်လောင် . . ထွက်ပေါ်လာလေသည်။ အဒေါ်ကြီးကတော့ နေရာမှာပင် ရပ်ကာ . . . ကြိတ်ပြီး တအီအီ ငိုသည်။ ခုချိန် . . တစ်စုံ တစ်ယောက် ရောက်လာပြီး မေးလျှင် ခက်တော့မည်။ ထို့ကြောင့် ငိုပွဲကြီး ကို အမြန်ဆုံး ရပ်ပစ်ဖို့ သူ ကြိုးစားရတော့သည်။

“မငိုပါနဲ့တော့ အဒေါ် . . . ကျွန်တော့်ကို ဘာအခက်အခဲ ရှိတယ် ဆိုတာသာ ပြောပါ . . . ကျွန်တော် ကူညီမယ် . . ”

“ဟင့် . . အင့် . . အီး . . ကိုအောင်ဘရေ . . . ကျုပ်တို့မိသားစု အဖြစ်ပျို လာကြည့်ပါဦးတော့ . . . ဟီး . . . အီး . . ”

“ဟာ . . . အဒေါ် . . အကျယ်ကြီး မလုပ်ပါနဲ့ . . ”

“ငိုတာပဲဟဲ့ . . . ဟီး . . . အီး . . . ”

“ဟုတ်ပါတယ်၊ ဒီ . . ဒီအနီးအနားမှာ အိမ်တွေ ရှိတယ်၊ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ထွက်လာပြီး မေးတာမြန်းတာ လုပ်ရင် ပို့ရှုပ်ကုန်မယ်. . . စိတ်အေးအေးထားပြီးသာ ပြောပါဗျာ. . ဟော့. . ဟော့. . ကလေးတွေ. . . မင်းတို့လည်း မငိုကြပါနဲ့တော့. . . "

"ရှင်က. . ငိုချင်အောင်. . လာပြောတာကိုး ဟီး. . အီး. . အင့်"

"ဟုတ်တယ်. . ကောင်လေး. . ဟင့်. . ရွှတ် ငါတို့ဒုက္ခကြီးက တင်းကားနေတဲ့ ဗူပေါင်းကြီးကွဲ. . . မင်းစကားက အပ်ဖျားလောက် ချွန်တော့. . . ဟီး. . . ဟီး. . . အီး. . "

"ဟာ ဒုက္ခပါပဲဗျာ. . . တိုးတိုးလုပ်ပါ. . "

သူ ထိတ်ထိတ်ပျာပျာ တားဆီးနေသည့်ကြား အဒေါ်ကြီး ပို၍ ဝမ်းနည်းလာပုံရကာ. . ငိုသံကြီး ပိုကျယ်လာသည်။ ထိုအခါ. . . သူ၏ သားသမီးများ သူ့ထံ ပြေးကပ်ပြီး ဖက်ငိုကြပြန်သည်။ ငါးယောက်ပေါင်း ငိုလိုက်သော အသံကြီးကြောင့် သူပါ ကြက်သီးဖျန်းဖျန်းထပြီး. . . ငိုချင် လာတော့သည်။ ထို့အပြင် စိတ်ထဲ အချဉ်ပေါက်ကာ. . . ရွှတ်တွတ်တွတ် လုပ်ပစ်ချင်စိတ်ပါ ပေါ်လာ၍ သူတို့မိသားစုနှင့် အနည်းငယ် ခွာကာ. . ပလက်ဖောင်းစွန်းမှာ ထိုင်လိုက်သည်။

ထို့နောက် မျက်နှာကို လက်ဝါးအုပ်၍. . .

"ဟီး. . ဟီး. . . အီး. . ကျွန်တော် ကူညီပါရစေလို့ ပြောတာ တို. . . သူတို့က. . ဟီး. . . ငိုတယ်ဗျ. . . ဟီး. . အီး. . "

သူ ငိုသံပါကြီးနှင့် ပြောလည်းပြော. . . ငိုလည်း ငိုပစ်လိုက်သဖြင့် တစ်ဖက်က ငါးယောက်ပေါင်း ငိုသံကြီး. . ပျော့ကျကာ. . တဖြည်းဖြည်း ရပ်သွားသည်။

"ရှင်က ဘာဆိုင်လို့ လိုက်ငိုတာလဲ!. . "

"မင်းတို့ကို ပြောလို့မရလို့ကွ. . ဟီး. . အီး"

"ကဲ. . . ကျွန်မတို့ မငိုတော့ဘူး. . . ရှင်လည်း ငိုနဲ့တော့"

"တကယ်လား. . . အင့်. . ရွှတ်. . "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်. . တကယ်. . ဟင်း. . သူက ပိုဆိုးနေသေးတယ်"

သူ ဟန်လုပ်ငိုနေရင်းက ရယ်ချင်လာ၍ အောင့်အင်းကာ . . ရှိုက်သံတစ်ချက်. . နှစ်ချက်လောက် ပစ်ပြပြီးမှ. . . အငိုရပ်လိုက်သည်။

"ရှင်က. . ဒီမှာ ဘာလုပ်နေတာလဲ!"

"ကားပျက်လို့ ကားပြင်နေတာ. ."

"အဲ့ဒါနဲ့များ ရှင်က ကျွန်မတို့ကို ဘာနဲ့ဘယ်လို ကူညီမှာလဲ!. . ."

"ဟင်. . . မင်းတို့က ဘာအကူအညီ လိုတာလဲ. . . အဲ့ဒါ အရင်ပြောလေ. . ."

မိန်းကလေးက စိတ်ရှုပ်သလို ခေါင်းကုတ်ပြီး. . . သူ့အမေကို လှမ်းကြည့်သည်။ ပြီးမှ. . .

"အတိုချုံ့ပြီး ပြောရရင်. . . အဖေဆုံးပြီးနောက်ပိုင်း မိသားစု ရပ်တည်ရေးအတွက် ဘာလုပ်ရမှန်း မသိလို့. . ကျုပျော်ကနေ ရန်ကုန်ကို တစ်မိသားစုလုံး ပြောင်းလာကြတယ်၊ ပါလာတဲ့ ပိုက်ဆံလေးနဲ့ တောင်ဒဂုံမှာ အိမ်ငှါးနေကြတယ်၊ ကျွန်မက ကြုံရာအရောင်းအဝယ်လေး လုပ်တယ် အခု (၆)လပြည့်သွားလို့ နောက်(၆)လစာ အိမ်လခပေးဖို့ မရှိဘူး၊ တစ်လလောက် စောင့်ပေးပါလို့ တောင်းပန်တာလည်း မရဘူး၊ မပေးနိုင်ရင် ဆင်းဆိုပြီး မောင်းချလိုက်တယ်၊ အခု နေစရာ မရှိဘူး၊ စားစရာလည်း မရှိဘူး၊ အဲ့ဒါကြောင့် သင်္ဘောဆိပ်ကို လမ်းလျှောက်သွားမယ်. . သင်္ဘောဆိပ်ရောက်ရင်. . ကျုပျော်က မျက်နှာသိတစ်ယောက်ယောက်ကို ရှာပြီး အကူအညီတောင်းမယ်၊ ကျုပျော်ကို ပြန်မယ်. . . အဲ့ဒါပဲ"

သူမ စကားပြတ်သည်နှင့် အဒေါ်ကြီးက. . .

"အဲ့ဒီအတိုင်းပဲ ကောင်လေးရေ. . အဒေါ်တို့ နေ့လည်ခင်းကတည်းက ဟိုအပင်အောက်နေ ဒီအရိပ်အောက်ကပ်နဲ့ လျှောက်လာကြတာ. . ဒီကြားထဲ ကလေးတွေက ဗိုက်ဆာလို့ နားတာနဲ့ ရေမတွင်လှပါဘူး၊ လူလည်း မောလွန်းလို့ သေတော့မယ်၊ မင်းတို့ဟိုတဲ့ရေလေးနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အခု အသက်ရှင်ရတာ. . ဟင်း. . ဘဝများ. . နှယ်. . . ”

“မင်းဦးကြီး ရှိတုန်းက. . ငါတို့ ဒီလိုဘဝမျိုး ရောက်ရမယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူး. . . ခုများတော့. . ဟင့်. . အင့်. . အောင်မလေး. . . ကိုအောင်ဘရဲ့. . ဟဲ့ ဟဲ့. . . ဟီး. . ”

“ဟား. . . အဒေါ်. . အဒေါ် မငိုပါနဲ့တော့ဗျာ၊ ကျွန်တော် ကူညီပါ့မယ်. . . ကျေးဇူးပြုပြီး မငိုပါနဲ့ဗျာ. . . နော်”

ထို့နောက်. . ခိုင်မြဲက သူ့ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သည်။

“ရတယ်. . . ဒီလိုလုပ်ပါ၊ လောလောဆယ် အဒေါ်တို့မိသားစု ထမင်းဝယ်စားကြ. . . ကျွန်တော်လည်း ညစာ မစားရသေးတော့ အတူတူ စားကြမယ်၊ စားပြီးရင် ဒီမှာပဲ ခဏနားကြ. . . ကျွန်တော် ကားကို ပြီးအောင် ပြင်မယ်၊ ကားပြင်ပြီးရင်. . . ကျွန်တော် တိုက်ခန်းကို သွားကြမယ်၊ ကျွန်တော့်အခန်းက ကျွန်တော် တစ်ယောက်ထဲနေတာ. . အကျယ်ကြီးပဲ၊ အဲ့ဒီမှာ တစ်ပတ်လောက်နား၊ လကုန်လို့ လစာ ထုတ်ပြီးရင် အဒေါ်တို့ ကျုံပျော်ပြန်ဖို့ စရိတ်ပေးလိုက်မယ်. . ဟုတ်ပြီလား!. . . ”

သူ့စကားအဆုံးမှာ. . . အဒေါ်ကြီးမျက်နှာ သိသိသာသာ ရွှင်ပြသွားပါသည်။ နားရွက်ကြားထဲ ညှပ်ထားသော ဆေးလိပ်တို ပြုတ်ကျသွားတာတောင် ကြည့်ရုံကြည့်ပြီး ပြန်မကောက်ဘဲ. . သမီးအကြီးမကို လှမ်းကြည့်သည်။ သားအမိနှစ်ယောက် မျက်လုံးချင်း စကားပြောကြဟန် တူပါသည်။ ခဏကြာမှ သူမက. . အမေ့သဘောပဲဟု ပြောလိုက်၍ အဒေါ်ကြီးမှာ ခေါင်းငြိမ့်ကာနှင့် ခိုင်မြဲကို ကြည့်တော့သည်။ ခိုင်မြဲ ပင့်သက်တစ်ချက် ရှိုက်သွင်း၍. . အဒေါ်ကြီး အားကိုးယုံကြည်ပုံရသော သမီးကြီးကို ငဲ့ထောင်ပေးလိုက်ပြီး. . .

“ဒီကုန်းတံတား ဟိုဖက်မှာ. . ထမင်းဆိုင်တွေ ရှိလိမ့်မယ်. . ကလေး တစ်ယောက် အဖော်ခေါ်ပြီးသာ သွားဝယ်တော့. . . ငါလည်း စားမယ်နော်. . . ”



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြည်ကြည်သာသာ ယူပြီး ထရပ်လိုက်တာကိုက. . သူ့ရင်ထဲ လှိုင်းငြိမ့်ငြိမ့်ကလေး ဖြတ်စီးသွားသလို ခံစားရကာ. . .

"ကဲ. . . ဒီအိတ်တွေ ကားနောက်ခန်းပေါ် တင်ထားလိုက်မယ်"

ပြောရင်း သူ တစ်အိတ်ကောက်ဆွဲသဖြင့်. . . သူမတို့ပါ တစ်ယောက်တစ်အိတ် ဆွဲကြပြီး ကားနောက်ခန်းဆီ ပို့ကြသည်။

"အဒေါ်တို့ အဆင်ပြေသလိုသာ နားကြတော့နော်. . ကျွန်တော်ဒါလေး လက်စသတ်လိုက်ဦးမယ်. . ."

"အေး. . အေးပါကွယ်. . အဆင်ပြေပါစေ. . ဘုန်းကြီးပါစေ သက်ရှည်ပါစေ. . အမလေး ကိုအောင်ဘရေ. . ကျုပ်တို့သားအမိ သူတော်ကောင်းလေးနဲ့ တွေ့လို့သာပေါ့. . ဟင့်. . ဟင့်. . ဟင့်"

"အဒေါ် အကျယ်ကြီး မလုပ်နဲ့နော်. . . ငိုချင်လဲ ငိုပါ. . . အကျယ်ကြီးတော့. . ."

"ဟင့်. . အင့်. . ရှုတ်. . အေးပါကွယ်၊ ကျဉ်းကျဉ်းလေးပဲ ငိုပါ့မယ်. . . ဟီး. . . ဟင့်. . ."

အဆင်တော့ ပြေသွားသည်။ အဒေါ်ကြီးက သူ့ကလေးနှစ်ယောက်နှင့် ပလက်ဖောင်းဘေးမှာ. . ပုံတော်သလို ကျုံ့ပျော့ ဇရင်ကျ[illegible] သံလေးနှင့် ငိုညည်းနေခိုက် သူလည်း test lamp ပြန်ထွန်းညှိကာ. . . အလုပ်စတော့သည်။

စောစောက အထုပ်အပိုးတွေ. . မေ့မေ့လျော့လျော့ ပစ်တင်ပြီး အောက်မှာ အလုပ်ရုံက ယူလာသော အပိုပစ္စည်းနှင့် head gasket ကို သတိရသွားက ပြန်ဆွဲထုတ်ရသည်။ ထုတ်ရင်းနှင့်. . . ဒီကားအင်ဂျင်ဖွင့်တုန်းက ဖယ်ထားသော gasket အဟောင်းကိုပါ တွေ့ရသဖြင့်. . . ပြစ်ချက်တစ်ခုကို စဉ်းစားမိကာ စစ်ဆေးကြည့်လိုက်သည်။

သူ ယူလာသော head gasket နှင့် ဖယ်ထားသော original head gasket အထူအပါး ယှဉ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အတော်ကွာတာပဲ. ."

head bolt တွေ ညှစ်တိုက် ခံထားပြီးသား gasket က လုံးဝ သေုံးရသေးသော အသစ်ထက် ပို၍ထူနေသေးသဖြင့် ဖြစ်နိုင်ချေ ရှိသော ပြစ်ချက်ကို တွေးမိကာ ပျော်သွားသည်။ ထို့နောက် gasket အဟောင်းကို သေချာစစ်ဆေးပြီး ပြန်သုံး၍ရနိုင်သည့်အဆင့် ရှိသဖြင့် ထိုအဟောင်းနှင့် ပင် head အုပ်ရန် စီစဉ်၏။

ထမင်းသွားဝယ်သော နှစ်ယောက်. . ကျွတ်ကျွတ်အိတ် အမည်း ကြီးနှင့် ထမင်းဟင်းတွေ သယ်ယူလာကြသည်။ ထို့အပြင် ရေသန့်ဗူး. . သုံးဗူးပါ ဝယ်လာသည်။

"အဆင်ပြေလား!. . ."

"ပြေတယ်. . လာလေ. . . ထမင်းစားကြရအောင်"

"မင်းတို့ စားနှင့်ကွာ. . . ငါ ဒီမှာ အလုပ်လုပ်လက်စ ပြီးအောင် ဆက်လုပ်လိုက်တော့မယ်. . ."

လာပါ အတူတူ စားကြရအောင် လို့များ. . ခေါ်မလားဟု ငံ့လင့် မိသေးသည်။ သို့သော် သူမ. . တစ်ချက်သာ ကြည့်ပြီး သူ့အမေဆီ တွေ့ပတ်လျှောက်သွားကာ. . . စားသောက်ဖို့ ပြင်ဆင်တော့သဖြင့်. . . မတန်မရာ မျှော်လင့်ချင်သော ကိုယ့်ကိုယ်ကို ပြန်ရှက်ကာ. . . ကြိတ်ပြုံး ပြုံးရသည်။ စိတ်ထဲမှာ. . . တစ်ခုတော့ စွဲနစ်စွာ ကျန်ရစ်သည်။

(လှလိုက်တာ ကောင်မလေးရယ်. . .)

နှိုးရုံအသင့်သာ ရှိတော့သော အချိန်ရောက်မှ. . လက်က နာရီ ကြည့်မိသည်။ ဆယ့်နှစ်နာရီ။ ကားဘေးကို ငဲ့ကြည့်လိုက်တော့. . . သနား စရာကောင်းလှသော မိသားစုလေး ပလက်ဖောင်းပေါ် အပုံလိုက်ကလေး အိပ်ပျော်နေရှာသည်။ သို့သော်. . .

"ပြီးသွားပြီလားဟင်!. . ."

လှည့်ကြည့်လိုက်တော့. . . သူ့နောက် ကားဘေးမှာ တပ်ပြီး

www.burmeseclassic.com



ရပ်နေသော မိန်းကလေး။

"ဟင်. . . မင်း မအိပ်ဘူးလား!. . ."

"ဟင့်အင်း. . . ရှင့်ကို ထမင်းထည့်ကျွေးဖို့ စောင့်နေတာ"

"ဟာ. . ရပါတယ်ကွ"

"ကျွန်မ. . . စားဖို့ ပြင်လိုက်မယ်. . နော်"

"အင်း. ."

အင်းဆိုပြီး. . ဇက်လှန်ထားသော ကားခေါင်းကို. . . ပြန်ချကာ ဘေးဖယ်ထားသော ထိုင်ခုံကူရှင်များ ပြန်တင်ဖို့ လုပ်သည်။ သို့သော် ကူရှင်များက ဟိုသားအမိ၏ခေါင်းအုံးများ ဖြစ်နေလေချေပြီ။

"ဟင်. . . ရှင် လက်မဆေးဘူးလား!. ."

"မကြောင်းနစ်ဘဝ ရောက်ကတည်းက. . . လက်မဆေးပဲ ထမင်း စားတာ အကျင့်ပါနေပြီ. . ."

"နေဦး. . ကျွန်မ. . ငှဲ့န်းပေးမယ်. ."

Test lamp ကို ကားဘော်ဒီမှာ ချိပ်ထားလိုက်သဖြင့် သူ၏ ထမင်းဝိုင်းလေးက ပလက်ဖောင်းပေါ်မှာ. . . အတော်စိုပြေသွားသည်။ သူမက. . သူမတို့နှင့်အတူ ပါလာသော ပန်းကန်ခွက်ယောက်များ ထုတ်သုံးကာ သပ်သပ်ရပ်ရပ် ပြင်ပေးသည်။ ဝက်သားဟင်း၊ ငါးကြော်နှပ်၊ ချဉ်ရည်ဟင်းတစ်ခွက်၊ ငါးပိရည်နှင့် ခရမ်းပြုတ်သီး တို့စရာပါ ပါသဖြင့် သူ ဟန်နှင့်ပန်နှင့် လုပ်မနေတော့ပဲ အားပါးတရ စားတော့သည်။

သူ စားနေတုန်း. . သူမက ဘေးမှ ထိုင်ကာ. . တို့စရာအတွက် ခရမ်းပြုတ်သီးလေးတွေ အညှာဖြုတ်. . တစ်လုပ်စာ အသင့်ဖြစ်အောင် ခွဲစိပ်ပေးနေ၍ စွဲမက်ယစ်မူးဖွယ် မျက်နှာလေးအား ဝက်သားအဆီတုံး မြို့ရသလို. . . အီစိမ့်နေအောင် ကြည့်ခွင့်ရလေသည်။

စားသောက်ပြီးမှ သူမ ငှဲ့ပေးသော ရေတစ်ခွက်ကို ယူသောက် ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ဘယ်လိုခေါ်လဲ!. . ."

"မြယွန်းခင်ပါ. . ."

"ကောင်းလိုက်တဲ့ နာမည်လေးကွာ၊ ငါ့နာမည်က ခိုင်မြဲပါ၊ ကျေးဇူးတင်ပါတယ်. . . မြယွန်းခင်. ."

"ရှင်. . ကျေးဇူး ဟုတ်လား!၊ ပြောင်းပြန်ပြောတော့မယ်၊ ကျွန်မပြောရမယ့်စကားပါ. ."

"မဟုတ်ဘူး. . ငါ့အတွက် ငါပြောတာ၊ ငါက ဘဝတစ်လျှောက်လုံး အထီးကျန်လာခဲ့ရတဲ့သူဆိုတော့. . မင်းတို့ မိသားစုလေးရဲ့ အဖြစ်ကို သိရမြင်ရပြီး. . ငယ်ငယ်တုန်းက အဖိုးနဲ့အဖွားနဲ့ ဖြစ်ခဲ့ရတဲ့အဖြစ်ကို ပြန်အမှတ်ရသွားတယ်၊ အဲ့ဒီတုန်းက. . . ရပ်ကွက်မီးလောင်လို့ တို့အိမ်လေး ပါသွားပြီး. . . ခုလိုပဲ လမ်းဘေးမှာ ယာယီတဲလေးနဲ့ ဒုက္ခရောက်ခဲ့ရတာလေ. . . ပြီးတော့ မင်းထမင်းစားဖို့ ပြင်ပေးတာကို ကြည့်ပြီး ငါ့အဖွားကို သတိရတယ်. ."

"ရှင်. . ."

"ဟာ. . ဟို. . . မင်းကို အိုစာတယ်လို့ ပြောတာမဟုတ်ဘူး၊ မင်းက အရမ်းလှ၊ အရမ်းချောတဲ့သူပါ. . ငါပြောချင်တာက. . ငါကျောင်းတ ပြန်လာရင်. . . အဖွားက ငါ့အတွက် အဲ့သလို ပြင်ဆင်ပေးတယ်လို့ ပြောတာ. . ."

လှမ်းကြည့်လိုက်တော့ သူမ. . . ရှက်ရွံ့သွားဟန်နှင့် ခေါင်းကို ငုံ့ချပစ်သည်။ သူ့စကားထဲ ဘာအမှား ပါသွားသလဲဟု. . . ပြန်တွေးကြည့်ဖို့ စိတ်ကူးမိသေးသည်။ မတွေးဖြစ်. . . ။

"ဘာပဲဖြစ်ဖြစ်. . ငါ့အတွက်. . ခဏလေး ခုလောက် စည်းကားသိုက်မြိုက်သွားတာကိုက. . ကျေးဇူးတင်စရာပါ မြယွန်းခင်. . ကျေးဇူးပဲတဲ. . . ငါ ကားနှိုးကြည့်လိုက်ဦးမယ်. . ."

ဆီ၊ ရေ၊ လေ၊ ဝိုင်. . စစ်။ မီးလိုင်းပြန်စစ်။ အားလုံး သေချာမှ

www.burmeseclassic.com

www.burmeseclassic.com



ကူရှင်မရှိသော ခေါင်းခန်းထဲ ဝင်ထိုင်ကာ. . ကားစက်နှိုးလိုက်ပါသည်။

"ကစ်. . ကစ်. . ကစ်. . ဝူး. . ."

စက်နိုးသွားပြီဖြစ်၍ အင်ဂျင်ဝိုင် ပတ်လမ်းပြည့်အောင် ပါးပါးလေး နင်းထားသည်။ ချာဂျာလည်း အိုခေ။ ပြီးမှ. . . ပစ်ကပ် ခေါ်ကြည့်သည်။ ပုတ်ကြည့်သည်။ slow မမှန်ချင်သေးသဖြင့်. . . မီးတိုင်ပင် နည်းနည်းကစားပေးရုံလောက် အဆင်ပြေသွားလေသည်။

ကားစက်နှိုးသံကြောင့် အဒေါ်ကြီးနှင့်ကလေးတွေ နိုးလာကြပြီး ထထိုင်ကြသည်။

"ကဲ. . . အားလုံး ကားပေါ် တက်ကြတော့. . ."

သူတို့မိသားစု ထထိုင်ကာ ကားပေါ်တက်ဖို့ ပြင်မှ. . . သူလည်း ကူရှင်တွေ ယူကာ ရှေ့ခန်းထဲ ထည့်ခင်းရသည်။

ထိုညက. . သူ၏တိုက်ခန်းသို့ ညတစ်နာရီကျော်မှ ရောက်ကြသည်။ သူမတို့ မိသားစုအား. . အခန်းမှာ နေရာချပေးပြီး အခန်းသော့ကို သူမလက်သို့ အပ်လိုက်၏။

"ဟင်. . . ရှင်. . က. . "

"ငါ. . အလုပ်ရုံကို ပြန်ရမယ်. . ကားအတွက်ရော တခြားကိစ္စပါ ရှိသေးတယ်"

"ဒါ. . . ဒါဆို ကျွန်မတို့ချည်းပဲ. . . "

"ငါ မနက်ဖြန် ပြန်လာမယ်လေ. . . ဒီအခန်းက ငါ့ကိုယ်ပိုင် အခန်းပဲ. . . မင်းတို့ မိသားစု စိတ်ချမ်းသာသလို နေနိုင်တယ်၊ မီးဖိုခန်းမှာ ဟင်းချက်စရာ. . အပြည့်အစုံ ရှိတယ်၊ ကဲ. . သွားပြီ. . တံခါးပိတ်တော့"

သူ ပြန်ဆင်းလာပြီး ကားတံခါး ဖွင့်ပြီးမှ. . မဝင်ဖြစ်သေးဘဲ ကောင်းကင်ကို မော့ကြည့်သည်။ ခေါင်းပေါ် တည့်တည့်ရောက်နေသော လလေးကလေးကို ဘာရယ်မဟုတ်ပဲ. . . အနမ်းပျံလေး ပေးမိသည်။

"ကျေးဇူးပဲ. . . လမင်းရေ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

သူ့အခန်း၏လေးလွှာ လေသာဆောင်မှ လှစ်ခနဲ ပြေးသွားသူမှာ မြှယွန်းခင် ဆိုတာ သေချာသည်။ ဒါဆို စောစောက. . . အနမ်းပျံ. . ။ တာ. . ဒုက္ခပဲ။ တွေးမိမှ. . သူ့ရင်တွေ ဒိန်းခနဲ ဖြစ်သွားတော့၏။

ကားက လုံးဝအခြေအနေ ကောင်းသွားသည်။ ဝပ်ရှော့ပြန် ရောက်သည်အထိ ရေက နွေးနွေးလေးသာ ရှိ၍. . ဟာရှင်၏အိပ်ချင် မူးတူးမျက်လုံးတွေထောင် ပြူးကျယ်လာသည်။

"ဝွတ်လှချည်လား. . ခိုင်မြဲ. . လုပ်ပါဦး. . ဖြစ်ချက်က ဘာလဲ!၊ ငါ ပြန်လာခဲ့ရတာ. . နာတယ်ကွာ. . ."

"မနာပါဘူး သက်သာတာပေါ့၊ အပါကြီး အခြေအနေ ဘယ်လို လဲ!. . ."

"ကောင်းသွားပါပြီ. . . အခု အိမ်ပြန်ရောက်နေပြီ"

"အေး. . . ဒါဆိုလည်း မနက်. . ဂျန်လန်း ဖက်လှန်ပြီး အင်ဂျင် သန့်ရှင်းရေး လုပ်ကွာ. . ."

ခိုင်မြဲ. . . ပြောရင်းနှင့်. . . လွတ်နေသော ခုံတန်းလျားပေါ် ပက်လက်လှန်ချလိုက်သည်။ ဟာရှင် ကွမ်းတစ်ရာ. . . ပါးစောင်ထဲ ထိုးထည့်ပြီး သူ့နား ရောက်လာသည်။

"ဖြစ်ချက်က ဘာလဲ!. . . ပြောဦးလေကွာ. . ."

"မနက်ကျရင်. . . မင်း လက်ဖက်ရည် တိုက်မလား!. . ."

"ဟား. . . ဈေးကိုင်နေပြန်ပြီ. . . တိုက်မယ်ပြော"

"compression chamber ကျဉ်းသွားတာကွ. ."

"ဘယ်. . . ဘယ်လို. . ."

"ကားနောက်ခန်းထဲမှာ. . အဲ့ဒီအင်ဂျင်က ဖြုတ်ထားတဲ့ gasket အဟောင်းကို တွေ့မှ. . ငါလည်း သဘောပေါက်တာ. . gasket နှစ်ခု ယှဉ်ကြည့်လိုက်တော့ သုံးပြီးသား အဟောင်းက. . . အသစ် ထက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ထူနေသေးတယ်. . "

"အင်း. . . အဲ့ဒီတော့. . "

"အဲ့ဒီတော့ ငါတို့က. . ပါးတဲ့အသစ်ကို ထည့်အုပ်ပြီး bolt တိုက်ကြပ်ပစ်လိုက်တော့. . . bolt တွေရဲ့ညှစ်အားနဲ့ ပိုပြီးပါးမသွားဘူးလား"

"အင်း. . . "

"အဲ့ဒီမှာ. . . သတ်မှတ်ထားတဲ့ မီးလောင်ပေါက်ကွဲခန်းက ကျဉ်းသွားပြီး အင်ဂျင် heat တက်. . တော့တာပေါ့ကွ. . "

ဟာရှင်. . ဟင်းခနဲ သက်ပြင်းချပြီး. . ကွမ်းသွေးလေး ပစ်ခနဲ လှမ်းထွေးသည်။ ပြီးမှ. . . ပြုံးဖြီးဖြီးနှင့်. . .

"ကျေးဇူးပဲ. . ငါ. . ကျော်ကွေးထက် ပညာတစ်ကွက် သာသွားပြီ. . နောက်တစ်ခါ ဒါမျိုးကြုံရင်. . ငါက ကျော်ကွေးဆရာပဲ. . . အဟတ်ဟတ်. . . "

ဌာနဆိုင်ရာမှ အဖွဲ့များ ကားလာထုတ်ယူမည့်ကိစ္စ အဆင်ပြေသွားသဖြင့်. . . အပါကြီးမျက်နှာ အတော်သာယာနေပါသည်။ သူ့ကြောင့်ဖြစ်ရသော. . ခြေမက အနာနှင့် သွေးလန့်သွားသောအဖြစ်ကိုပါ မေ့ပြီး။

"ခိုင်မြဲရေ. . . "

"ဗျာ. . "

"ကဲ. . . မင်း တစ်ညလုံး ပင်ပန်းထားရတာ. . နားလိုက်ကွာ. . လောလောဆယ် သိပ်အရေးမကြီးတာလေးတွေပဲ ရှိတာ. . ။ဟိုကောင် ဟာရှင်ကို မှာထားခဲ့. . မနက်ဖြန် တစ်ရက်လုံးနား၊ အရေးကြီးရင်တော့ ငါ. . ဖုန်းဆက်လိုက်မယ်. . "

"ဟုတ်ကဲ့. . . ကျွန်တော်လည်း နားချင်တာနဲ့ အတော်ပဲ"

"ဩော်. . . မင်း အသုံးစရိတ် ရှိသေးလား!. . "

"လကုန်ရက်ဆိုတော့. . . အပါကြီးလည်း သိသာနေ့. . "

"အေး. . ရော့. . တစ်သောင်းယူသွား. . . အဲ့ဒီ ဘောက်ဆူးကွာ



www.burmeseclassic.com

www.burmeseclassic.com



လစာနဲ့ မဆိုင်ဘူး. . ”

ခိုင်မြဲ တွေဝေမနေပဲ. . အဝတ်အစားလဲကာ. . ခပ်သွက်သွက် ထွက်လာရင်း ဟာရှင်နှင့်ကျော်ကွေးကို မှာသည်။

“ဟာရှင်. . . မင်း ပါပလေကာက ဘာကျန်သေးလဲ!”

“brake line ပဲ ကျန်တယ်. . . ”

“အိုခေ. . အဲ့ဒါပြီးရင်. . ကျော်ကွေးကို ကူပြီး ထောင်ထားတဲ့ တားကြီး crank နှစ်ချောင်းကို. . . main ဝိုင်းဖမ်းပေးလိုက်၊ connecting က ငါဖမ်းပြီးသား. . ”

ပြောပြီး လှည့်အထွက်. . ဟာရှင်က. . .

“မနက်ဖြန် မနားပါနဲ့လားကွာ. . . ”

“မဖြစ်ဘူးကွ. . . အိမ်မှာလည်း ဧည့်သည်တွေနဲ့. . ”

“ဟင်. . . ဘယ်က ဧည့်သည်လဲ!. . . ”

လွှတ်ခနဲ ပြောမိပြီးမှ. . . ကိုယ့်ကိုယ်ကို ကျိန်ဆဲပြီး. . .

“အမျိုးတွေပေါ့ကွာ. . . နယ်ကပါ. . ”

“ဟ. . ခိုင်မြဲရ. . မင်းပြောတော့ အမျိုးမရှိဘူးဆို. . . ”

“ကျွတ်. . . အမေးအမြန်း မထူနဲ့ကွာ၊ အမျိုးဆို မျိုးထားလိုက်”

“ကို. . . ဟာရှင်. . . ဒီဟားက မီးစားထားတယ်”

“မျိုးထားလိုက်ကွာ. . . ”

“ဗျာ. . ”

“ဩော်. . ဟို. . နောက်တစ်ချောင်းလဲ ကရိုင်းကွာ. . မင်းက လည်း”





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း – ငါး )

အလုပ်ရုံက ထွက်လာပြီး ခါတိုင်းလို. . လိုင်းကား စောင့်စီးမနေတော့ပဲ ကားငှါးကာ ပြန်ခဲ့သည်။ ညက. . . မြယွန်းခင်တို့သားအမိ အခန်းမှာ ဒီအတိုင်း ထားခဲ့ရ၍ အဆင်မှ ပြေပါ့မလား ဆိုသော စိုးရိမ်စိတ်အား ကိုယ့်ဘာသာ သတိထားမိကာ ပြုံးရသည်။ မည်သို့ဆိုစေ ပြန်ရောက်သည်နှင့် ချောက်တီးချောက်ချက် အခန်းထဲဝင်ပြီး. . . မှုန်ကုတ်ကုတ် ထိုးအိပ်ပစ်ရသည့်နေ့မျိုး မဟုတ်တော့ဘဲ. . . စကားပြောသံ၊ ရယ်မောသံတွေ ကလေးငိုသံတွေနှင့် စည်ဝေနေတော့မည့် သူ၏ တိုက်ခန်းလေးက. . . တွေးမြင်ကြည့်ရုံနှင့် ပျော်စရာကောင်းနေပါသည်။

www.burmeseclassic.com



တိုက်ခန်းရှေ့ မြေညီထပ်သို့ ကားရပ်သည်နှင့်. . . ဟန်မဆောင်နိုင်အောင် မြူးသွက်ကာ လှေခါးအတိုင်း ပြေးတက်လာခဲ့သည်။

အခန်းတံခါးရှေ့ လူခေါ်ခေါင်းလောင်းလေး နှိပ်လိုက်သည်နှင့် ပွင့်ဟလာသည့် အခန်းတံခါး နောက်ကွယ်မှ. . ရင်ခုန်ယစ်မူးဖွယ် မျက်နှာကလေး မြင်လိုက်ရရင်ဖြင့်. . .

"ဟင်!!. . ."

လေးလွှာလှေခါးထိပ်သို့အရောက် သူ၏အခန်းရှေ့၌. . . ရဲတပ်ဖွဲ့ဝင်များ ရပ်ကွက်လူကြီးများနှင့်အတူ. . . ငိုယိုနေသော မြယွန်းတို့ မိသားစုကို တွေ့လိုက်ရသဖြင့် သူ့ရင်ထဲက. . . စိတ်ကူးအပျော်လေးများ လှေခါးအတိုင်း ဒလိမ့်ခေါက်ကွေး ပြုတ်ကျကုန်ကြသည်။

"ဒါ. . ဒါက. . . ဘယ်လိုဖြစ်ကြတာလဲဗျာ"

ထိုအခါ သုံးလွှာမှာ နေသော ဦးမောင်လှိုင်က. . .

"အေး. . ခိုင်မြ၊ မင်းရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ အိမ်ခြေရာမဲ့တွေ. . မင်းအခန်းမှာ ခပ်တည်တည် ဝင်တက်နေကြတာလေ. . . ဟမ်. . ဘာရမလဲ. . ငါ့စိတ်ထဲ မသင်္ကာလို့ ရပ်ကွက်လူကြီးနဲ့ တာဝန်ရှိသူတွေ ခေါ်ပြီး. . ရှောင်တစ်ခင်. . ဝင်စစ်ပစ်တာ ကွက်တိပဲ"

"ဗျာ!!. . ."

"မင်းအံ့ဩသွားပြီ မဟုတ်လား. . ဒါပေါ့ကွာ. . အံ့ဩရမှာပေါ့။ မှတ်ထား. . . လူဟာ ဘယ်မှာနေနေ အိမ်နီးချင်းကောင်း ရှိဖို့လိုတယ်၊ ကိုယ်တိုင်လည်း တာဝန်ရှိ လုပ်သားပြည်သူတစ်ယောက် သတိမျိုးရှိရမယ်ကွ. . ."

ဦးမောင်လှိုင်. . ဘာတွေ ပြောနေသလဲ. . သူမသိ။ မြယွန်းခင်တို့သားအမိ ရှက်ရွံ့သိမ်ငယ်မှုတို့နှင့်. . ယူကြုံးမရ. . ငိုကြွေးနေကြမှုအား ကြည့်မြင်ကာ. . ရင်ထဲ ဆို့သွားသည်။

"အေးဗျာ. . . တာဝန်ရှိတဲ့လူကြီးတွေကိုတော့ အားနာပါတယ်

www.burmeseclassic.com



သူတို့က လူကြီးမင်းတို့ ယူဆထားတဲ့သူတွေ မဟုတ်ပါဘူး. . . ”

“ကျွန်တော်ကိုယ်တိုင် ကြည်ကြည်ဖြူဖြူနဲ့ နေခွင့်ပေးထားတဲ့ မိသားစုပါ. . . ”

ထိုအခါ ဦးမောင်လှိုင်က မယုံကြည်နိုင်သော မျက်လုံးတွေနှင့်. . .

“ဟာ. . . မင်း အစိပ္ပါယ် မရှိတာ. . . ငါက မင်းအောက်အလွှာမှာနေတာ. . . မင်း လာထားပေးတာဆို ငါသိရမှာပေါ့ကွ. . . ”

“ဒီတိုက်ခန်းက. . . ကျွန်တော့်အမည်ပေါက်၊ ကျွန်တော်ပိုင်တဲ့အခန်းပါ ဦးလှိုင်. . . ကာယကံရှင်က ကျေနပ်ပါတယ်လို့ ပြောနေမှ ဦးလှိုင် မသိတာ ပြဿနာ မရှိနိုင်ဘူး ထင်ပါတယ်”

“ဒါဆို. . မင်းနဲ့ ဘယ်လိုပတ်သက်သလဲလို့ ငါတို့ မေးတာ သူတို့ ဖြေနိုင်ရမှာပေါ့ကွ”

“ဟာ. . . ဒုက္ခပဲဗျာ၊ ဒီမှာ. . . သူတို့က သူပုန် မဟုတ်ဘူး၊ သူခိုးခါးပြ အလစ်သုတ်သမားလည်း မဟုတ်ဘူး၊ ရဲက အလိုရှိနေတဲ့ ဝရမ်းပြေးလည်း မဟုတ်ဘူး၊ နိုင်ငံသား စိစစ်ရေးကဒ် ကိုင်ဆောင်ထားတဲ့ မြန်မာနိုင်ငံသားတွေ၊ ကျွန်တော့်မိတ်ဆွေ. . ကျွန်တော့်အိမ်မှာ ခဏတည်းခိုမယ် ကျွန်တော် ခွင့်ပြုတယ်. . ဒီည ဧည့်စာရင်း တိုင်မယ်၊ ကဲ. . . ဘာအမှုတပ်ပြီး ဖမ်းချင်သလဲ!”

ဦးမောင်လှိုင် ဘာမှမပြောသာသည့်အပြင်. . ရဲတပ်ဖွဲ့ဝင်နှင့် ရပ်ကွက်လူကြီးတွေလည်း စိတ်ရှုပ်သွားကြသည်။

“ကဲ. . . ကိုမောင်လှိုင်ရေ၊ ခင်ဗျားရဲ့တာဝန်သိ လုပ်သားပြည်သူ စိတ်ဓါတ်ကြီးကို ကျုပ်တို့ အသိအမှတ်ပြုပါတယ်ဗျာ. . . ဒါပေမယ့် မောင်ခိုင်မြဲဘက်က နည်းလမ်းကျနေတယ်. . . အဲဒီတော့ ပြန်ကြစို့အောင်ကြော်. . မောင်ခိုင်မြဲရေ၊ မင်းဧည့်သည်တွေ ဧည့်စာရင်းတိုင်ဖို့ မမေ့နဲ့နော်. . . ”

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ခင်ဗျာ. . . ဦးနဲ့ ဒီက တပ်ဖွဲ့ဝင်တွေကို အားနာစရာ ဖြစ်ကုန်ပြီ. . ."

"ရပါတယ်ကွာ. . . တို့ကလည်း ဝတ္တရားရှိတဲ့အတိုင်း လုပ်ရတာပါ. . . သွားပြီဟေ့. . ."

အားလုံး အခန်းထဲ ပြန်ဝင်လာကြပြီး ညှော်ခန်းကြမ်းပြင်ပေါ်မှာပင်. . . တစ်စုတစ်ဝေးကြီး ထိုင်ချလိုက်ကြသည်။

ထို့နောက်. . . မြယွန်းခင်၏မိခင်က. . .

"တော်ပါသေးရဲ့. . . မောင်ခိုင်မြရယ်. . . မင်း အချိန်မီ ရောက်လာလို့သာပေါ့. . ."

"ကံအလှည့် မသာယာတဲ့အချိန်မှာ. . ဒီလိုပဲ ဖြစ်တတ်ပါတယ် အဒေါ်၊ ဒါပေမယ့် ဒီက ရှေ့ကို. . ဘာမှမစိုးရိမ်နဲ့. . အဒေါ်တို့မိသားစု ကျွန်တော့်အရိပ်အောက်မှာ နေထိုင်သမျှ ကာလပတ်လုံး ဘယ်သူမှ. . . လက်ဖျားနဲ့ မထိစေရဘူး. . . စိတ်ချ"

"အေးပါ. . . လူကလေးရယ်. . . ခုမှတော့ မင်းကိုပဲ အားကိုးရတော့မှာပဲ"

"ကဲ. . . အားလုံး ပျော်ပျော်ရွှင်ရွှင် နေကြ၊ ထမင်းရော စားပြီးကြပြီလား!. . ."

"ဟင့်အင်း. . . ရှင်ပြန်လာမယ်ဆိုလို့ ထမင်းစားဖို့ စောင့်နေကြတာ. . . ချက်တော့ ချက်ပြီးပြီ"

"ဟာ. . . ကလေးတွေ ဆာကုန်ရောပေါ့၊ ကဲ. . ကဲ. . ဒါဆိုလည်း စားကြမယ်. . ."

ပြောရင်းနှင့် သူကိုယ်တိုင် သွက်လက်ပေါ့ပါးစွာ ထရပ်ကာ. . တိတ်ဆိတ်ခြောက်ကပ်မှုတွေ လွင့်စင်သွားအောင်. . သီချင်းခွေခွေ ထည့်ဖွင့်သည်။ မြူးကြွသော သီချင်းသံနှင့်အတူ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကာ စားသောက်ဖို့ ပြင်ဆင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တော်မွတ်စောင့်စားခဲ့ရသော. . . မိသားစုကို ခေါ်ကာ. . ကျိုက်ဒေးယုံ အာနန္ဒာဘုရားသို့ ပို့ပေးရင်း လမ်းလျှောက်ကြသည်။ အမြန်ဘုရားမုခ်ဦးဝ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သောက်ကြသည်။ လက်ဖက်ရည် သောက်ရင်းနှင့် မြယွန်းခင်ကို စကားပြောဖြစ်ပါသည်။

"မြယွန်းခင်က ကျောင်းပြီးပြီလား!. . ."

"ဟင့်အင်း. . အဖေ ဆုံးပြီးနောက်ပိုင်း မိသားစုဘဝ အပြောင်းအလဲတွေကြောင့် အဝေးသင် တက်ရင်းက ဆက်မတက်ဖြစ်တာ. . ."

"တကယ်လို့ ရန်ကုန်မှာပဲ အလုပ်တစ်ခုခု ရရင်ကော. . ရန်ကုန်မှာပဲ ဆက်နေမလား!. . ."

"လွယ်ပါ့မလား ကိုခိုင်မြ. . . ကျွန်မတစ်ယောက်ထဲ မဟုတ်တော့. . ."

"ကြိုးစားရမှာပေါ့. . ဝန်ခံရရင်. . ငါ့စိတ်ထဲမှာ မင်းတို့ မိသားစုကို. . ငါ့မိသားစုလို့ ခံစားမိသွားတယ်၊ အဲ့ဒီအတွက် ကြိုးစားကြည့်ချင်တယ်. ."

"ရှင့်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါ့မယ်ရှင်. . ."

"ငါ့စိတ်အထင် မင်းခေါင်းပေါ်မှာ ရွက်ဖို့ မ,တင်ပေးဖူးတဲ့ ဆာလာအိတ်ထုပ်လောက် မလေးဘူး ထင်တာပဲ. . ."

နောက်တစ်နေ့. . . သူ အလုပ်က ခွင့်ရက်ရထားသဖြင့် သူမအတွက် အလုပ်ရှာပေးရန်. . သူမနှင့်အတူ ထွက်လာခဲ့ကြ၍ တိုက်ခန်းမှာ အဒေါ်ကြီးနှင့်ကလေးတွေသာ ကျန်ခဲ့သည်။

ခိုင်မြတို့ ထွက်သွားပြီး သိပ်မကြာ၊ အလုပ်မှာ အရေးကြီးတိစ္စ ပေါ်လာ၍. . အပါကြီး ခေါ်ခိုင်းသဖြင့် ထွန်းဦး. . ရောက်လာသည့် လူခေါ်ခေါင်းလောင်းသံကြောင့်. . ဒေါ်အေးတင် အခန်းတံခါး ဖွင့်ပေးသည်။

"အဒေါ်. . . ဒါ. . ခိုင်မြ အခန်းလား!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူငယ်. . . ဘာကိစ္စလဲ!. . . သူတို့ မရှိကြဘူးကွဲ့"

"ဟာ. . ဒုက္ခပါပဲ၊ အလုပ်က အရေးကြီးလို့ ခေါ်ခိုင်းလိုက်တာ"

"ဟုတ်လား. . . အေး. . အဒေါ်လည်း လိုက်မခေါ်တတ်ဘူး. . . မြို့ထဲ သွားကြတာ. . ."

ထွန်းဦး လှည့်ပြန်မည် လုပ်ပြီးမှ တစ်စုံတစ်ခုကို. . သတိရသွားဟန်နှင့်. . .

"ဒါနဲ့ ဒီအခန်းက. . . ခိုင်မြအခန်း ဟုတ်ပါတယ်နော်၊ ဟို. . ဝပ်ရှော့ဆရာလေ. . ."

"ဟုတ်ပါသကောကွယ်. . . ဘာဖြစ်လို့လဲ!. . "

"အင်း. . . ကျွန်တော်များ မှားသလားလို့. . . ခိုင်မြက. . ဆွေမရှိမျိုးမရှိ. . တစ်ကောင်ကြွက်သမားလို့ ပြောဖူးတော့. . . အခု. . ."

ထွန်းဦးစကားနှင့် ထွန်းဦးအကြည့်ကြောင့်. . ဒေါ်အေးတင်ရင်ထဲ ထိတ်ကာ. . . ဟိုတစ်ခါလို ဖြစ်ရင် ဒုက္ခဟု. . တွေးမိပြီး. . .

"သြော်. . . ဒီလိုပါကွယ်၊ အဒေါ်က ခိုင်မြရဲ့ယောက္ခမလေ အဟင်းဟင်း. . "

"ဟုတ်လား. . . ခိုင်မြက. . . အိမ်ထောင်ရှိလား!. . . "

"အေးပေါ့. . . အခု သူတို့လင်မယား မြို့ထဲ သွားကြတာကွဲ့၊ အဟင်းဟင်း. . . "

"သြော်. . အင်း. . ဟုတ်. . ပြန်လာရင်သာ ပြောလိုက်ပါ၊ အလုပ်ထဲက လာမှာသွားတယ်လို့. . ."

"အေးပါကွယ်. . . စိတ်ချပါ. . ."

ထွန်းဦး ပြန်ဆင်းသွား၍ ဒေါ်အေးတင် တံခါးပိတ်ကာ သက်ပြင်းချသည်။ ထိုစဉ်. . . အလတ်မက. . .

"အမေ. . ဘာတွေလျှောက်ပြောတာလဲ!၊ မဟုတ်တာတွေ. . "

"မဟုတ်မှန်းတော့. . ငါသိတာပေါ့အေ့. . တော်ကြာ ဟိုတစ်ခါလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာစိုးလို့..ကိုယ့်ဘက်က အပိုင်ပြောရတာ.."

"ဟင်...တစ်ခြားဟာ ပြောပါလား!..."

"အို...ညည်းနှယ်..ဒီသူငယ်နဲ့သာ..ညည်းအစ်မ ရမယ်ဆို..ငါက သဘောတူပြီးသား...ဘယ့်နှယ့်..ဒီလောက်တော်တဲ့ ယောက်ျား ဘယ်မှာ သွားရှာမလဲ!..."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား မြယွန်းခင်!. . ."

"အင်း. . ."

"ဟား. . . အိုခေပေါ့"

ခိုင်မြ. . ဝမ်းသာအားရဖြစ်ကာ ကျော်ထွေးပခုံးကို လှမ်းဖက်သည်။ ထို့နောက် သုံးယောက်သား ကားပစ္စည်းအရောင်းဆိုင်မှ ထွက်လာကြကာ လမ်းတစ်ဖက် မျက်စောင်းထိုးနေရာရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်ကြလေသည်။

ကျော်ထွေးက ခိုင်မြနှင့် ဝပ်ရှော့ပညာသင်ဘက် သူငယ်ချင်းဖြစ်ပြီး အလုပ်ရုံတစ်ရုံတည်း အတူတူ အလုပ်လုပ်ခွင့် မရသော်လည်း အခင်အမင်မပျက် ရင်းနှီးနေသောသူများ ဖြစ်ကြသည်။ ယခုလည်း မြယွန်းခင်အတွက် ကျော်ထွေးအကူအညီနှင့်. . ကျော်ထွေး ရင်းနှီးသော ကားပစ္စည်းဆိုင်တွင် အလုပ်သွင်းပေးလိုက်ခြင်း ဖြစ်ပါသည်။

"ကျေးဇူးပဲ. . . ကျော်ထွေးရာ"

"အေးပါကွာ. . . ရပါတယ်၊ ဒါနဲ့ မင်းလည်း ဝပ်ရှော့ဆရာဖြစ်နေတာပဲ. . . မင်းနဲ့ ရင်းနှီးတဲ့ဆိုင် မပြောပဲ. . ဘာလို့"

"အင်း. . . မင်းမေးမယ်ဆိုတာ ငါသိတယ်. . . ပြဿနာက ငါ့အလုပ်ရုံပိုင်ရှင် ဦးဟာမက်ကွ. . . သူက မိန်းမ အရမ်းမုန်းတယ်၊ သူ့အလုပ်သမားတွေအားလုံး လူပျိုတွေချည်းပဲ၊ အိမ်ထောင်သည် လက်မခံဘူး၊ အလုပ်သမားတွေထဲက မိန်းကလေးနဲ့ ပတ်သက်တယ် ဘာညာ သူကြားရင်တောင် အလုပ်က ထုတ်ပစ်တယ်၊ ငါရင်းနှီးတဲ့ဆိုင်က သူရင်းနှီးပြီးသား ဆိုင်တွေကွ၊ ငါက မိန်းကလေးတစ်ယောက် အလုပ်လာ သွင်းပေးတယ် ဘာညာ. . . သူကြားသွားရင်. . . ငါ ကွိုင်လေကွာ. . ."

"ဟာ. . . မင်းဘိုးတော်က အရှုပ်ပဲကွ. . ."

"ဟုတ်တယ်. . . ငါပါ လိုက်မရှုပ်အောင် ကြိုးစားနေရတယ်"

ကျော်ထွေး လေသံနှင့် သူ့အနားကပ်ကာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား မြယွန်းခင်!. . ."

"အင်း. . ."

"ဟား. . . အိုခေပေါ့"

ခိုင်မြ. . ဝမ်းသာအားရဖြစ်ကာ ကျော်ထွေးပခုံးကို လှမ်းဖက်သည်။ ထို့နောက် သုံးယောက်သား ကားပစ္စည်းအရောင်းဆိုင်မှ ထွက်လာကြကာ လမ်းတစ်ဖက် မျက်စောင်းထိုးနေရာရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်ကြလေသည်။

ကျော်ထွေးက ခိုင်မြနှင့် ဝပ်ရှော့ပညာသင်ဘက် သူငယ်ချင်းဖြစ်ပြီး အလုပ်ရုံတစ်ရုံတည်း အတူတူ အလုပ်လုပ်ခွင့် မရသော်လည်း အခင်အမင်မပျက် ရင်းနှီးနေသောသူများ ဖြစ်ကြသည်။ ယခုလည်း မြယွန်းခင်အတွက် ကျော်ထွေးအကူအညီနှင့်. . ကျော်ထွေး ရင်းနှီးသော ကားပစ္စည်းဆိုင်တွင် အလုပ်သွင်းပေးလိုက်ခြင်း ဖြစ်ပါသည်။

"ကျေးဇူးပဲ. . . ကျော်ထွေးရာ"

"အေးပါကွာ. . . ရပါတယ်၊ ဒါနဲ့ မင်းလည်း ဝပ်ရှော့ဆရာဖြစ်နေတာပဲ. . . မင်းနဲ့ ရင်းနှီးတဲ့ဆိုင် မပြောပဲ. . ဘာလို့"

"အင်း. . . မင်းမေးမယ်ဆိုတာ ငါသိတယ်. . . ပြဿနာက ငါ့အလုပ်ရုံပိုင်ရှင် ဦးဟာမက်ကွ. . . သူက မိန်းမ အရမ်းမုန်းတယ်၊ သူ့အလုပ်သမားတွေအားလုံး လူပျိုတွေချည်းပဲ၊ အိမ်ထောင်သည် လက်မခံဘူး၊ အလုပ်သမားတွေထဲက မိန်းကလေးနဲ့ ပတ်သက်တယ် ဘာညာ သူကြားရင်တောင် အလုပ်က ထုတ်ပစ်တယ်၊ ငါရင်းနှီးတဲ့ဆိုင်က သူရင်းနှီးပြီးသား ဆိုင်တွေကွ၊ ငါက မိန်းကလေးတစ်ယောက် အလုပ်လာ သွင်းပေးတယ် ဘာညာ. . . သူကြားသွားရင်. . . ငါ ကွိုင်လေကွာ. ."

"ဟာ. . . မင်းဘိုးတော်က အရှုပ်ပဲကွ. . ."

"ဟုတ်တယ်. . . ငါပါ လိုက်မရှုပ်အောင် ကြိုးစားနေရတယ်"

ကျော်ထွေး လေသံနှင့် သူ့အနားကပ်ကာ ပြောသည်။

www.burmeseclassic.com



"မင်းကောင်မလေးက တော်တော်ချောတာနော်. . ."

ဘာကြောင့်မှန်းမသိ၊ သူ့စိတ်ထဲ. . ဝန်တိုချင်သလို ခံစားသွားရကာ ကျော်ထွေးအား တံတောင်နှင့် တွတ်လိုက်သည်။ မင်းပြစ်မှားလို့ကတော့ အသေပဲဟု ပြန်ပြောချင်သော်လည်း. . သူမ ရိုပ်မိလျှင် အားနာစရာဟု တွေးကာ မြိုချထားရသည်။

"ကျွန်မတို့ ပြန်ကြရအောင်. . . အမေတို့ချည်းပဲ ထားခဲ့ရတာဆိုတော့. . ."

"ဟုတ်သားပဲ. . မနေ့ကလို ရစ်တဲ့သူနဲ့ တိုးရင် ခက်မယ်. . ကဲ ကျော်ထွေး ကျေးဇူးတင်တယ်ကွာ"

"ကျွန်မကလည်း ကျေးဇူးတင်ပါတယ်ရှင်. . ."

"ရပါတယ်ဗျာ. . . အရင်းခေါက်ခေါက်ကြီးတွေပဲ၊ ဟဲ. . ဟဲ. . ဖဲသေချာရင် ဖိတ်စာပို့ဖို့သာ မမေ့နဲ့. . ."

"ရှင်. . ."

"ဟာ. . . ကျော်ထွေး"

"ဟိုလေ. . . သူ အလုပ်ရလို့ လစာတွေဘာတွေ ကောင်းပြီး အိမ်မှာ ရှင်ပြုနားသလုပ်တာ ဘာညာပေါ့ကွာ၊ အလှူ. . အလှူဖိတ်ရင် မမေ့နဲ့လို့ ပြောတာပါဟ. . ."

"ဩော်. . . အဟင်းဟင်း. . . စိတ်ချပါရှင်. ."

ခိုင်မြ မျက်နှာထူထူနှင့်ပင် လက်ဖက်ရည်ဖိုး ရှင်းပေးလိုက်သည်။ ကားမှတ်တိုင် ရောက်လာပြီး. . . ကျော်ထွေးနှင့် လမ်းခွဲလိုက်သည်အထိ သူမ မျက်နှာကို စေ့စေ့မကြည့်ရဲ။

"ကိုခိုင်မြ. . . ရှက်နေတာလားဟင်!. . ."

"အဲ. . ."

သူမ အမေးစကားကြောင့် သူ မျက်နှာမထားတတ်အောင် ဖြစ်သွားကာ. . အတော်အနေရခက်သွားသည်။ သို့သော်. . ငါ ယောကျ်ားပဲ

www.burmeseclassic.com



ဆိုသော မာန်မျိုး ဖွတ်သွင်း၍. . .

"မင်းရော. . . ရှက်မှာပဲ မဟုတ်လား!. . ."

"အင်း. . . ဒါပေမယ့် ကဗျာဆရာကြီးတဂိုးရဲ့ကဗျာ ဖတ်ဖူးတယ်၊ 'ဒုက္ခနဲ့ တူတဲ့အကောင်က အိမ်ရှေ့တံခါးကို ဒေါက်ဒေါက်နဲ့ လာခေါက်တဲ့အခါ. . ရင်ထဲက အချစ်တွေ ပြတင်းပေါက်ကနေ ခုန်ချ ထွက်ပြေးသွားကြတယ်တဲ့'. . . ကဗျာအတိုင်း အတိအကျတော့ မဟုတ်ဘူး။ မှတ်မိသလောက် ပြန်ရွတ်ပြတာပါ. . အခု ကျွန်မရဲ့ဘဝဒုက္ခက. . အိမ်ရှေ့ တံခါးတင် မဟုတ်ပါဘူး. . အိမ်ထဲ ဝင်ပြီးတော့ကို သောင်းကျန်းနေတော့ ကျွန်မမှာ ရှက်တောင် မရှက်နိုင်တော့ဘူးလေ. . ."

"ဘာပဲဖြစ်ဖြစ် ငါတောင်းပန်ပါတယ်၊ ငါ့သူငယ်ချင်းက ဒီလို တော့ အစသန်တယ်. . ."

ထိုအခိုက် သူတို့ရှေ့မှ ဆူဇူကီးပစ်ကပ်တစ်စီး ဖြတ်မောင်း သွားပြီးမှ ရုတ်တရက် လမ်းဘေး ထိုးရပ်ကာ နောက်ပြန်ဆုတ်လာသည်။ ခိုင်မြ ခေါင်းငုံ့ပြီး စကားပြောနေချိန်နှင့် တိုက်ဆိုင်ကာ သတိမထားမိ။ နောက်ပြန်ဆုတ်လာသော ကားက သူတို့ရှေ့တည့်တည့် ရပ်လိုက်မှ ခိုင်မြ အမှတ်တမဲ့ လှမ်းကြည့်ဖြစ်သွားသည်။

"ဟာ. . . အပါကြီး. . ."

ကားရှေ့ခန်းထဲမှ. . . မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်နေသော အပါကြီးမျက်နှာက စနက်တံ ဖြုတ်ထားပြီးသား ဗုံးတစ်လုံးနှယ်. . .။ သူကိုယ်တိုင်လည်း ရင်ဘတ်မှာ ကပ်ထားသော ဗုံးတစ်လုံး၏ ပေါက်ကွဲ တော့မည့်အချိန်ကို စောင့်နေရသလို နှလုံးခုန်သံပါ ရပ်သွားသည်။

မည်သည့်ဗုံးမှ မကွဲပါချေ။ သို့သော် အံကြိတ်ပြီးပြောသော အပါ ကြီး၏စကားတစ်ခွန်းက သူ၏စိတ်ကို လွင့်စဉ်သွားစေလေတော့သည်။

"ဒီနေ့ မင်းရဲ့နောက်ဆုံးလစာ လာထုတ်ပါ. . မင်းကိုငါ အလုပ် ဖြုတ်လိုက်ပြီ. . ခိုင်မြ. . ."



www.burmeseclassic.com

www.burmeseclassic.com



အပါကြီး၏စကားသံအဆုံးမှာ. . . သူ့ရှေ့က ဆူဇူကီးကားပါ. . လျှောခနဲ ထွက်ခွာသွားသည်။ သူ အံကို တင်းတင်းကြိတ်ပြီး ခေါင်းမော့ကာ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပစ်လိုက်သည်။

"သူ. . . သူက. . ."

"လက်ဖက်ရည်ဆိုင်မှာတုန်းက. . ငါပြောတဲ့. . မိန်းမမုန်းတဲ့ အလုပ်ရှင်ပဲ. ."

"ဟယ်. . . ဒုက္ခပါပဲ. . ."

"ပြဿနာ မရှိပါဘူး မြယွန်း. . . စိုသောလက် မခြောက်ချင်တာ တစ်ခုပါပဲ၊ ကိုယ့်မှာ အတတ်ပညာ ရှိပြီးသားပဲလေ၊ ခုတော့လည်း ပြီးပြီပေါ့. . . ဒီလိုလုပ်ပါ မြယွန်းကို taxi ငှားပြီး အိမ်ရောက်အောင် ပို့ခိုင်းလိုက်မယ်၊ ကိုယ်. . . အလုပ်ရုံကို ဆက်သွားမယ်. . . တစ်ခုတော့ တတိတောင်းချင်တယ်. . ."

"ပြောပါ. . ကိုခိုင်မြ"

"တိစ္စအားလုံးကို အဒေါ်တို့ လုံးဝမသိပါစေနဲ့. . ."

ပန်းဝတ်ရည်နှင့် လင်းနေသော. . သူမ မျက်ဝန်းထဲမှာ တစ်စုံ တစ်ရာကို မြင်လိုက်ရ၍ သူ ကျေနပ်သွားပါသည်။ အရက်သမားတစ် ယောက် သေဆုံးခါနီး အရက်တစ်ခွက်လောက် သောက်လိုက်ရသလိုမျိုး အာသာပြေပြေနှင့် သေဖို့. . အသင့်ဖြစ်သွားသည်။

သူ taxi တစ်စီးတားပြီး အိမ်လိပ်စာ တိတိကျကျ လမ်းညွှန်ကာ ကားခရှင်းပေးလိုက်သည်။ ကားဘီးလှိမ့်မှ. . နှုတ်ဆက်သလို တစ်ချက် လှည့်ကြည့်လိုက်သော အကြည့်တစ်ချက်. . .။

(ငါရှုံးပြီ ကောင်မလေးရေ. . .)



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းခင် အလုပ်ရသွားခြင်းအတွက် သူမ မိသားစု. . . ဝမ်းသာမဆုံး တပြုံးပြုံး ရှိနေသော နေ့ရက်များက. . တရွေ့ရွေ့ ကုန်လွန် တိုက်စား လာခဲ့သည်။ အစပိုင်းက တစ်ပတ်တန်သည်နေဖို့ စကားရှိခဲ့ပြီး အလုပ်ရလျှင် ဆက်နေသွားနိုင်ဖို့ သူတာဝန်ယူသည် ဟူသော. . စကား အခံလည်း ရှိထားသည်။ ထို့ကြောင့် မြယွန်း အလုပ်စဆင်းသည့်ရက်မှစ၍ လစာ ထုတ်သုံးနိုင်မည့်ရက်အထိ မိသားစု စားစရိတ်အတွက်. . . သူ တာဝန်ယူ ပေးနေရသည်။ အရင်တုန်းက. . တစ်လဝင်ငွေ တစ်ယောက်ထဲ သုံးရတာ ပြဿနာမရှိ။ အပျော်အပါး အသောက်အစား မရှိသော သူ့အ တွက် ပိုလျှံလို့တောင် နေသည်။ ပိုသမျှတော့ ဘဏ်စာအုပ်ထဲ ထည့်ဖြစ် သည်။ ယခုမူ. . . မြယွန်းခင်တို့ မိသားစုငါးယောက်နှင့် သူ အပါအဝင် ခြောက်ယောက်စရိတ်အား ထုတ်သုံးနေရသဖြင့်. . . သူ၏လက်ကျန်ငွေ နှင့် နောက်ဆုံးလစာမှာ ငါးကန်ထဲ ပေါက်ပေါက်ဆုတ် ကျသည့်နှယ်. . ပြုတ်ပြုတ်နှင့် ဆယ်ရက်ပင်. . မပြည့်။ ထို့အပြင် မြယွန်း၏ နေ့လည် လမ်း စရိတ်နှင့် ထမင်းဘူးက ရှိနေသဖြင့် ငွေပြတ်သွားလို့မဖြစ်. . ဘဏ်စာအုပ်ထဲ အလီလီ ထည့်စုထားသော ငွေလေးအား တစ်ချိုတည်း

www.burmeseclassic.com



နှင့် ထုတ်ကာ သုံးရသည်။

မနက်လင်းသည်နှင့် အဆာပြေ။ ထို့နောက်. . ဈေးဖိုး။ မြယွန်းလမ်းစရိတ်နှင့် ထမင်းဘူး၊ နေ့လည်ခင်း. . ကလေးမုန့်ဖိုး။ မြယွန်းမိခင်က လက်ဖက်ရည် ကြိုက်သည်။ သူလည်း အလုပ်မဆင်းရ၍ ပျင်းနေသဖြင့် တူဝရီးနှစ်ယောက် လက်ဖက်ရည် ပါဆယ်ကြီး ဆွဲသောက်သည်။ ညနေပိုင်း လမ်းထွက်လျှောက်သည့်နေ့ ပိုက်ဆံနည်းနည်းကုန်တတ်သည်။ တစ်လလုံး အလုပ်ဆင်းနေရသော မြယွန်းမှာ အဝတ်အစားကောင်းကောင်းက တစ်စုံသာ ရှိသဖြင့် ထည်လဲဖယ်လဲ ဝတ်ရန် သုံးစုံထပ်ဖြည့်သည်။ ဖိနပ်။ မြယွန်းအတွက် ဖိနပ်လိုသလို. . ကလေးတွေလည်း ဖိနပ်မရှိ။ ရှိတာက မကောင်း၊ ဘယ်လိုမှ အမြင်မတော်။ အားလုံးအတွက် ဖိနပ်ဝယ်သည်။ နောက်ထပ် အမြင်မတော်တာတွေထဲက တစ်ချို့ကို အတိတ်မေ့ထားပြီး တစ်ချို့တော့ မျက်စိမှိတ်ကာ လုပ်ပေးရသည်။ အပျိုပေါက်ကလေးတွေ အဝတ်အထည် မကောင်းတာထက် မလုံခြုံသဖြင့် လုံခြုံပေးရသည်။ ဒီကြားထဲ. . နို့ညှာမက ဝက်ရူးပြန်ရောဂါ ရှိနေသည်။ လဝက်အတွင်းမှာ နှစ်ခါ တွန့်လိမ်ကောက်ကွေးသွားလို့ ဆေးခန်းပို့ရသည်။ ဒေါက်တာ ငွေးလွင်. . ဆေးခန်းက မြေညီထပ်တွင် ရှိနေပေလို့သာ. . .။

ဤသို့ဖြင့် အလီလီ စုပြီး တစ်ခါတည်း ထုတ်သုံးလိုက်သော ငွေကလေးလည်း. . တစ်သက်လုံး မွေးလာတဲ့ကြက် တစ်မနက်တည်း ရိုက်ချက်စားသလို. . ကုန်သွားသည်။ သူငွေပြတ်သည့်ရက်နှင့် မြယွန်း လစာထုတ်သည့်ရက်က. . . ချိပ်မိသွားလို့ တော်သေးသည်။ သို့သော်. . .

မြယွန်းခင် အလုပ်က ပြန်ရောက်သည်နှင့် အဝတ်အစားတောင် မလဲနိုင်ပဲ လစာငွေအား မိခင်ထံ အပ်လိုက်သည်။

"အားလုံး ခြောက်သောင်းပါ. . . အမေ. ."

"ဟင်. . . သမီးပြောတော့. . ဒီလ အစမ်းခန့်လို့ ငါးသောင်းပဲ ရမယ်ဆို. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . ကိုခိုင်မြဲရဲ့ကျေးဇူးကြောင့်ပါ . . သမီး လုပ်ငန်းကျွမ်းကျင်အောင် ညတိုင်း ကားပစ္စည်း အမျိုးအမည်တွေ . . ပစ္စည်းရှာရမယ့် ပုံစံတွေ သင်ပေးတာလေ၊ အဲ့ဒါ အလုပ်ရှင်က . . သမီးကို ကျွမ်းကျင်တယ်ဆိုပြီး ဒီလမှာပဲ မှုရင်းလစာ . . စပေးတာ"

"ဩော် . . အေး . . အင်း . . ငါ့တူကြီးရဲ့ကျေးဇူးကတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ ဒါနဲ့ . . မောင်ခိုင်မြဲရော မမြင်ပါလား . ."

"မြေညီထပ်မှာ . . တွေ့ခဲ့တယ် အမေ၊ အတိုး စက်ဘီးစီး သင်ချင်တယ်ဆိုလို့ . . စက်ဘီးငှါးပြီး သင်ပေးနေတယ် . ."

"အင်း . . . ကလေးတွေလည်း မောင်ခိုင်မြဲကို ညှဉ်းဆဲတာ များနေပြီ . . အဲဒါကြောင့် ဒီလတော့ အမေ . . ဒီလိုလုပ်ချင်တယ်"

"ဟုတ် . . ပြောပါ အမေ"

"အမေတို့ကို နေဖို့လည်း ပေးရ စားဖို့လည်း ပေးရနဲ့ . . သူ့မှာ ပင်ပန်းလှပြီ၊ ဒီလကစပြီး အမေတို့ဘာသာ ကိုယ့်စရိတ်နဲ့ကိုယ် စားကြမလားလို့ . . ."

"ဟုတ် . . . ကောင်းပါတယ် အမေ၊ ဒါပေမယ့် သူတစ်ယောက်စာတော့ ကိုယ့်ထဲမှာပဲ ထည့်ချက်ပေးမှ ကောင်းမယ် . . . အမေရဲ့ . ."

"ချက်ရမှာပေါ့ . . . အခု ဈေးဖိုးဆန်ဖိုးက . . . တစ်ရက်ကို ငါးထောင်ကုန်တယ် . . . အမေ သူ့ဆီက နှစ်ထောင်ပဲ တောင်းမယ်"

"အို . . . အမေ"

"ဟဲ့ . . . ပိုက်ဆံပဲ တောင်းမှာပါ၊ ချက်တာက . . အမေ ချက်မှာလေ . ."

သူမရင်ထဲ လှိုက်ခါသွားပြီး မိခင်မျက်နှာအား အံ့အားသင့်စွာ ကြည့်မိသည်။ သူမတို့မိသားစုအတွက် ခိုင်မြဲ၏ဘဝ အဘယ်မျှ ယိုင်ထိုးသွားသည်ကို အမေ မသိလေရော့သလား။ မသိလည်း သိမှဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မပြောဖို့ ခိုင်မြဲ ကတိတောင်းထားသည်။ မတတ်နိုင်ပြီ. . . သူမ မိခင်၏ ရိုးသားစွာ အမြင်ကျဉ်းမြောင်းမှုက တစ်ဖက်သားအတွက် ရင်ခံသွားနိုင်သည်။

"အမေ. . . စားစရိတ်အတွက် သူ့ဆီက တောင်းလို့ မကောင်းဘူး ထင်တယ်. ."

"ဘာကွဲ့. . . မတောင်းနဲ့ဆိုတာ ညည်းက သူ့ကိုပါ လုပ်ကျွေးချင်တာလား!. ."

"မဟုတ်ဘူး အမေ၊ သူ. . သူ့မှာ အလုပ်မရှိတော့. ."

"အင်း. . ငါထင်သားပဲ၊ ဒါကြောင့် ဒင်း ဒီတစ်လလုံး အိမ်မြဲနေတာ. . ငါ သဘောပေါက်ပြီ မြယွန်း. . ."

အမေ ဘာတွေ အတွေးချော်တော့မလဲဟု မြယွန်း လန့်ဖြတ်စွာကြည့်သည်။

"ရန်ကုန်သူ. . ရန်ကုန်သားများ. . တယ်ကြောက်စရာကောင်းပါလား!. . ."

"ရှင်. . . အမေ. . အမေ ဘာတွေပြောနေတာလဲ!. . ."

"ဟင်. . . ညည်း ပညာတွေ တတ်ပြီး ဒီလောက်တောင် မတွေးတတ်ဘူးလား!၊ ဒီအကွက်ကို ငါသိတယ်. . ငါတို့မိသားစုကို နေစရာပေးပြီး. . စားစရိတ် ခိုတဲ့နည်းလေ. . တစ်နည်းပြောရင် အိမ်ငှါးခကို စားစရိတ်နဲ့ ချေတာပေါ့ဟယ်. . ."

"ဟာ. . . အမေ မဟုတ်ဘူး၊ မဟုတ်ဘူး အမေ. . . ကိုခိုင်မြဲက ဒီလိုလူမျိုး မဟုတ်ပါဘူး"

မြယွန်း ပြောရင်းနှင့် မျက်ရည်တွေပါ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"မဟုတ်ရင်. . . သူ ဘာလို့ အလုပ်မဆင်းတော့တာလဲ!၊ ညည်းစဉ်းစားလေ. . ဒီမှာ မိယွန်း. . ငါက. . အမေတစ်ယောက်ပါဟဲ့. . ကိုယ့်

www.burmeseclassic.com



သမီး အပျိုနုနုထွတ်ထွတ်လေးရဲ့ ချွေးနည်းစာနဲ့ တစိမ်းတရံကို. . . နှလုံးကောင်းဝမ်းဖောင်းတော့ လုပ်မပေးနိုင်ဘူးအေ့၊ ညည်းတို့ ညားနေကြရင် တစ်မျိုး. . . "

သူမ လန့်မအော်မိအောင်. . ပါးစပ်ကို လက်ဝါးနှင့် ပိတ်ပြီး နောက်သို့ယိုင်သွားသည်။ ဒေါ်အေးတင်ကတော့ မြယွန်းပေးသော ပိုက်ဆံကို လက်မှာ ကျစ်နေအောင် ဆုပ်ကာ. . ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ့ ထိုင်ရင်းဆေးပေါ့လိပ်ကို မီးညှိရှိုက်ဖွာပစ်လိုက်သည်။ နောက်ထပ် ဘာတွေပြောဦးမလဲ!။ အခန်းတံခါး ဖွင့်ထားသဖြင့် ခိုင်မြတို့ တက်လာလျှင် ဘုရား. . ဘုရား. . မတော်တဆ ကြားသွားလျှင်. . .

မြယွန်းခင် သိပ်ကြာကြာ မတွေဝေနိုင်ပဲ မျက်ရည်လည်ရွှဲနှင့် တံခါးထပိတ်သည်။

"အို. . . "

ခိုင်မြ အခန်းအပြင်ဖက်. . . နံရံမှာ ရှိနေလေသည်။ မြယွန်းကို မြင်တော့ သူပြုံးပြသည်။ နာကျင်သော်လည်း ခံနိုင်ရည်ရှိသော အပြုံးမျိုး။ ထို့နောက် သူမကို ခေါင်းတစ်ချက် ဆတ်ညိတ်ပြကာ. . . လှေခါးအတိုင်း ဆင်းသွားသည်။ မြယွန်း တံခါးမပိတ်နိုင်ပဲ အခန်းဝမှာပင်. . အရုပ်ကြိုးပြတ်. . ထိုင်ချပစ်ကာ ငိုတော့သည်။

"ဟဲ့. . . မိယွန်း၊ နင်က အဲ့ဒါ ဘာဖြစ်တာလဲ!. . "

"အမေ. . . မတရားဘူး၊ ဟင့် ဟင့် ဟင့်. . . "

"အောင်မာ. . . ကောင်မ နင်က. . "

အောက်မှာ ကစားပြီး ပြန်တက်လာသော ကလေးသုံးယောက် အခန်းဝ အရောက်နှင့် အတော်လေး ဆူညံသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း – မြောက် )

ဪ ကောင်းကင်က အလင်းတံခါးကို ပိတ်ပြီး . . အေးစက်သော နှင်းစတစ်ချို့ကို ခါချသည်။ လရောင်ကို မြို့မထားဘဲ . . အန်ထုတ်သဖြင့် နက်ကျောကျော ဆောင်းအင်္ကျီကို လင်းဖြာသွားစေသည်။ လေပြည်စိမ့်စိမ့်ထဲ ဆိတ်ဖလူးနံ့တစ်ချို့ ပါလာသည်။ သူ၏အသက်ရှူသံ ကို သူပြန်ကြားရသည်အထိ တိတ်ဆိတ်သွားသဖြင့် ခွာညိုနံ့ သင်းသင်း လေးအား သတိထားမိသွားသည်။

"အရမ်းအေးနေပြီ . . ."

တိုးညှင်းလွန်းသောအသံ ဖြစ်လင့်ကစား ပြတ်သွန်းဆိုတာ ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



က သိပြီး ချက်ချင်းလှည့်ကြည့်သည်။

"မင်း. . မအိပ်သေးဘူးလား မြယွန်း!. . မနက် အလုပ်ဆင်းရမှာလေ. . ."

သူမဆံပင်တွေ လွင့်မျောအောင် ခေါင်းခါရင်း. . . သူ့ဘေးက ပလက်ဖောင်းစွန်းမှာ ဝင်ထိုင်သည်။ ခပ်ဝေးဝေးက လင်းဖြာနေသော မာကျူရီမီးရောင်တစ်ခြမ်းနှင့် လရောင်တစ်ခြမ်းဆမ်းထားသော သူမ၏ ပန်းပွင့်မျက်နှာ. . မည်မျှလှနေကြောင်း မြင်နေရသည်။

"မြယွန်း. . ဟင့် အင့်. . မြယွန်း တောင်းပန်ပါတယ်. . အင့်. ."

"ငါ နားလည်ပါတယ်. . ငါက မိဘရင်ငွေ့နဲ့ မကြီးပြင်းရပေမယ့် မိဘတွေဟာ. . သားသမီးအပေါ် ဘယ်လိုမေတ္တာမျိုးနဲ့ ချစ်တယ်ဆိုတာ မတိုင်းတာဘဲ အလွယ်တကူ သိနိုင်တယ်၊ မိဘတစ်ယောက် သိပ်အတ္တကြီးလာရင်. . . သူ့သားသမီးအတွက် အချစ်ကြီး၊ မေတ္တာအားကြီးလာတာပဲ မြယွန်း၊ မင်း ကံကောင်းပါတယ်. . . ငါ့မှာ အဲ့သလို အတ္တကြီးကြီးနဲ့ ချစ်မယ့် အမေနဲ့ ဆုံစည်းခွင့် မရလိုက်ဘူး၊ ငါသိပ်အားကျမိတယ်ဟာ"

"တော်ပါတော့. . ကိုခိုင်မြ၊ ဟင့်. . အင့်. . ရှင် ကျွန်မ စိတ်ပြေအောင် တမင်ပြောနေတာ. . မဟုတ်လား. . . ဟင့်"

"မဟုတ်ဘူး မြယွန်း. . . ဒီထက်ဆိုးဝါးတဲ့အဖြစ်တွေ ရင်ဆိုင်ရလည်း ငါ အပြုံးပျက်မှာ မဟုတ်ဘူး. . . အဲဒါ ဘာလို့လဲ သိလား!"

မြယွန်း တစ်ချက်ရှိုက်ပြီး လှည့်ကြည့်သည်။ လရောင်နှင့် စိုလက်နေသော မျက်ဝန်းလေးအား သူ မက်မူးစွာ. . ငေးကြည့်ရင်းက. . .

"ငါ မင်းကို မြင်မြင်ချင်း ချစ်ခဲ့တယ် မြယွန်းရယ်. . . အဲ့ဒီ အချစ်က. . . ငါ့ရင်ထဲကို ဖော်မပြနိုင်တဲ့ ခံယူနိုင်စွမ်းတွေ ထည့်ပေးထားတယ် ခုချိန်မှာ မိုးပြိုလာရင်တောင်. . ငါ အေးအေးဆေးဆေး မော့ကြည့်ပြီး မြယွန်းကို ချစ်တယ်လို့ ပြောမိမှာပဲ. . ."

ခိုင်မြက ရှက်ရွံ့စွာ ငုံ့ချထားသော. . သူမ မျက်နှာလေးအား

www.burmeseclassic.com



မေးဖျားလေးမှ မ,၍ ဖော်ကြည့်သည်။ ထို့နောက်. . သူမ၏ ပခုံးသား လေးအား နူးညံ့စွာ ပွေ့ယူထားလိုက်တော့သည်။

ရှန်းဆွဲခြင်းမဲ့ ပြိုကျနေသော သူမ ခန္ဓာကိုယ်လေးအား. . . အသာအယာ ခွာယူပြီး. . . ထရပ်လိုက်ကြသည်။

"ငါ တစ်သက်လုံး ချစ်မယ် မြယွန်း. . ဖြစ်ရဲ့လား!"

မြယွန်း ခေါင်းညိတ်သဖြင့်. . . သူ ကြည်နူးစွာ ဖက်ထားမိပြန် သည်။ ဒီလိုညမျိုး ညတာရှည်လည်း နှမျောစရာ မရှိတော့ဟုတွေးကာ တောင်းကင်ကို မော့ကြည့်သည်။ လလေးကလေးထဲ. . သူတို့နှစ်ယောက် အတူလိုက်ပါနိုင်လျှင် ကောင်းလေစွ. . .။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



သည် နောက်ပိုင်း သူ၏ရပ်တည်မှုအတွက် ကျော်ထွေး၏ ဝပ်ရှော့မှာ. . ကျော်ထွေးအကူအညီနှင့် ကြားပေါက် ဝင်လုပ်ခွင့် ရသဖြင့် အသက်ရှူချောင်သွားသည်။ နေ့တိုင်းတော့ မဟုတ်၊ အလုပ်ပေါ်လျှင် ပေါ်သလို ဝင်လုပ်ရခြင်း ဖြစ်သည်။ သို့သော်. . အတတ်ပညာနှင့် တာဝန် ယူပေးနိုင်ခြင်းကြောင့်. . ပုဒ်ပြတ်လက်ခ သဘောမျိုးရကာ တစ်ဝမ်းတစ် ခါးတော့ အဆင်ပြေပါသည်။

မြယွန်းခင်. . ဒုတိယလစာ ထုတ်ပြီးချိန်မှာ အခြေအနေ တစ်မျိုး ပြောင်းသွားသည်။ တစ်ညနေ သူမ အလုပ်မှအပြန် ဝင်ကြိုရင်း ပြောဖြစ် ကြသည်။

"မြယွန်းတို့. . . ပြောင်းကြမယ် မောင်. . ."

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ!၊ မောင့်ဆီမှာ နေရတာ အဆင်မ ပြေလို့လား!. . ."

"လိုလေသေး မရှိပါဘဲ မောင်ရယ်. . ဒါပေမယ့် အတွေးအမြင် အားနည်းတဲ့ အမေ့ကြောင့် မောင် စိတ်အနှောင့်အယှက် ဖြစ်ရတာကို



www.burmeseclassic.com

www.burmeseclassic.com



မြယွန်း ကြည့်မနေနိုင်တော့လို့ပါ. . ."

"ရပါတယ်ကွာ. . . အခုဆို အများကြီး ကျင့်သားရနေပါပြီ"

"ဟင့်အင်း မောင်ရယ်. . . ပြောင်းမှဖြစ်မယ်. ."

"ဟုတ်ပြီလေ. . . မြယွန်းတို့ ဘယ်ကို ပြောင်းမလဲ!. . . အိမ်ငှါး စရိတ်ကရော. . ."

"မြယွန်း အလုပ်ရှင်က. . မောင်တို့ရပ်ကွက်နဲ့နီးတဲ့ စိမ့်ကိန်း ရပ်ကွက်ထဲမှာ အိမ်ဝယ်ထားတာ ရှိတယ်၊ ဈေးကောင်းရရင်. . . ပြန်ရောင်းဖို့ ထားတာဆိုတော့. . . လောလောဆယ် အိမ်ငှါးလည်း မရှိ၊ အိမ်စောင့်လည်း မရှိနဲ့ အိမ်တောင် တော်တော်ပျက်နေပြီလို့ ပြောတယ်၊ အဲ့ဒါ မြယွန်း အခက်ခဲကို ပြောပြတော့ အလုပ်ရှင်က အိမ်ပြင်ပြီးရင် အဲ့ဒီမှာ သွားနေဖို့ ပြောတယ်၊ သူ့ဆီမှာ အလုပ်လုပ်နေသရွေ့ နေခွင့်ရှိ မယ်တဲ့၊ လစာလည်း မယူဘူး မောင်. . ."

"အင်း. . . အဆင်တော့ ပြေသားပဲ. . . ဒါပေမယ့်. ."

"ဒါပေမယ့် ဘာဖြစ်လဲ မောင်ရဲ့!"

"မောင်က. . . သေအောင် လွမ်းပြီပေါ့ကွ. ."

"ဟင်. . . နီးနီးလေးဟာကို. . ."

သူတို့နှစ်ယောက် စကားပြောရင်း လျှောက်လာပြီး. . ခရီးသည် နားနေဆောင်အောက် ဝင်ရပ်လိုက်ကြသည်။

"အင်းလေ. . တို့က အတက်အဆင်း အရမ်းများတဲ့ ကုန်းတံတား တစ်ခုရဲ့အစမှာ ဆုံခဲ့ကြတာကိုး၊ အခုလည်း အတက်အဆင်း လှေခါးတွေ အရမ်းများတဲ့ တိုက်ခန်းအလွှာ တစ်ခုမှာ. . ဝေးခွဲကြရတာ ဘာဆန်းလဲ!"

"တစ်သက်လုံး မဟုတ်ဘူးလေ. . . မောင်. ."

သူမ လန့်ဖြတ်ကာ. . အော်ပြော၍ ခိုင်မြဲ ပြုံးကာ ကြည့်သည်။ ပြီးမှ နားနားကပ်၍. . .

"တစ်သက်လုံး ခွဲရမယ်မှန်းသိရင်. . အခန်းထဲ ပိတ်လှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"သွား. . . သူလည်းအပြင်ကပဲ နေနိုင်လို့လား!. . "

"သော့က မောင့်လက်ထဲမှာလေ"

မည်သို့ဆိုစေ. . သူ ကျေနပ်စွာ သဘောတူပေးလိုက်ပါသည်။ သူမတို့ ပြောင်းရွှေ့မှုအတွက် သူကိုယ်တိုင် ကားငှားကာ စီစဉ်ပေးသည်။ သူမတို့ နေထိုင်ရမည့် အိမ်ကလေးအတွက်. . အကြမ်းဖျင်း လိုအပ်ချက်ပါ နှစ်ရက်တိတိ အချိန်ယူ၍ သွားရောက်ပြင်ဆင်ပေးခဲ့ပါသည်။ သို့သော်. . သူပို၍ဂရုစိုက်လေ သူ၏ယောက္ခမလောင်း ဒေါ်အေးတင်၏ မျက်နှာ ပို၍မာကျောလေ ဖြစ်ရသည်ကား. . ဝမ်းနည်းစရာ ကောင်းလှသည်။

"အင်း. . မင်း ကူညီတာကိုတော့ အသိအမှတ်ပြုပါတယ်ကွယ်၊ ဒါပေသိ ငါတို့ ရင်းနှီးတာပဲဆိုပြီး. . ..အိမ်ကို မကြာခဏ လာလည်တာ မျိုးတော့ မလုပ်နဲ့ မောင်ခိုင်မြ၊ ဒီအိမ်က အပျိုရှိတဲ့အိမ်ဆိုတော့ ဗတ် ဝန်းကျင်ကို ဂရုစိုက်ရလိမ့်မယ်. . . "

မိခင်၏စကားကြောင့် မြယွန်း မျက်နှာပူသော်လည်း ခိုင်မြ အပြုံးမပျက်ပါ. . ဒေါ်အေးတင် အလစ်မှာတောင် အားပေးစကား ပြော နိုင်သော ခိုင်မြ၏ နှလုံးသားကို မြယွန်း အလေးပြုရတော့သည်။

"အမေဆိုတာ. . . သူ့မျက်စိရှေ့မှာပဲ သမီးကို အတ္တကြီးကြီး ချစ်နိုင်တာကွ. . . "

"မောင်ရယ်. . . "

"ပြဿနာမရှိဘူး. . မင်းအတွက် မိုးပြိုတာတောင် အပြုံးမပျက် ဘူး. . . "

●

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



နှစ် လကျော်ကျော်လောက် စည်စည်ဝေဝေလေး နေခဲ့ရသော အခန်းလေးထဲ ရုတ်ချည်း ခြောက်ကပ်သွားခြင်းအတွက် သူ မနေတတ်အောင် ဖြစ်နေခိုက်. . . တစ်ဖက်ခန်းသို့ ပန်းချီဆရာမိသားစု ရောက်လာသဖြင့် နည်းနည်းဖြေသာသွားသည်။ ပန်းချီဆရာ ကိုစောတင်မောင်၏ ပင်ကိုယ်ဖော်ရွေသောစရိုက် ရှိသဖြင့်. . သူနှင့် မိတ်ဆွေဖြစ်ကာ ရင်းနှီးသွားကြသည်။ အလုပ်မရှိ အကိုင်မရှိ ငုံ့တိတိ နေ့,နေရချိန်တွင် ကိုစောကြီးဘေးသွားထိုင်ရင်း သူ နားမလည်သော ဆေးရေးပန်းချီကားတွေထဲ. . စိတ်ကို နှစ်မြှုပ်ခွင့် ရခဲ့သည်။ အပျင်းပြေ လက်ဖက်ရည် ဆင်းသောက်တဲ့အခါ. . စကားပြောဖော်လည်း ဖြစ်ခဲ့ပါသည်။

သို့သော်. . ထိုကာလက သိပ်မရှည်ကြာ။ တစ်ရက်. . အခန်းသို့ ဟာရှင်နှင့် ကျော် ကွေးတို့ ရောက်လာကြသည်။ အပါကြီး ခေါ်ခိုင်းသည်ဟု ဆိုပါသည်။ အလုပ်ရုံ ရောက်မှ. . .

"မင်း ဘာလို့ ငါ့ကို ပွင့်ပွင့်လင်းလင်း မပြောတာလဲ!. ."

"ဘာကိုလဲ. . . အပါကြီး!. . ."

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ကိစ္စလေကွာ. . ."

"ဒါက. . အပါကြီး ဆုံးဖြတ်တာပဲလေ. . . ကျွန်တော် ဘာပြောစရာလိုလဲ!. . ."

"မင်း အဲ့ဒါ ခွကျတာပေါ့. . မနေ့ကမှ မင်းသူငယ်ချင်း ဝပ်ရှော့ဆရာ. . ကျော်ထွေးပြောမှ ငါ အဖြစ်မှန် သိရတာ. ."

"အဲ့ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ!. . ."

"အလုပ်ပြန်ဆင်းပေါ့ကွ. . ."

"အပါကြီးပဲ အမျိုးမျိုး. . ."

"ဟ. . တစ်မျိုးတည်း ဖြစ်ချင်ရင်. . မိန်းမနဲ့ မပတ်သက်နဲ့လေ"

"ကဲဗျာ. . . ခုရှုပ်မှ နောင်ရှင်း၊ စကားအပြတ်ပြောထားမယ်လောလောဆယ်တော့. . . ကျွန်တော် မိန်းမ မရှိဘူး၊ မယူဘူးလို့လည်း အာမ,မခံနိုင်ဘူး၊ နောင် ယူဖြစ်သွားရင်. . အပါကြီးဆီမှာ မလုပ်တော့ဘူး"

"ရတယ်. . အခု မိန်းမ မရှိဘူးနော်. . အလုပ်လုပ်. . ဒါပဲ. ."

"လုပ်မယ်. . စိတ်ချ"

သည်နောက်မှ. . . ကျော်ကွေး ပြော၍ သိရသည်မှာ လက်ခံထားသော EFI အင်ဂျင်ကြောင့်. . ကြားပေါက်ငှါးသော ဝပ်ရှော့ဆရာနှစ်ယောက် ပြောင်းသွားပြီး crank တစ်ချောင်းကျိုးသွားသည်ဟု ဆိုပါသည်။

ထို့ကြောင့် ခိုင်မြဲ တစ်ယောက် ဦးဟာမက် ဝပ်ရှော့မှာ ပုံမှန်ပြန်ဖြစ်ခဲ့ရတော့၏။

ၜ ၜ ၜ ၜ

www.burmeseclassic.com

www.burmeseclassic.com



**ဒေါင်**. . ဒေါင်. . ဒေါင်. . ဒေါင်. .

မီးကင်းတဲဆီမှ. . အိပ်မှုန်စုံမွှား ထုရိုက်နေသော. . သံချောင်းခေါက်သံ ဆယ့်နှစ်ချက်တိတိ စီးဝင်လာမှ. . သူ အတွေးဖြတ်ကာ. . အိပ်ဖို့ သတိရသည်။ ဖွင့်ထားသော. . ခေါင်းရင်းပြတင်းဆီ မော့ကြည့်တော့. . ကြယ်တစ်မှုန်နှစ်မှုန်လောက်သာ မြင်ရပြီး. . . သူ စီးနှင်ချင်သော လလှေကလေး မရှိတော့ပြီ။

ဖုံမဟုတ် ပတ်မဟုတ် ဆောင်းရာသီလည်း. . ညသန်းခေါင်ကျော်မှ ကြက်သီးမွေးညှင်းထပြီး နှင်းတွေ ခါချလိုက်ပုံရသည်။ ဖြတ်သုတ်လာသော လေနုကလေးထဲ အအေးကဲလာသဖြင့်. . သူ တစ်ချက် အဟျင်းဆန့်ကာ ပြတင်းတံခါး ထပိတ်လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း – ခုနစ် )

ငါးနရီအိုချိန်က တိမ်အိုတိမ်တိုက်ကြီးတွေကြောင့်. . အစောကြီး မှောင်သွားသည်။

တစ်ဆောင်းလုံး နွမ်းခဲ့သမျှ တစ်နွေလုံး လန်းရတော့မည့်နှယ် မိုးက ရွာချသည်။ *"နွေရာသီပဲကွာ ထားလိုက်ပါ. . မိုးကျခါနီးမှပဲ လုပ်တာပေါ့"* ဆိုသော အမိုးအကာလုပ်ဖို့ လိုအပ်နေသူများအားလုံး ဝရုန်းသုန်းကား ဖြစ်စေသောမိုး ဖြစ်သည်။ ဖြိုးတိုးဖျောက်တောက်. . မဟုတ်။ ဗိုးဗိုးဗေါက်ဗေါက် ကြဲချသော. . မိုးသီးတွေပါ ပါလာသည်။

တာပေါ်လင် မိုးထားသော. . စိုင်းတို့ ညီအစ်ကိုများနေထိုင်သော တဲ ဆိုင် အမိုးလည်း တစ်ပြင်လုံးနီးပါး အပေါက်အပြဲတွေနှင့် ရှိနေ၍. .

www.burmeseclassic.com



မိုးသီးများ ကျွံကျလာကာ. . အရက်ငှဲ့ထားသော ဖန်ခွက်ထဲ. . ကလုံကလောင်နှင့် ဝင်ကုန်သည်။

"နချရယ်. . . အိုက်(စ်)ကွ. . . ဂွတ်တယ်. . . "

အမြည်းအတွက် ကြော်လှော်ပြင်ဆင်ကာ. . ခင်းကျင်းထားသော ဟင်းစားပွဲနေရာ မိုးရွာနေ၍ စိုင်းမောင်. . ထီးနှစ်လက် ပြေးယူပြီး ဖွင့်မိုးပေးထားသည်။

"တကယ်ဆော်တာဟေ့. . ငါ့လည်း ထီးလေးဘာလေး ပေးကြပါဦး. . . "

မိုးသံလေသံ အော်ဟစ်သံတွေနှင့်. . ကောင်တာပေါ် ဆောင့်ကြောင့်ထိုင်နေသော ဦးစိုင်း လှမ်းအော်သံကို ပေါ်တော တစ်ယောက်သာ ကြားပြီး. . ဒယီးဒယိုင် ထသည်။ မနက်ခင်းကတည်းက မိုးအိမ်သစ်နှင့် နှစ်ယောက် ထိုင်ဖြေရင်း မပြေမချင်း ဆက်သောက်ကာ အတော်မူးသွားသည်။

"ကိုစိုင်း ဘာတောင်းတာလဲ မင်းသိလို့လား!. . မသိပဲ သွားမေးရင်. . . အတုတ်ခံနေရဦးမယ်. . . "

မိုးအိမ်သစ် သတိပေးသဖြင့်. . ပေါ်တော ခြေလှမ်းတုန့်သွားပြီး ကိုယ်ကို ပစ်မလဲအောင် ထိန်းကာ လှည့်ကြည့်သည်။

"မင်းရော. . ဘာကြားလဲ!. . ငါ့နားထဲမှာတော့ ဘီး. . တဲ့. . ဘီး တောင်းနေတယ်. . . "

"အေး. . . ပေးလိုက်လေ၊ ရော့. . ရော့. . ငါ့မှာပါတယ်. . အင့်"

မိုးအိမ်သစ်က သူ၏အိတ်ဆောင်ဘီးလေး လှမ်းပေးသည်။

ပေါ်တော ယူကာ ပြန်လှည့်ထွက်ပြီး. . . ကိုစိုင်း ကောင်တာဆီ နှစ်လှမ်းထဲနဲ့ ရောက်သွားသည်။

ဒုန်း. . .

"ဟော့ကောင် ပေါ်တော. . ဒီမှာ အကုန်ကွဲကုန်မယ်ကွ. . မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်တာလဲ!. . ”

“ဗျာ. ; ကျွန်တော်. . ဘီး. . ဟာပေးတာလေ. . အစ်ကိုကြီးပဲ ဘီးဆို. . ရော့ ဒီမှာ ဘီး. . . ”

“ကျွတ်. . ထီးကွ. . . ထီး. . ထီး. : ဘီးမဟုတ်ဘူး၊ ငါက ကတုံးပြောင်နဲ့ ဘာကိုဖီးရမှာလဲ!. . . ခွီးမှပဲ. . ”

ထိုစဉ် စိုင်းမောင် ထီးတစ်လက် ဖွင့်၍ အစ်ကိုထံ လှမ်းပေးရင်း. . .

“ထီးကို. . ဘီးလို့. . ကြားတော်မူတာကိုပဲ ကျေးဇူးတင်လိုက် အစ်ကိုကြီးရေ့. . တော်ကြာ ဒီထက်ပိုဆိုးတာ ရောက်လာမှဖြင့်”

ဝေါ. . ဝုန်း. . . ခလွမ်. . .

“ဟာ. . ကုန်ပြီဟ၊ ဟော့ကောင်တွေ. . . လုပ်စမ်း. . ”

မိုးက မိုးသီးခြွေရုံတင် အားမရဘဲ. . လေပါ ထန်လာသဖြင့် အုပ်ထားသော ထီးများ လွင့်ကာ ဟင်းပန်းကန်အချို့ပါ ဆွဲချသွားသည်။ လေ၏အရှိန်က ပို၍ပြင်းထန်လာပါသည်။ စားသောက်ဆိုင်ကို မှီရောင်းသော ကွမ်းယာဆိုင်နှင့် အမြည်းဆိုင်လေးများပင် ဦးစိုင်း၏စားသောက်ဆိုင်ထဲ အလုအယက် ပြေးဝင်လာကြသည်။ ထို့အပြင် လမ်းပေါ် သွားလာနေသူများ လမ်းလျှောက်၍ မရတော့သဖြင့်. . နီးရာဆိုင်တွေထဲ ဝင်ကာ ခိုကြသည်။

“အရမ်းမတိုးနဲ့ဟ. . . ဈေးဘန်းမှောက်မယ်. . ”

ထို့ကြောင့် ဦးစိုင်း၏ဆိုင်ထဲ၌ စားသောက်နေသူများ၊ ဈေးသည်များ၊ ခရီးသွားများနှင့် ပြည့်ကျပ်ကာ ပွက်ပွက်ညံနေလေတော့သည်။

“မုန်တိုင်းကွ. . . ဒါ. . . မုန်တိုင်း. . ”

“ဘုရား. . ဘုရား. . နာဂစ် ပြန်လာတာများလား!. . . ”

“မဖြစ်နိုင်ဘူး. . . သူက နည်းနည်းပျော့တော့. . အန်တီညိုပဲ ဖြစ်ရမယ်. . . ”

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဆူညံနေသူများနောက်မှာ မိုးအိမ်သစ်တို့ဝိုင်းက ရှိနေသည်။ လူများလာသဖြင့် စောစောကလောက် မခမ်းနားတော့ဘဲ ခုံအောက် ဝင်တိုးကာ ဆက်သောက်နေကြသည်။ ထိုစဉ်. . . လျှပ်စစ်မီးများ ပြတ်တောက်ကာ အမှောင်အတိကျသွားလေသည်။

"နာဂစ်ကို မင်းသိလား. . . ပေါ်တော!. . "

"သိတာပေါ့. . . အေ့. . . ဟိုတစ်လောက သူ့ပထွေးကို ဓါးနဲ့ထိုးလို့ အဖမ်းခံရတဲ့ကောင် မဟုတ်လား!. . . အနောက်လမ်းထဲကလေအစ်. . ."

"အေး. . . ငါလည်း အန်တီညိုကို သိတယ်. . . ငွေတိုးပေးတဲ့မိန်းမကြီးကွ. . . ငါ နှစ်ထောင်လောက် ချေးမိတာ. . . ခြောက်လကြာတော့. . . တိုးရင်းပေါင်း နှစ်သောင်းဆပ်လိုက်ရတယ်. . . အာကြမ်းလျှာကြမ်းကွာ. . . ဒါနဲ့များ ဟိုလူက ပျော့တယ် လုပ်နေတယ်. . . အဟက်ဟက်"

လေက ဆိုင်ရှေ့တည့်တည့်မှ ပင့်တိုးပစ်လိုက်သဖြင့် လူတွေနောက်သို့ အိယိုင်ကာ. . . မိုးအိမ်သစ်တို့ပေါ် ပြိုကျကုန်တော့သည်။

ထိုအခိုက်မှာပင်. . လျှပ်တစ်ချက် ပြတ်သွားသည်။ ထိုအလင်းကလေးနှင့် မြင်လိုက်ရသော မျက်နှာလေးတစ်ခုက. . . ကောင်တာပေါ်မှထိုင်ကြည့်နေသော ဦးစိုင်း၏နှလုံးသားအား မိုးသီးကြွေသလို. . အပြွတ်လိုက်ကို ကြွေကျသွားစေသည်။

ဦးစိုင်း. . ထိုင်နေလို့ မရတော့ဘဲ. . ထီးပိတ်၍ ကောင်တာခုံမှဆင်းကာ. . လူအုပ်ကြားထဲ တိုးသွားသည်။

"ဘယ်ကောင်လဲကွ. . . စွတ်တိုးနေတာ. . "

"ငါပဲကွ. . . ဆိုင်ရှင်ကွ. . "

ဆိုင်ရှင်ဖြစ်၍ အတိုးခံကြသဖြင့် ဦးစိုင်း ရှေ့ဆုံးရောက်သွားသည်။ တွေ့ပါပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂျွတ်. . . ဂျွတ်. . . ဝုန်း

"အား. . . ပြုံပြုံဟေ့. . ."

လေအရှိန်နှင့် ဆိုင်အနောက်ခြမ်း တစ်ခြမ်းလုံး ယိုင်ကာ ပြိုကျသွားသည်။ ဦးစိုင်း ဂရုမစိုက်ပါ။ သူ မြင်နေရသော. . . မျက်နှာလေး ပျောက်မသွားအောင်သာ အသည်းအသန် စိုက်ကြည့်သည်။

လျှပ်ရောင်တစ်ချက်လက်တိုင်း. . ရင်ကို လှိုင်းတစ်ချက် အပုတ်ခံရသလို. . အသက်ရှူမမှန်ချင်။ ဘဝတစ်လျှောက်လုံး. . သူများ နှာခေါင်းနှင့် အသက်ရှူခဲ့ရတဲ့ နှလုံးသားက သည်တစ်ကြိမ် သူ့နှာခေါင်းနှင့် သူရှူပြီး ဖုတ်လိုက်ဖုတ်လိုက် ခံစားနေရတာကိုက. . . ဖူးစာမှန်လို့ ဆုံရတာဟ. . ဦးစိုင်း မှတ်ယူပစ်လိုက်သည်။

မိုးရောလေပါ ငြိမ်သွားပြီဖြစ်၍. . စိုင်းနှင့်ညီအစ်ကိုများ စားသောက်ဆိုင်က လူအတော်များများကို. . . အန်ထုတ်ပစ်လိုက်သည်။ မြသွန်းခင်လည်း လူအုပ်နှင့်အတူ ရောထွေးထွက်လာကာ. . . အပြင်ရောက်မှ လုံးထွေးကိုင်ထားသော ထီးကို ဖွင့်ကြည့်သည်။ စောစောက လေလှန်ခိုးထားသဖြင့်. . အရိုးငေါ်ငေါ် ဖြစ်ကာ ဖွင့်မရ။ လေငြိမ်သွားသော်လည်း မိုးက အလျှဉ်မပြတ်သေး။ လူတစ်ကိုယ်လုံးလည်း ရွှဲပြီးသား ဖြစ်နေ၍ သူမ. . ထီးဖွင့်မနေတော့ဘဲ. . ဒီအတိုင်း ဆက်လျှောက်သည်။

"ညီမလေး. . ဒီမှာ အစ်ကိုကြီးထီး ယူသွားလေ"

"ရှန်. . ဟို. . ရပါတယ်. . ကိစ္စမရှိပါဘူး. . "

"အားမနာပါနဲ့. . . တော်ကြာ အဲအေးမိပြီး ဖျားကုန်မယ်"

ထိုစဉ်. . .

"သမီး. . . မိယွန်း. . . "

"ရှင်. . အမေ. . အို. . မိုးထဲလေထဲ ဘာလို့ ထွက်လိုက်လာတာလဲ. . "

"ဟဲ့. . . မလိုက်လို့ ဖြစ်မလား. . နင့်. . ထီးရော. . "

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . လေလှန်လို့ ကျိုးသွားပြီ. . ."

ထို့နောက် ဒေါ်အေးတင်က . . ထီးတစ်လက်နှင့် တောင့်တောင့်ကြီး ရပ်နေသော ဦးစိုင်းကို မျက်မှောင်ကုတ်ကြည့်ပြီး. . .

"သူက. . . ဘယ်သူလဲ!"

"ခင်. . ခင်ဗျာ. . ဩော်. . မောင်စိုင်းပါခင်ဗျာ နာမည်အပြည့်အစုံက စိုင်းတောင်ကြီးပါ. . . ဟောဒီစားသောက်ဆိုင် ပိုင်ရှင်ပါ. . ဟဲဟဲ. . ဟဲ. . ဒီက ညီမလေး ဆိုင်ထဲ မိုးဝင်ခိုပြီး ပြန်ထွက်တော့ ထီးပျက်နေလို့. . . ထီးယူသွားဖို့ လိုက်ပေးတာပါ"

ပျားရည်ပေါ် သကာလောင်းသော. . ရိုရိုကျိုးကျိုး မျက်နှာနှင့် ခပ်ခန့်ခန့်အပြောကြောင့် ဒေါ်အေးတင် မျက်နှာကြောပြေ၍. . .

"ဩော်. . . အေး အေး ကဲ. . ပေး. . ပေး၊ မနက်ကျမှ မင်း ထီးပြန်ယူပေါ့. . ."

"ရပါတယ်ခင်ဗျာ. . ."

"လာ. . . သမီး၊ မိုးက ထပ်ရွာဦးမှာ. . ပြန်စို့. . ."

ဘဝမှာ. . ဘယ်တုန်းကမှ ဒီလောက် ရင်မခုန်ခဲ့ရဖူး၍ ဦးစိုင်း မြူးသွက်ခုန်ပေါက်ကာ ဆိုင်ထဲ ပြေးဝင်လာခဲ့သည်။

"ဟေ့. . . မှောင်လှချည်လားကွ. . . မီးလေးဘာလေး ဖွင့်လေကွာ. . ."

အပေါက်ဝမှ ဦးစိုင်း၏အော်သံကြောင့် ဆိုင်အတွင်းထဲ ရှုပ်ယှက်ခတ်နေသော ခါတ်မီးရောင်များ ဦးစိုင်းရှိရာ စုပြုံကြလာသည်။

"ဟာ. . အစ်ကိုကြီး မသေဘူးကွ. . . ဟိုမှာ. ."

စိုင်းမောင် ဝမ်းသာအားရ အော်သံနှင့်အတူ ပြေးလာသည်။

"အစ်ကိုကြီး. . အစ်ကိုကြီး မသေဘူးနော်. . . ဝမ်းသာလိုက်တာဗျာ. . ."

"ဟေး. . . ငါက ဘာလို့ သေရမှာလဲ!. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဆိုင်နောက် တစ်ခြမ်းလုံး ပြိုကျသွားတဲ့ကိစ္စ၊ အစ်ကိုကြီးက ကောင်တာမှာ ထိုင်နေတာ. . မသေဘဲ ခံနိုင်မလား!"

ဒီတော့မှ ဦးစိုင်း. . ခါတ်မီးယူကာ ဆိုင်အတွင်းဖက် ထိုးကြည့်သည်။

"ဟာ. . . အေးပေါ့ကွ၊ ကြည့်စမ်း. . . ဒီလောက်ဖြစ်သွားတာ ငါ မသိလိုက်ဘူး. . . "

"ဟင်. . . "

စိုင်းမောင် လန့်သွားသည်။

"အစ်ကိုကြီး ဘယ်ရောက်သွားတာလဲ!. . . "

"နောက်မှ ပြောမယ်. . နောက်မှပြောမယ်၊ နောက်ဆုံးတော့ သူကလေးက ငါ့အသက်ကို ကယ်လိုက်တာပါပဲလား အသက်သခင်လေး အသက်ပူးလေး. . အဟက်ဟက်. . . ကိုကို့အသည်းလေး. . .

ကဲ. . ကဲ. . မိန်းချ. . . မီးစက်နှိုး၊ ပေါ်တောတို့ ခင်မောင်တို့ ဘယ်ရောက်သွားလဲ!. . . အပျက်အစီးတွေ ရှင်းစမ်း. . . ဒီလောက်တ ပါးပါးလေးပဲ. . . ပျက်တဲ့နေရာ ရှယ်ပြန်လုပ်မယ်"

ဖန်ခွက်တစ်ခွက်လောက် ကွဲသွားတာကို. . ကမ္ဘာကြီး ထက်ခြမ်းကွဲသွားသလို ဆူပွက်တတ်သော သူတို့အစ်ကိုကြီး၏စိတ်အား. . . ဘယ်လိုခွန်အားမျိုးက ပြောင်းပြန်အချိုးချပေးလိုက်မှန်း. . . စိုင်းမောင် စဉ်းစားမရအောင် ဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



( အခန်း – ရှစ် )

၂နေ့ညက ရွာသောမိုးက ဒီမနက်တောင် စဲမည်မထင်။ ထို့ကြောင့်. . ခိုင်မြဲ မြေညီထပ် ရောက်ရောက်ချင်း. . . လင်းလုလက်စ ကောင်းကင်ကို. . . အပြုံးအပြဲ မော့ကြည့်မိသည်။ မြယွန်း မနေ့က. . အိမ်ကို ဘယ်လိုပြန်ရောက်သွားမည် မသိ။ သူကတော့ လေငြိမ်သွားချိန်. . ည(၈)နာရီလောက်မှ အိမ်ဘက် ပြန်လျှောက်ခဲ့ရသည်။ ဒါတောင် မိုးတ ခပ်သည်းသည်း ရွာနေသေး၍ ရွှဲနစ်ကာ သွားသည်။ လေတိုက်တဲ့ပုံ ကြောက်စရာ ကောင်းလှသည်။ သူနှင့်မြယွန်း ထိုင်နေကျ ဆိုင်ရှေ့အ လေး လေတွန်း၍ ပြိုကျသွားခဲ့သည်။ ဒီမနက်တော့. . အတွင်းထဲမှာ ဝင်ထိုင်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုင်ကို ရောက်တော့ (၆)နာရီ. . ကောင်လေး လာချပေး သော လက်ဖက်ရည်ကျဆိမ့်အား. . တစ်ငုံချင်း အရသာခံ သောက်ရင်း ချစ်သူလာနေကျလမ်းအား လမ်းမျှော်ကြည့်မိသည်။ မနက်ခင်း လေပြည် က ညတစ်ဝက်လောက် ရွာထားသော မိုးရေတွေနှင့် အေးနေသည်။

ထိုအခိုက်မှာပင်. . . သူ့ရင်တွေ ပူနွေးကုန်ပါသည်။

အမြင်မှားသလားဟူသော. . သံသယနှင့် မျက်လုံးတွေကို ပွတ် သပ်ကြည့်လိုက်သည်။ မမှားရေးချမမှား။ မြယွန်းဆိုတာ သေချာသည်။ သူ့အေးက. . ဘာလဲ!. . ဘယ်သူလဲ!။ အသားဖြူဖြူ ဦးပြီးပြောင်ပြောင် မျက်နှာပွပွ. . ဗိုက်စူစူ. . အရိပ်မနိမ့်မမြင့်နဲ့။ ဒီလူ. . ဒီလူ ငါမြင်ဖူးနေ တယ် ဆိုသောအတွေးနှင့် သေချာအားစိုက်ကြည့်လိုက်သည်။ အသက် ငါးဆယ်ဝန်းကျင်ခန့်ဟု ခန့်မှန်းရသော်လည်း ကွာတားပင်နှင့် တီရှပ်နှင့် ထီးကောက်ရှည်ကြီးပါ ကိုင်ထား၍. . . အမှတ်တမဲ့ ကြည့်လျှင် လူငယ် တစ်ယောက်ဟု ထင်ရကာ. . . စတိုင်ကျလှသည်။

မြယွန်းနှင့် အပြန်အလှန် စကားပြောလာ၍ မဟုတ်မှလွဲရော မြယွန်းမိခင်၏ ဒုတိယ အိမ်ထောင်များလား. . ဖြေတွေးတွေးကြည့်သည်။ ဖြေကာမှ ပိုဆိုးသည်။ ပထွေးက မယားပါသမီးအား ဤမျှ ဂရုစိုက်ခြင်း က လွန်လွန်းသည်။

**"တောက်. . ."**

သူ မအောင့်နိုင်တော့ပဲ ထရပ်ကာ. . စားပွဲပေါ် ပိုက်ဆံချလိုက် ၏။ လှည့်ကြည့်လိုက်တော့ မြယွန်း သူ့ကို မြင်၍ လမ်းဒီဖက်ခြမ်းသို့ ကူးလာသည်။ တံတားဖက်မှ. . ကားတစ်စီး အရှိန်နှင့် ဆင်းလာသဖြင့် ဟိုလူက. . စိုးရိမ်သလို စိတ်မချသလိုနှင့် မြယွန်းလက်မောင်းကို လှမ်းဆွဲ ထားသည်။ သူ ဒေါသထွက်သွားသည်။ ထိုအခိုက်မှာပင်. . . စားပွဲထိုးက ခိုင်မြဲ ထိုင်သောခုံကို ယူကာ. . တစ်ဖက်ဝိုင်းရှိ ခုံမရ၍ ရပ်နေသော သူ့ဆီ ပေးလိုက်သည်။ မြယွန်းရော ဟိုလူပါ. . . ဆိုင်ထဲ ဝင်လာကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်လို့ မဖြစ်တော့ပဲ ပြန်ထိုင်လိုက်ပါသည်။

ဘုတ်. . .

"အင့်. ."

"အို. . . မောင်"

ဖင်ထိုင်ကျသွားသော သူ့ထံ မြယွန်းခင် ပြေးလာပြီး. . မောင်. . ဆူခေါ်ကာ ထူပေးသဖြင့်. . စောစောက ဒေါသတွေ နည်းနည်းပြေချင်ချင် ဖြစ်သွားသည်။ ဘာမှန်းမသိ ညာမှန်းမသိ ဟိုလူကြီးရှေ့မှာ မောင်ဟု အခေါ်ခံပြီး စိုးရိမ်တကြီး ပြေးထူပေးခြင်း ခံရတာကိုက အတော်အရသာ ရှိသွားသည်။ သူ့ဘာသူ ဘာဖြစ်ဖြစ် မြယွန်းမှာ ပိုင်ရှင်ရှိတယ်ဆိုတာ ဟိုလူသိသွားပြီ။

"ရတယ်. . . မြယွန်း၊ မောင် ဘာမှမဖြစ်ဘူး. ."

ဒီမနက် ဆိုင်ရှေ့အဖီလေး ဖြိုထားသဖြင့် ဆိုင်က ကျဉ်းသွားသည်။ ပုံမှန်လာနေကျ ဖောက်သည် အတွက်လေးကို ခုံဝိုင်းက မလောက်ချင်. .။ မိုးတိုးမတ်တတ် ဖြစ်နေသော. . သူတို့ သုံးယောက်အတွက် စားပွဲဝိုင်းလေးတွေ ကြိုးစားပမ်းစား နေရာလုပ်ပေး၍ ထိုင်စရာ ရသွားသည်။

"ညီမလေး ဘာသောက်မလဲ!. . . ဟိုညီလေးရော. ."

"ကျွန်တော် သောက်ပြီးပြီ. . . မြယွန်း. . . ဘာသောက်မလဲ ကော်ဖီပဲလား!. . . ."

"အင်း. . . မောင်. . ရော. ."

"မောင်က ပြီးပြီ. . ."

သူတို့နှစ်ယောက် ပြောဆိုနေပုံအား. . . ပုဂ္ဂိုလ်ကြီး မသိမသာ ကြည့်ရင်း. . . ခိုင်မြဲကို မျက်ခုံးရှုံ့ကြည့်ကာ. . .

"ဩော်. . . လက်စသတ်တော့ မင်းကိုး. . ."

ရုတ်တရက်မို့ သူ ကြောင်သွားပြီး. . . .

"ခင်ဗျာ. . . ကျွန်တော့်ကို ပြောတာလား!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ပိုက်ဆံငါးသောင်း လိမ်ပြီးယူသွားတဲ့ကောင်"

"ဘာဗျ. . . ခင်ဗျား ဘာစကားပြောတာလဲ!. . ."

"ဟေ့ကောင်. . . ခုမှ လာပြီး အတိတ်မေ့သလို ရွှေပျောက်သလို မလုပ်နဲ့. . . မင်း ဟာမက်ဝပ်ရှော့ကကောင် မဟုတ်လား!"

"ဟုတ်တယ်. . . ."

"ဘယ်လင်. . ပျော်လို့ လဲရတယ်ဆိုပြီး ငါးသောင်းပေးလိုက်ရတယ် နောက်တစ်နေ့ကစပြီး နှိုးလို့မရတော့ဘူးကွ. . မင်းသိလား!. ."

"ဟာ. . . ခင်ဗျား အဓိပ္ပါယ်မရှိတာ မပြောနဲ့နော် ဟေ့လူ. . . ကျုပ် သည်းမခံတတ်ဘူး. . ."

"သည်းမခံနိုင်ရင်. . . လဲသေကွာ. . ."

"တောက်. . . ခင်ဗျား. ."

"အို. . မောင်. . လာ လာ မောင် သွားကြမယ်. . လာပါ"

မြယွန်းခင်. . . ထိတ်ပျာစွာ. . . အတင်းဆွဲခေါ်သည်။

"ဟင်း. . . စိုင်းတောင်ကြီးကွ. . . လာမလုပ်နဲ့. . "

"သေလိုက်. . . ခင်ဗျားနဖူးကို တိုင်နဲ့ ပြေးဆောင့်လိုက်"

၂၀၃ ဘတ်(စ်) ရောက်လာသဖြင့်. . . မြယွန်းခင် သူ့ကို ကားပေါ် တွန်းတင်သည်။ မြယွန်းခင်သာ မပါလျှင် ဒီလူကို သွားကျွတ်အောင် ထိုးမိတော့မှာ သေချာသည်။ မခံချင်စိတ်က ရင်ထဲ အောင့်နာကာ နေသဖြင့် အံတကြိတ်ကြိတ် တက်တခေါက်ခေါက် လိုက်ပါလာခဲ့သည်။

"ကဲပါ မောင်ရယ်. . . စိတ်လျှော့လိုက်ပါတော့. ."

ခရီးသည်တွေ ကြားထဲမှာ ဖြစ်၍ မြယွန်းက လေသံကို နှိမ့်၍ နှစ်သိမ့်သည်။

"ဒီလူ သက်သက်မဲ့ အရှက်ခွဲတာကွ. . ."

"အို. . . မောင်မဟုတ်ရင် ပြီးတာပဲ မဟုတ်လား!. ."

"ကိုယ်တော့ မဟုတ်ဘူး၊ ကိုယ် အလုပ်မဆင်းတဲ့ လမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



တိုကောင်တွေ လာလုပ်သွားရင်တော့ မပြောတတ်ဘူး. . ."

"ဒါ. . . ဒါပေမယ့်. . သူက မောင့်ကို သိနေတယ်. . ."

"ဘာလဲ. . . မြယွန်းပါ. . . ကိုယ့်ကို မယုံဘူးလား!. . ."

"ဟင့်အင်း. . . သူက. . "

သူ့အသံ နည်းနည်းကျယ်သွား၍ မြယွန်း လန့်ဖြတ်ကာ ထစ်အသွားသည်။

"သူ ကိုယ့်ကို သိတယ်ဆိုတာ. . ကိုယ်တစ်ခါက ပြင်ပေးဖူးတယ် အဲ့ဒီတုန်းက ဘယ်ရင်ပျော်တဲ့ကိစ္စ မဟုတ်ဘူး. . တခြားပြစ်ချက်. . ."

"ဩော်. . . အဲ့ဒါကြောင့်ကိုး"

"ဒါနဲ့ နေပါဦး. . ဒီလူနဲ့ မြယွန်းက ဘယ်လိုပတ်သက်သွားတာလဲ!. . ."

"ဟာ. . မောင့်စကားကြီးကလည်း၊ မြယွန်းနဲ့ ဘာမှမပတ်သက်ဘူး၊ သူ့ဘာသာ လိုက်ပြီး ပတ်သက်နေတာ. . အခု ယွန်းဘေးမှာ မောင်ရှိတယ်ဆိုတာ. . သူမြင်သွားပြီလေ. . . ပြီးပြီပေါ့"

"အေးလေ. . . ပြီးရင်ပြီးရောပေါ့. . မပြီးရင်. . ဒီလူ့ ငယ်ထိပ်မှာ. . . ကင်းခြေများတစ်ကောင် ကပ်ပေးလိုက်မယ်. . "

"ကဲ. . . တော်ပါတော့ မောင်ရယ်. . . ယွန်း ရင်တွေ တုန်လာပြီ အဲ့ဒီလူကြီးကလည်း မနေ့ကမှ သူ့ဆိုင်မှာ ခဏလေး မိုးခိုမိပါတယ် တစ်ခါတည်း. . ."

"ဟာ. . . ယွန်းကလည်း၊ အဲ့ဒီဆိုင်က ဘာဆိုင်လဲ မသိဘူးလား!. . ."

"သိတယ်. . . လူတောင်. . လွှင့်ပါတော့မယ့်ဟာ. . ရွှေနှုလို့ မရဘူးလေ. . ."

"တောက်. . . . ."

"တော်ပါတော့. . . စိတ်ချ၊ ယွန်းဟာ. . . မောင့်ရဲ့ယွန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲဘူး. . . ”

ဆိုတော့လည်း. . ရင်ထဲက တလိပ်လိပ် တက်လာသော ဒေါသများ ဖွတ်မြိုချရသည်။

“ဪ. . . မနက်ဖြန် မောင် အားလားဟင်!”

“ရတယ်. . . ပြော. . ”

“မနေ့က လေတိုက်တာ. . နောက်ဖေးဆောင် ပွင့်သွားတယ်”

၄ ၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com



"တစ်အိမ်လုံး ပွင့်သွားလည်း ကျွန်တော် ပြင်ပေးနိုင်တယ်၊ အဒေါ် ဘာမှမပူနဲ့. . ."

"အို. . . မောင်လေးရယ်၊ မင်းနဲ့ အစ်မကြီးက ဘယ်လောက်များ အသက်ကွာလို့လဲ!. . ."

"ခင်. . ခင်ဗျာ. . အဲ့. . ဟို. . ဟုတ်. . ဟဲဟဲဟဲ. . ဟုတ်သားပဲ. . အစ်မကြီး အဟင်းဟင်း"

"အဲ့သလို လုပ်စမ်းပါကွယ်. . . အစ်မက မပြင်မဆင်ပဲ နေလို့ပါနော်. . . ဟင်း. . ဟိုတုန်းကများဆို. . ."

ညတုန်းက ထီးငှါးပေးလိုက်၍. . . ထီးလာပို့ရင်း မျက်စမျက်နတွေ ပစ်ပြီးပြောနေသော. . ဒေါ်တင်အေးကို ကြည့်ပြီး ဦးစိုင်း တံတွေးမြိုချနေရသည်။ ဒေါ်တင်အေး. . ဆိုင်ထဲ လှမ်းကြည့်ရင်း. . .

"အင်း. . မင်းတို့ဆိုင်လည်း အတော် အခြေအနေ ဆိုးသွားတာတိုး၊ ဒါဆိုလည်း. . . အစ်မကြီးအိမ်က အရေးမကြီးပါဘူးကွယ်. . ."

"အို. . မဟုတ်တာ. . အစ်မကြီးကလည်း. . . အရေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ စိတ်ချ. . . မနက်ဖြန် ကျွန်တော့်ကောင်တွေ ခေါ်ပြီး လာခဲ့မယ်"

"အဟင်းဟင်း. . . အားနာစရာကြီး"

"အဟဲဟဲဟဲ. . . ရပါတယ် အစ်မကြီးရယ်. . ."

"ဩော်. . စကားပြောရင်း မေ့တော့မလို့၊ ဒီမှာ. . ထီး. . ထီးလေ ကျေးဇူးတင်တယ်နော်. . ."

"ဟုတ်ကဲ့. . . အဟဲဟဲဟဲ. . ."

"သွားပြီနော်. . . မောင်လေး. ."

"ဟုတ်ကဲ့ပါခင်ဗျာ. . ."

ဒေါ်တင်အေး ပြန်ထွက်သွားမှ. . . ဦးစိုင်း သက်ပြင်းမောကြီး မှုတ်ချသည်။

"ဟူး. . . ငါတော့ သေချင်တာပဲ. . . ."

ထိုအခါ စိုင်းမောင်နှင့် ပေါ်တောတို့. . တိုင်ကြွင်းတူးနေရာမှ ထပြေးလာကြကာ. . .

"အစ်ကိုကြီး. . . ပိုင်လှချည်လား. . ."

"မင်းဂျီးဒေါ်လား. . . အဲ့ဒါ အဖွားကြီးကွ. . ."

"ကျွတ်. . အစ်ကိုကြီး. . အဲ့ဒါပဲ. . . အဲ့ဒါပဲ. ."

စိုင်းမောင်က ဗေလုဝ အိုက်တင်နှင့် လက်ကလေး ခွင်တင်ခွင်တင် လုပ်ကာ. . .

"ဒီခွင်က အမှန် အစ်ကိုကြီး၊ သူ့သမီး လိုချင်ရင်. . သူ့အမေကို အရင်ပေါင်းတဲ့၊ အဲ့ဒါ အစ်ကိုကြီးတို့ခေတ်က ရှေးစကား၊ အခု. . . အဘွားကြီးနဲ့ လုံးဝပြေနေပြီ၊ ကောင်မလေး သူ့ဘာသာ ဘဲရှိတာ မရှိတာ. . နား၊ ကိုင်းကြီးကြီးမှာ. . နားထား၊ အဘွားကြီးကို ပိုင်ရင် တင်ပြီးသာ ရိုက်လိုက်၊ အစ်မကြီး. . ကျွန်တော် ဒီလောက်တင်တောင်းတယ်ဗျာ၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါ. . ဒါပဲပေါ့"

ပေါ်တောက ခေါင်းတညိတ်ညိတ်လုပ်ကာ. . ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်တယ်. . . မှန်တယ်. ."

"အေး. . အေးပါကွာ. . မင်းတို့ခေတ် ရောက်မှပဲ သတင်း စကား သက်ကြီးကြား ဆိုရမလို ဖြစ်နေပြီ. . . ဒါပေမယ့် မနက်တ တို့ ကောင်ကိုတော့ ငါတွယ်ချင်တာ လက်ကို ယားနေတာပဲ. . ."

"မနက်ဖြန်. . ကျွန်တော် လိုက်မယ်ဗျာ. . ကျွန်တော် ဖျင်းမယ်"

"မလိုတော့ဘူးကွ. . ဒီကောင် မနက်က တော်တော်အရှက်တွဲ သွားတယ်၊ ဘာပဲပြောပြော ကောင်မလေး. . . ဒီကောင့်အပေါ်မှာ နည်း နည်းတော့ အထင်သေးသွားမှာပဲ. . ."

"ဟာ. . အစ်ကိုကြီး မထင်နဲ့. . ဒီခေတ် ချာတိတ်မတွေ အဲ့သ လောက်နဲ့ မရဘူး. . ."

"ဟေ. . . ."

"ဒီမှာ. . ကျွန်တော် ပြောသလိုသာလုပ်၊ အိမ်ပြင်ပေးမယ့်ကိစ္စ အပီပြင်. . လုပ်ပေး၊ ပြီးရင်. . အဘွားကြီးကို ဒီထက်ရင်းနှီးအောင်နေ၊ လူကြီးဆိုတော့ ဘုရားပို့ပေးတာတို့ ဘာတို့ လုပ်ပေး. . . အစ်ကိုကြီးတို့ အရွယ်က. . ကျွန်တော်တို့လို ဂေါ်လီစတိုင် ဖမ်းလို့မရဘူး၊ သမာဓိ ပိုးလေး ပိုးရတယ်၊ ခုနက ကျွန်တော် ပြောတဲ့အတိုင်း လမ်းကြောင်းဝင်လိုက်ရင် အစ်ကိုကြီးကို ဘာသာတရားလည်း လေးစားတယ်ဆိုပြီး ရေရေလည်လည် အထင်ကြီးသွားမယ်၊ အဲ့ဒီတော့မှ. . . ဟဲ ဟဲ ဟဲ. ."

ဦးစိုင်းတစ်ယောက် ယခုမှ. . အတွေးထဲ လင်းသွားသလို. . . လက်ဖျစ်တီးပြီး ကောင်တာခုံမှ ဆင်းလိုက်သည်။

"အိုခေကွာ. . ဘီရိုထဲက. . ကော်လာတုံးတွေ ရခိုင်ပုဆိုးတွေ ဘာလုပ်ပစ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ. . . ဒီနေရာမှာ အသုံး တည့်ပြီပေါ့ကွ. . . မဟုတ်ဘူးလား!"

ထိုအခါ ငြိမ်ပြီးနားထောင်နေသော ပေါ်တောက်. .

"လုံးဝ. . လုံးဝအမှန်. . အစ်ကိုကြီး ဒီအော်ဟာတွေနဲ့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှ ခွင့်မတည့်ဘူး. . ."

"ဟုတ်တယ်. . . ဒါ ငါ လုံးဝမစဉ်းစားမိတဲ့အချက်ပဲ၊ ကဲ. . . မင်းတို့ အလုပ်မြန်မြန် လက်စသတ်ကွာ. . ပြီးရင်. . လက်သမားတွေပါ ခေါ်ပြီး. . . ဟိုဖက်ကူးမယ်"

ပြောပြီး. . ဦးစိုင်း ဆိုင်ထဲမှ ထွက်ကာ. . အိမ်ထဲ ဝင်လာခဲ့သည်။ ထို့နောက် သူ့အခန်းထဲမှ ဘီရိုကို ဖွင့်၍. . အနှစ် နှစ်ဆယ်နီးပါး သိမ်းထားသော ကော်လာတုံးအကျီနှင့် ရခိုင်ပုဆိုး အထပ်လိုက်ကို ကြည့်ကာ ရင်တွေ လှိုက်ခုန်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြည်မလင်နှင့် အလုပ်ရုံဝင်သည့်နေ့ကျမှ. . . အလုပ်ရုံအတွင်း ထူးဆန်းသော အပြောင်းအလဲတွေကြောင့်. . ခိုင်မြဲစိတ်ထဲ အူတူတူ ခံစားနေရသည်။

ရောက်ကတည်းက. . . ပုံမှန်လုပ်ငန်းအားလုံး ရပ်ဆိုင်းထား အလုပ်ရုံရှေ့ ပိတ်နေသော ကားများ စီစီရီရီနှင့်. . ထောင့်တစ်ထောင့် တပ်အောင် တွန်းရွှေ့ကြရသည်။

ထို့နောက်. . . သံမံ တလင်းပေါ် အင်ဂျင်ဝိုင်အမည်း အတွက် အကွက်များ မရှိအောင်. . လွှစာမှုန့်များ၊ သဲများဖြူးထား တံမြက်စည်း ဖြင့်နှင့် လှဲထုတ်ရ သန့်ရှင်းရသည်။

တစ်နှစ်ပတ်လည်လုံး မရှင်းဖြစ်သော သံတိုသံစများ၊ အင်ဂျင် အစိတ်အပိုင်းအဟောင်းများ ဘလောက်တုံးအဟောင်းများမှစ. . . အလုပ်ရုံအနောက်ဖက်ရှိ စတိုခန်းထဲသို့ ထည့်ရသည်။

"ဝပ်ရှော့နဲ့ အမြင်စိမ်းတဲ့ လူတစ်ယောက်ရဲ့မျက်လုံးမျိုးနဲ့ ကြည့်

www.burmeseclassic.com



ရင်. . . အမြင်လှသွားအောင် လုပ်ကွာ. . .”

ဟူသော အပါကြီး၏ တစ်ချက်လွှတ် အမိန့်အောက်မှာ ခိုင်မြ အတော်အာရုံနောက်သွားသည်။

ပြီးတော့. . မနက်(၁၀)နာရီထိုးရင် အားလုံးအပြီးဟု ကန့်သတ်ထားသဖြင့် တစ်နေရာထဲမှာ အုံမနေစေဘဲ လူခွဲကာ အလုပ်ပါ ခွဲပေးသည်။ ရှင်းသူကရှင်း၊ သယ်သူကသယ်၊ ရှင်းသွားသော နေရာတွင် ကြည့်ကောင်းအောင် ပြင်ဆင်ရသောသူက ပြင်ဆင်သည်။

သို့နှင့် မနက်(၁၀)နာရီတွင် အလုပ်ရုံတစ်ခုလုံး လင်းလက် ရှင်းသန့်သွားပြီး. . ခိုင်မြ ဦးဆောင်သော အလုပ်သမားတစ်စုလည်း အလုပ်ရုံဘေးရှိ ကုက္ကိုလ်ပင်ကြီးအောက်တွင် ခြေပစ်ကာ ထိုင်သွားကြလေသည်။

ခိုင်မြက ဟာရှင့်ဘေးသို့ ရွှေ့ထိုင်ကာ. . လေသံနှင့်. . .

“မင်းဦးလေး ကိုဟာမက်ကြီး ဘာဖြစ်သွားတာလဲ!”

“လောကမှာ. . ဘယ်အရာမှ မမြဲဘူးဆိုတဲ့. . အနိစ္စ သခင်္ခါရ သဘောတွေပေါ့ ခိုင်မြရာ. . .”

“အရေးထဲမှ. . . ကုလားဘုန်းကြီးနဲ့ လာတွေ့နေပြန်ပြီ၊ ရှင်းရှင်းပြောကွာ. . .”

“ဦးလေးကို. . . ဒီမနက် မိန်းမလာစပ်ကြလိမ့်မယ်. . ”

“ဘာ. . ကျွတ်. . ဟာရှင် ငါ ဒီမနက် စိတ်ချဉ်နေတယ်နော်”

“အေး. . ဒီမေးခွန်းကို ဒီမနက် ငါပြန်ဖြေနေတာ. . မင်းပါနဲ့ဆို ဝပ်ရှော့မှာ လူကုန်သွားပြီ. . လာမေးတိုင်း ဒီအတိုင်းပဲ ဖြေတယ်၊ ဘယ်သူမှ မယုံကြဘူး. . .”

“ယုံစရာလားကွ. . . မင်းဘိုးတော်က ယောကျ်ားယူချင်နေတာလားမှ မသိတာ. . .”

“ဟာ. . ဟော့. . ဟော့. . ခိုင်မြ ဒီလိုတော့ စော်ဒကား မော်ဒကား မလုပ်နဲ့ကွာ. . ငါ့ဦးလေး အခြောက်မဟုတ်တာ သေချာတယ်. . ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါဖြေတဲ့အဖြေကလည်း သေချာတဲ့အဖြေပဲ၊ မင်းမယုံကြည်ရင် စောင့်ကြည့်ကွာ. . နာမည်က မဒီနာမွန်ရိုးတဲ့ကွ. . ဒူဘိုင်းက ပြန်လာတာ တစ်လပဲ ရှိသေးတယ်၊ သူ့အမေက ဟာဂျီမကွ၊ အတော်ချမ်းသာတယ်၊ သူ့ကို ရွှေပုံပေးပြီး လာတင်တောင်းကြတဲ့သူတွေ အများကြီးပဲ. . ဒါပေမယ့် ငါ့ဦးလေးနဲ့က ငယ်သူငယ်ချင်း ရည်းစားဦး၊ သူ့အဖေ ရှိစဉ်က. . ဦးလေးနဲ့ ညားမှာစိုးလို့ မဒီနာကို ဒူဘိုင်းပို့ပြီး ခွဲထားတာ၊ အခု. . အဖိုးကြီးလည်း ဆုံးသွားပြီ၊ အဘွားကြီးက ဦးလေးကို သဘောကျတယ် နှစ်ယောက်စလုံးလည်း တစ်သက်တစ်ယောက်ဆိုတဲ့ သစ္စာနဲ့ နေနေခဲ့ကြတာ. . မဒီနာက ဦးလေးနဲ့မှ မဟုတ်ရင် ဘယ်သူ့ကိုမှ လက်မထပ်ဘူး အသေခံမယ်တဲ့၊

ပြဿနာက. . ဟာဂျီဘွားတော်ကြီးမှာ ဒီသမီးတစ်ယောက်ပဲ ရှိတယ်၊ ဒါပြီးရင် မြန်မာပြည်မှာ မျိုးဆက်ပြတ်ပြီ၊ သမီးကလည်း အိမ်ထောင်ပြုခိုင်းလို့မရနဲ့ နောက်ဆုံး ဦးလေးဆီကို မြေးဦးပြန်လှည့်လာကြတာကွ"

"ဪ. . . ဒီလိုလား!"

"ဒီလို. . . အဲ့ဒီမှာ. . . ဦးလေးကလည်း ဈေးကိုင်တယ်. . . အိမ်ကိုလာဖို့ ဖိတ်တာ မသွားဘူး၊ ဒါဖြင့် ဦးလေးအိမ်မှာပဲ နားဖောက်မယ်. . ဆိုပြန်တော့လည်း အလုပ်မအားဘူးလို့ ငြင်းတယ်၊ အဲ့ဒါကြောင့် အလုပ်ရုံမှာပဲ ဦးလေးကို လာတွေ့ပြီး စီစဉ်ဖို့ လုပ်ကြတာ. . ရှင်းပြီလား!"

"လက်စသတ်တော့ ကုလားစေ့စပ်ပွဲကိုးကွ. . ."

"ဟေ့ကောင် စကားလုံးတွေ အဲ့သလောက် မရိုးရှင်းနဲ့ကွာ. . . နားထောင်ရတာ မကောင်းဘူး"

"ဟေ. . ကုလားဟာ ကုလားပေါ့ကွ. . တရုတ်လည်း တရုတ်ပဲ ဗမာ ဗမာပဲပေါ့"

"မှန်တယ်. . . သူငယ်ချင်း အမှန်အတိုင်းသာ ဆိုရင် ငယ်ပါတို



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ငယ်ပါပဲ မခေါ်ရတာလဲ. . . အမှန်အတိုင်း. . ”

“ဟော့. . . ဟာရှင်. . တော်. . ကဲ. . မင်းတို့ ကုလားကို. . ငါ ဘယ်လိုခေါ်ရမလဲ!. . . ”

“သာကီနွယ်. . လို့. . . ”

“မင်းပါးစပ်ကို ခါတ်ဆီလောင်းပြီး. . . မီးအရင်ရှို့လိုက်ပါဦး ကွာ. . . ”

ဟာရှင် ပါးစပ်မဟရဲတော့ချေ။ ထိုအခိုက်မှာ. . အလုပ်ရုံဝင်း၏ရှေ့မျက်နှာစာသို့. . . လင်ခရူဇာ ကားသစ်ကြီးနှစ်စီး ရှေ့ဆင့် နောက်ဆင့်ကာ ဝင်လာကြပြီး ကားပေါ်မှ. . ဟာရှင်တို့ အနွယ်တော် အမျိုးသမီး အမျိုးသားများ ဆင်းလာကြပြီး သူတို့အုပ်စုဘက် တစ်ချက် ဝေ့ကြည့်၍ အလုပ်ရုံ၏အတွင်းဘက် ဦးဟာမက် ရုံးခန်းလေးဆီ ဝင်သွားကြလေတော့သည်။

“တွေ့လား ခိုင်မြ. . ခပ်ဝဝ ဘွားတော်ကြီးနဲ့ တွဲလျှောက်သွားတာ. . . မဒီနာမွန်ရိုးပေါ့. . . ”

“အေးကွာ. . . ငါလည်း မည်းမည်းမြင်ရာ. . အကုန်လိုက်ကြည့်တာပါပဲ. . . အကုန်မည်းနေတော့ ဘယ်ဟာ ဘာမှန်းကို မသိတာ. . . ”

“တော်ပြီ. . . ခိုင်မြ၊ မင်းနဲ့ စကားပြောလို့ မကောင်းတော့ဘူး ဟော့. . . ကျော်ကွေး. . ”

“ဘာလဲ!. . . ”

“ညနေ. . ငါ စကီလေးနဲ့ ချိန်းထားတယ်ကွ. . အဖော်လိုက်ပေးစမ်း. . . ”

“မလုပ်ပါနဲ့ကွာ. . . မင်း စကီလေးက ငါ့လို ဖြူဖြူချောချောယောကျ်ားကို မြင်ဖူးတာ မဟုတ်ဘူး. . . ”

“မသာ. . ခွေးကောင်. . ”

အားလုံး တခိခိ ရယ်ကြသဖြင့် ဟာရှင် ထလစ်လေတော့သည်။

www.burmeseclassic.com




မည်သို့ဆိုစေ. . . ကမ္ဘာကြီး ပြောင်းပြန်လည်နေပြီဟု ခိုင်မြ တွေးထင်နေမိသည်။ နွေခေါင်ခေါင် မိုးကြီးလေကြီးကျပြီး. . မိန်းမမုန်းသောဦးဟာမက်၏စေ့စပ်ပွဲလည်း စတင်နေပြီတည်း. . . ။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ...
ပန်းနုရောင်ရောင်..ဝတ်ဆံမှုန်လေးတစ်မှုန်ရဲ့
ဆုံချက်ဖြစ်တယ်။
ဆုံချက်တစ်ခုဖြစ်ဖို့
မျဉ်းဖြောင့်နှစ်ကြောင်းရှိဖို့ လိုအပ်တာ အမှန်ပါပဲ...
ကမ္ဘာဦးကျမ်းထဲမှာတော့
လူတိုင်းရဲ့နှလုံးခုန်သံဟာ
ထောင့်ဖြောင့်ဖြည့်ဖက် ကျတယ်တဲ့...
(နှီးစပ်ပါတယ်)
နှလုံးသားကိုယ်စီကနေ ထွက်ပေါ်လာတဲ့
မျဉ်းဖြောင့်တွေ ဆုံမိကြရင်တော့
ဆုံချက်ပေါ့...။
အဲ့ဒါနဲ့ပဲ...ချစ်သူကို သက်သေပြဖို့
E.C.G ရိုက်ကြည့်တာ
ဒီလိုတွေ...ဒီလိုတွေ...ထွက်လာတယ်...



ဆိုးလိုက်တဲ့ ကောက်ကြောင်းတွေ...
ချစ်သူရေ...
ငါတို့ ဘယ်လိုဆုံချက်မှာ
ထောင့်ဖြောင့်ဖြည့်ဖက် ကျကြမလဲ...

www.burmeseclassic.com

www.burmeseclassic.com



## ( အခန်း - ကိုး )

ဒီမနက် မြယွန်းတို့ အိမ်ပြင်ဖို့ကိစ္စအတွက် သွားမည်ဆိုတော့မှ ဦးစိုင်းတောင်ကြီး၏ကားကိစ္စ သတိရသွားသည်။ မနေ့က အပါကြီး၏ ပြောင်းပြန်စီးသော မြစ်တစ်စင်းကိစ္စ ဆောင်ရွက်နေရသဖြင့် ဟာရှင်ကို မေးဖို့ သတိမရ။ ဒီနေ့တော့ ခွင့်တောင်းပြီး နားသောနေ့ဖြစ်၍ အလုပ်ရုံကို ပြန်မေးမနေတော့ဘဲ ဟာရှင်ကို ဖုန်းနှင့် မေးလိုက်သည်။ သူ အလုပ်တာ တစ်လနားလိုက်စဉ် ကာလကတည်းက. . ဟာရှင် အလုပ်ရုံမှာ (၂၄)နာရီ တာဝန်ရှိသူ ဖြစ်သွားသည်။ ဦးလေးဖြစ်သူက. . ဘာကြောင့်ထိုတာဝန်ကို ပေးမှန်းလည်းမသိ၊ ယခု. . . ခိုင်မြဲ အလုပ်ပြန်ဝင်သည်အထိ ထိုတာဝန်

www.burmeseclassic.com



အတိုင်းရှိနေကာ ဟာရှင်.အိမ်မပြန်ရ၍ စိတ်ညစ်နေလေသည်။

"ဟာရှင်လား!. . . အေး. . . ငါပါ ခိုင်မြပါ"

"... .... ....."

"မင်းတို့ ငါအလုပ်နားတဲ့လက စိုင်းတောင်ကြီးရဲ့ကားကို သွား လုပ်ကြသေးလား!"

".... .... ...."

"အေး. . . အဲ့ဒီပြဿနာ မင်းတို့ လာရှင်း၊ အခု. . . ငါ့ကို ရောဂါရှာနေတယ်. . မင်းတို့ကွာ. . ပန်းထိမ်မတတ်ခင် ရွှေခိုးသင်တဲ့ ကောင်တွေပဲကွ. . ."

"... ...... ......."

"ဟေ့ကောင်. . . ပြဿနာက ဆောရီးနဲ့ မပြီးဘူး၊ အဲ့ဒီတုန်းက မင်းတို့ ဘာလုပ်ခဲ့လဲ၊ ဘာဖြစ်တာလဲ!. . ."

"...... .... ...."

"ကောင်းရောပေါ့ကွာ. . တော်ပြီ. . ငါမဆဲမိခင် ဖုန်းချတော့၊ တောက်. . ."

သူ ဖုန်းချပြီး ဖုန်းဖိုးရှင်းကာ ထွက်ခဲ့သည်။ ကားပျက်လို့ ဖုန်းဆက်ပြီး ခေါ်ပြင်တာကို ဘာပျက်လို့ ဘာပြင်ပေးရမှန်း မသိတာနဲ့ ဒီအတိုင်း ဟိုပွတ်ဒီတိုက်လုပ်ရင်း နိုးတာ နိုးသွားလို့ ငါးသောင်းတောင်းပြီး ပြန်ခဲ့သတဲ့။ ခွေးကောင်တွေ အလုပ်ပြန်ဝင်မှ. . ကုတ္တိုလ်ပင်အောက် ခေါ်ပြီး နားရင်းတီးပစ်ဖို့ မှတ်တေးထားလိုက်သည်။

ဒီမနက် လာမည်ဟု ကတိပေးထားသဖြင့်. . မြယွန်း စောင့်နေမှာ သေချာသည်။ မြယွန်းတို့အလုပ်ကတော့ တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်သည်။ ဦးဟာမက်ကတော့ စေ့စပ်ကြောင်းလမ်းမှုကိစ္စကိုတောင် အလုပ်ထဲမှာ ခေါ်လုပ်သည်။

သူ အတွေးများ ယောက်ယက်ခတ်စွာနှင့် မြယွန်းတို့ ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲ ဝင်လာခဲ့ပါသည်။ ဦးစိုင်းတောင်ကြီးနှင့် တွေ့လျှင်. . ဟာရှင်တို့ လုပ်ကွက်ကြောင့် မျက်နှာပူရတော့မည်ဖြစ်၍ လမ်းကြားများကို ရွေးချယ်ကာ လျှောက်ဝင်လာခဲ့သည်။

သူမတို့အိမ်နားအရောက်. . . အိမ်ထဲမှ ထုသံနှက်သံများ ထွက်ပေါ်နေ၍ ဒေါ်အေးတင်ကြီးကိုယ်တိုင် လုပ်နေပြီလားဟု. . တွေးကာ ခပ်သွက်သွက် လှမ်းဝင်လာခဲ့သည်။

"မြယွန်းရေ. . ."

"ဩော်. . . မ. . . အဲ. . ကို. . ကိုခိုင်မြ. . လာ. . ."

သူမ ပါးစပ်ကို လက်ဝါးလေး အုပ်ကာ. . . မျက်လုံးလေး ပြူးပြူး အိမ်ဝမှ ထွက်ကြိုသည်။ သူမ. . နှုတ်ကျိုးနေသည့်အတိုင်း မောင်. . ဟု ခေါ်တော့မလို့ သီသီကလေး. . ။ ထိုစဉ်. . သူ့နာမည် ခေါ်သံကြား၍ အိမ်ထဲမှ. . . အငယ်ကောင် ငတိုးနှင့် ပူစူးတို့ ညီမပါ ပြေးထွက်လာတာ ကိုကြသည်။

"ကိုကြီး. . . ဘာမုန့်ပါလဲ!"

"ကိုကြီး. . . သားအတွက်ရော. . ."

"ဟဲ့. . . ကလေးတွေ. . ."

စူးခနဲ ထွက်ပေါ်လာသော. . ဒေါ်အေးတင်၏ အော်သံကြောင့် ကလေးသုံးယောက် ဇက်ကလေးတွေ ပုကာ. . ချောင်ကပ်သွားကြသည်။ သူ လှမ်းကြည့်လိုက်တော့. . ကော်လာတုံးနှင့် ရခိုင်ပုဆိုးနှင့် ခေါင်းရင်းခန်းမှာ ခန့်ခန့်သန့်သန့်ကြီး ထိုင်နေသော ဦးစိုင်းတောင်ကြီးကို တွေ့ရပြီး ဘေးမှ ရေနွေးဗန်းနှင့် လက်ဖက်သုတ်ပန်းကန် ချကာ. . ထိုင်၍ ညှော်ခံနေသော ဒေါ်အေးတင်၏အေးစက်သော မျက်လုံးအကြည့်တို့ပါ တွေ့လိုက်ရလေသည်။

ဒေါ်အေးတင်၏အော်သံက. . အတော့်ကို တာသွားသည်။ အိမ်နောက်ဖေး အဆောင်မှာ အလုပ်လုပ်နေကြသောသူတွေပါ အလုပ်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြည့်ကြသည်။

"ဘာကိစ္စလဲ. . . မောင်ခိုင်မြ"

အေးစက်မာဆတ်စွာ ထွက်ပေါ်လာသော ဒေါ်အေးတင် စကားသံက. . သူ၏စိတ်ခံစားမှုထဲ ခြောက်ပေါင်တူကို ဖွေ့ရမ်းကာ. . ဝင်လာသည်။ ထိတ်နေရာ ထိပြီး ပွဲတဲ့နေရာလည်း ပွဲကုန်၍ သူ စိတ်ကို လျှော့ကာ အသက်အောင့်ထားရသည်။

"ဟို. . . သမီး ခေါ်ထားတာပါ အမေ. . . ဒီမနက် အိမ်ပြင်ဖို့ လုပ်ကြမယ်ဆိုပြီး. . ."

"မလိုတာတွေ သိပ်လုပ်တာပဲ. . . မြယွန်း. . . ငါ မအေ. . . ငါ စီစဉ်မှာပေါ့. . . နင် လျှာရှည်စရာလား!. . ."

"သမီးလည်း ဘယ်သိမလဲ. . . အမေ့ဘာသာ. . ."

"တော်. . နင့်ပါးစပ်ပိတ်ထား၊ ဒီမှာ မောင်ခိုင်မြ ငါတို့ကလည်း မရှိပေမယ့်. . သူ့အဆင့်နဲ့ သူပါကွဲ့. . ဒီအိမ်မှာ မင်းအလုပ် ဘာမှ မရှိဘူး. . . နောင်လည်း လာစရာ မလိုဘူး. . . ငါ့သမီးနဲ့ မင်းနဲ့လည်း အဆက်အသွယ်ဖြတ်ပါ၊ ကဲ. . မင်းပြန်တော့၊ ငါ ဒီမှာ လူကြီးလူကောင်းကို ဧည့်ခံနေတယ်. . ."

မြယွန်း မျက်ရည်ဝဲသွားသဖြင့် သူပြုံးကာ ခေါင်းခါပြလိုက်သည်။ ရည်ရွယ်ချက်က မျက်ရည်မကျစေချင်။ ကလေးတွေကို နှုတ်ဆက်ဖို့ ငုံ့ကြည့်တော့. . . ကလေးတွေလည်း မျက်နှာမကောင်း၊ သို့သော်. . . အားလုံးကို သူ ပြုံး၍နှုတ်ဆက်လိုက်ပါသည်။

ခိုင်မြ. . . အိမ်ထဲက ထွက်သွားမှ. . ဦးစိုင်းတောင်ကြီးက. .

"ဒီကောင့်မျက်နှာ ကြည့်ရတာ ကျွန်တော် ဟိုစကားကို သွားသတိရတယ် အစ်မကြီးရာ. . ."

"ဘာများတုံး မောင်လေးရယ်. . ."

သူတော်အချင်းချင်း သတင်းလွှေ့လျှော့ ပြန်မြဲသွား၍. . .


www.burmeseclassic.com

www.burmeseclassic.com



လက်သမားအဖွဲ့နှင့် စိုင်းမောင်တို့ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်' ဘုပါကွယ်
ဦးစိုင်းက ဆက်ပြောသည်။

"ဟော. . . ဟိုလူ ပြုံးလာပြီ. . ပြုံးလာပြီ. . ၊သေးတာ. . .
ဆိုတာလေ"

"အင်း. . . ပြောပါဦး"

"ဒီကောင် လူလိမ်ဗျ အစ်မကြီး၊ ကျွန် ၁လေ. . . ကိုကြီးခိုင်မြ
လိမ်သွားတယ်. . ဟိုးနောက်လမ်းထဲက. . စ
အရှုပ်ထုတ် မြဦးဆိုတဲ့ကောင်နဲ့ လည်ပင်းဖက်ေ လား!"

"ဟင်. . . သူက. . ဘုရားရေ. ." ်းကာ ရင်ဘတ်နား

မြယွန်းခင် ငတိုးကို အဝတ်လဲပေးနေရာမှ ချာခနဲ လှ
သည်။

"ဒီမှာ. . ဦးစိုင်းတောင်ကြီး. . သူတစ်ပါးအပေါ် အနိုင်ရချင်
တာနဲ့ပဲ. . . ဂုဏ်သိက္ခာ ညှိုးနွမ်းစေမယ့် စကားမျိုး. . . လီဆယ်ပြော
တာမျိုးက လူကြီးမဆန်သလို ယောကျ်ားမဆန်ဘူးရှင့် သိရဲ့လား"

"ဟင်. . . မိယွန်း. . . ကြည့်စမ်း၊ နင် ဘာစကားပြောတာလဲ!"

"မှန်သောစကားပါ အမေ. . . ကိုခိုင်မြက သူ့ဆီကနေ တကယ်ပဲ
လိမ်ယူခဲ့သလားဆိုတာ အမေ့လူကြီးကို အမေ ပြန်မေးကြည့်ပါဦး. . ."

"ဟဲ့. . . ခွေးမ. . . ငါ ပြောနေတဲ့ကြားက. . နင်. . ."

ပြောရင်းက ဒေါ်အေးတင် ဝုန်းခနဲ ခုန်ထကာ မြယွန်းခင်နား
ရောက်လာသည်။

"နင် ထပ်ပြောစမ်း. . ."

"တကယ့် လူလိမ်အစစ်က အခု ခေါင်းရင်းမှာ ထိုင်နေတာ"

"ကြည့်စမ်း. . ကဲ. . ."

"ဖြန်း. . . ."

မြယွန်းခင်မျက်နှာ လည်ထွက်သွားသော်လည်း တစ်ချက်တလေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ-ာား. . .။

"-ာ ရောက်နေတဲ့ လူလိမ်က. . အမေ့ကို လိမ်ညာ လီဆယ်ပြီး အေး-ာကြောင်နေ. . ."

သံက. . သူ၏စိတ. ."

သည်။ ထိတ့်နေရာ . ထပ်ပြော. ."

တာ အသက်အောင့်ထ အီး. ."

"ဟို. . . သမီး ၄ပါနဲ့. . . ဟီး. . . အီး"

လုပ်ကြမယ်ဆိုပြီး. . ,စ်မ မျက်နှာကို ထဖက်ပြီး ငိုပြော,ပြောသဖြင့်

"မလိုတ. . မြယ္ဝန်းခင်နား ရောက်လာကာ ငိုကြသည်။

စိစဉ်မှာ အခါ ဦးစိုင်းက. . .

"ကဲ. . တော်ပါတော့ အစ်မကြီးရာ. . အစ်မကြီး အဲ့သလို လုပ်နေတော့. . ကျွန်တော် ဘယ်လိုလုပ် စိတ်ကောင်းနိုင်တော့မလဲ. . . ."

"မဟုတ်ဘူး မောင်လေး. . . ငါ့သားသမီးတွေအကြောင်း နင်မသိဘူး. . ."

"မှန်တယ်. . . ဒါပေမယ့် ကျွန်တော့်ရှေ့မှာတော့ မလုပ်သင့်ဘူးလဗျာ. . ."

ဦးစိုင်း တည်းတွားတွား လုပ်ကာ ပြောမှ ဒေါ်အေးတင်တ်နှာကြောကို လျှော့ချကာ. . ဦးစိုင်းဘေးမှာ ပြန်ဝင်ထိုင်လိုက်သည်။

ထို့နောက် ဦးစိုင်းက. . .

"ဟိုကောင်. . လာရှုပ်တာနဲ့ပဲ. . ကျွန်တော် ပြောဖို့ကိစ္စ. . . ့သွားတယ်. ."

"ဘာများလဲ မောင်လေးရယ်!. ."

"အခု. . . အိမ်က ကားကို နာမည်ကြီးဝပ်ရှော့တစ်ခုမှာ အပ်ား‌တယ်၊ ကားပြီးရင် အစ်မကြီးတို့မိသားစုကို ဘုရားစုံ ရအောင်တ်ပို့မလားလို့. . ."

www.burmeseclassic.com



"အို. . . ကောင်းလိုက်တာ မောင်လေးရယ်. . . သာခုပါကွယ် အစ်မတို့ ရန်ကုန်ရောက်ကတည်းက ဘယ်ဘုရားမှ မဖူးရသေးတာ. . . အတော်ပဲ. ."

ထိုစဉ် နှီညွှာမလေးက. . .

"သမီးတို့ ကျိုက်ဒေးယံဘုရား ဖူးရတယ်လေ. . . ကိုကြီးခိုင်မြ လိုက်ပို့တာ. . . မုန့်တောင်စား. ."

"ဟိုကောင်မ. . . နင် လျှာပြတ်ချင်ပြီလား!"

မြယွန်းခင်က. . သူ့ညီမ ဦးခေါင်းကို ဆွဲသိမ်းကာ ရင်ဘတ်နား ကပ်ထားလိုက်သည်။

အိမ်ထဲသို့ လူတစ်ယောက် ဝင်လာသဖြင့် ဦးစိုင်းက. . .

"ဘာကိစ္စလဲ ခင်မောင်!. ."

"ကားဝပ်ရှော့က ဖုန်းလာနေတယ်. . ."

"ဪ. . . အေး. . အေး ငါ လိုက်ခဲ့မယ်. . ."

ဦးစိုင်းတောင်ကြီး. . အိမ်ထဲကအထွက်၊ ငတိုး. . သူမ ရင်ခွင် ထဲမှ ရုန်းထကာ ပြေး၍လိုက်သွားသည်။

"ဦးကျိုင်းကောင်ကြီး. . ."

ငတိုးခေါ်သံကြောင့် ဦးစိုင်းတောင်ကြီး အကြောတွေ အချဉ်တွေ ရှုံ့တွသွားကာ လှည့်ကြည့်သည်။ အသံလေးက စူးပြီး စာသဖြင့် မြယွန်းတို့ ကြားကာ ပြုံးကြသည်။

"ဦးကျိုင်းကောင်ကြီး. . ."

"ငါ့နာမည် စိုင်းတောင်ကြီးကွ. . . ဘာလဲပြော. . ."

"ဦးကျိုင်းကောင်ကြီး သားတို့အိမ်ကို မလာနဲ့တော့. . . ဦး ကြောင့် သားမမကြီး အရိုက်ခံရတယ်. . ဟီး. . အီး. ."

"ဟိုကောင်လေး. . . နင် လာစမ်း. . ."

"အမေ. . ."

www.burmeseclassic.com



ငတိုးကို ရိုက်တော့မည်ဖြစ်၍ ညီအစ်မတွေ ဝရုန်းသုန်းကား ပြေးကာ ပွေ့ဖက်ကာကြသည်။

"အမေ . . မလုပ်ပါနဲ့၊ မောင်လေးက ဘာမှမသိလို့ပါ . ."

"တိရစ္ဆာန်မတွေ . . . နင်တို့ ဖယ်နော် . ."

"ဟာ . . အစ်မကြီးရာ၊ ကျွန်တော် ရေလည်စိတ်ညစ်သွားပြီဗျာ"

ဦးစိုင်းအသံကြားမှ တံမြက်စည်း ကိုင်ထားသော ဒေါ်အေးတင်၏လက်က အားပျော့ကာ အသံတိုးတိုးနှင့် . . .

"ပြီးမှ . . . အသေသတ်မယ် . . ."

ထို့နောက် အသံကျယ်ကျယ်နှင့် . . .

"မောင်လေး ဖုန်းပြောပြီးရင် ပြန်လာရမယ်နော် . . . အစ်မ ထမင်းတွေဟင်းတွေချက်ထားတယ် . . ."

မြယွန်းခင် . . ရင်ထဲ ပျို့တက်လာပြီး . . မိခင်အား အံ့အားသင့်သလို မော့ကြည့်လျက် . . မျက်ရည်ဖြိုင်ဖြိုင်ကျတော့သည်။

(အမေ့ကို သမီးနားမလည်နိုင်တော့ဘူး အမေရယ် . . .)

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကွေး ခေါင်းတခါခါနှင့် သက်ပြင်းမောပါ မှုတ်ထုတ်၍. . . ထလျှောက်သွားသဖြင့် တုံးလုံးလှဲထားသော ကရိုင်းတစ်ချောင်းကို ခလုတ် တိုက်ပြီး မှောက်လဲတော့မလို ဖြစ်သွားသည်။

"သေပါပြီ. . ခိုင်မြရာ. . ကျွတ်. . ကျွတ်၊ အဲ့ဒါ မင်းကြောင့်တွေ့နာလိုက်တာ. ."

"ဘာမှမဆိုင်ဘူး. . ."

ကျော်ကွေး ဆက်မသွားတော့ပဲ ထော့နင်းထော့နင်း ပြန်လျှောက်လာပြီး ရှေ့ဝင်အထိုင်၊ ခိုင်မြ. . ကရိုင်းထောင်ပြီး. . ဘယ်ရင်ဖမ်းနေသော. . connecting rod ကို တစ်ပတ် တွန်းအပစ်နှင့် ကြုံသွားသည်။

ခွပ်. . .

"အားလားလား. . . ."

"ဟာ. . ကျော်ကွေး မင်း ဘယ်လိုဖြစ်နေတာလဲ!. ."

"ဘာ. . . မင်းကပဲ ပြောရတယ် ရှိသေး. . မင်းသာ ရှေ့မကြည့် နောက်မကြည့်နဲ့၊ ကွဲပြီနဲ့ တူပါတယ်. . . ရှိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မှန်း. . . ဘာမှမဖြစ်ဘူး. . ဖူးရုံပဲ ဖူးတာ၊ ကဲ. . သွား သွား၊ မင်းအလုပ် မင်းသွားလုပ်. . ."

"မသွားသေးဘူးကွာ. . မင်းပြောတာ နားထောင်ပြီး ငါ့ရင်ထဲ အတော်အောင့်နေတယ်. . . ဒီမှာ ကျောင်းမှန်းကန်မှန်း သိအောင် နည်းနည်းပညာပေးရင် မကောင်းဘူးလား!. . ."

ခိုင်မြ nut တွေ လျှော့ရင်း ပင့်သက်ရှိုက်လိုက်သည်။

"နေပစေတော့ကွာ. . . မင်းလည်း ဘာမှခံစားမနေနဲ့ ငါ့ရင်ထဲ ပေါ့သွားမလားလို့ ထုတ်ပြောမိတာပါ. . ."

"အေးလေ. . ဘာပဲဖြစ်ဖြစ်. . ဒီအဘွားကြီး ကျေးဇူးတရားကို နည်းနည်းတော့ နားလည်ရမှာပေါ့ကွာ. . ခုဟာက လွန်လွန်းတယ်. . ."

"အေး. . ငါ့အဖိုး ပြောတဲ့စကား ရှိတယ်. . အရာရာကို အောင်နိုင်ချင်ရင်. . မေတ္တာထားတဲ့ကွ. ."

ကျော်တွေးကလည်း. . .

"အေး. . ငါ့အဖိုး မှာတာတော့. . စေတနာဟာ လူတိုင်းနဲ့ မတန်ဘူးတဲ့. . . ."

"ကိုယ့်ကိုယ်ကို လူပီသအောင် နေဖို့က အရေးကြီးပါတယ်ကွာ"

"ငါ့ကိုယ်ငါတော့ လူနဲ့ တူမှာ အရမ်းကြောက်တယ်. . ."

"မင်းက ဘာနဲ့ တူချင်နေသေးတာလဲ!. . ."

"ဒီလိုလေကွာ. . . လူဟာ အတ္တ မာန်မာန များတယ်၊ ညစ်တယ် ရက်စက်တယ်၊ မလိုမုန်းထားကြီးတယ်. . ဒါကြောင့် လူနဲ့ မတူချင်တာ"

"ငါတို့ ဘုရားရှင်က. . လူအဖြစ်ကို ရပြီးမှ ဘုရားဖြစ်တာ မဟုတ်ဘူးလား!. . ."

"ငါတို့ ငယ်ငယ်က ဦးလာဘဆိုတဲ့ ပုဂ္ဂိုလ်လည်း လူဖြစ်ပြီး လူသားစားတယ်ကွ. . ."

"ဒါဆို အဖြေက. . ရှင်းနေတာပဲ၊ လူဟာ ကောင်းခြင်း ဆိုးခြင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုစလုံးမှာ စွမ်းတယ်. . . အဲဒီတော့ ကောင်းတာကို စွမ်းတဲ့လူ ဖြစ်ချင် ရပြီပေါ့ကွ. . ”

“မရဘူး. . ကိုယ်က လူကောင်းလုပ်တော့ လူဆိုးတွေရဲ့ အနိုင်ကျင့်ခြင်းကို ခံရတယ်. . ဥပမာ. . မင်းလိုပေါ့ကွာ ကိုယ်က ဘယ်လောက်ကောင်းကောင်း မင်းယောက္ခမလောင်းက အကောင်းမမြင်ပဲ နှိမ်နေတာမျိုးပေါ့. . သိပ်အခံရခက်တယ်”

“နေပါဦး. . . မင်း အခု ငါပြောသမျှကို ထော်လော်ကန့်လန့်လုပ်နေတာ. . ငါနဲ့ဒေါ်တင်အေး ပြဿနာအပေါ် မခံချင်လို့လား!. . . ”

“အေးလေကွာ. . . ဘယ်လောက် အူယားဖို့ကောင်းလဲ၊ ကျွတ်ပြောရင်းနဲ့တောင် ရင်ထဲမှာ. . . ရွစိရွစိ ဖြစ်လာတယ်”

သူတို့နှစ်ယောက် စကားကောင်းနေတုန်း ဟာရှင် ကွမ်းလေးမြုံ့ပြီး မျက်နှာရှုံ့တွတွနှင့် ရောက်လာသည်။

“ကဲ. . ခိုင်မြ၊ မင်း ဒီကောင့်ကို. . အလုပ်ခိုင်းမှာလား!၊ စကားပြောဖော် ထားမှာလား!”

“ဟော. . . ထားစရာလားကွ. . ငါအလုပ်သွားလုပ်ဖို့ ပြောနေတာပဲ. . ”

“မင်း. . . အဲ့သလို ပြောလို့ကတော့ လုပ်မှာမဟုတ်ဘူး၊ head တုံး မ,လာခိုင်းပြီး. . မင်း ဘေးနားမှာထိုင် ကရိုင်းခိုင်းမှ ဖြစ်တော့မယ် တစ်မနက်လုံး တစ်ပေါက်မှ မကျသေးဘူး. . ပြီးရင် ငါ့ထဲ ထိုးထည့်ထားခဲ့ဦးမယ်. . အဲ့ဒီ head က ဒီညနေ အပြီးအုပ်ရမှာ. . နေ့ခင်း ထမင်းစားပြီးရင် ဘုရင့်နောင်မှာ ဒီကောင် ကရိုင်းသွားယူရမယ်. . ဒါဆို နေ့တစ်ပိုင်းတုန်ပြီ၊ အဲဒါကြောင့်. . မကရိုင်းချင်လို့ ပတ်ဖောနေတာ မင်းသိလား!”

ကျော်ကွေးကို လှည့်ကြည့်တော့. . ရယ်ကျဲကျဲနှင့် နှာခေါင်းပွတ်လိုက် ခေါင်းကုတ်လိုက် လုပ်နေသည်။

“ကဲ. . . ကျော်ကွေး. . မင်း လူနဲ့မတူချင်လည်း အလုပ်ရှုံမှာ


www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားနဲ့ တူအောင်တော့ နေပြရလိမ့်မယ်. . မဟုတ်ရင် မင်းကို ပညာသင်လစားအဆင့်ကနေ. . . တောက်တိုမယ်ရ နေ့စားပြောင်းပေး ရလိမ့်မယ်ကွ. . ."

သူ အဲ့သလိုပြောမှပဲ. . ကျော်ကွေး မှုန်ကုတ်ကုတ် ရှုံ့တွတွနှင့် ခါးကြောလိမ်ဆန့်ကာ. . . ဗားကရိုင်းသောနေရာသို့ ထသွားလေတော့သည်။ ကျော်ကွေး ထွက်သွားမှ ဟာရှင်က. . .

"နေပါဦး. . . အပါကြီး ငါ့ကို ပြောတယ်၊ မင်း အလုပ်ရှုံမှာ. . . နေ့ညဝင်မယ်လို့. . ပြောသွားတယ်ဆို. ."

"အင်း. . ."

"ဘယ်လိုဖြစ်တာလဲ!. . ."

ခိုင်မြဲ ပြန်မဖြေပဲ. . ထောင်ထားသော crank shaft ကို လှဲ လိုက်သည်။

"ဟာရှင်. . . မင်း ရှေ့က မ,ပေးကွာ. . ."

ထို့နောက် နှစ်ယောက်သား အင်ဂျင်ပေါ် တင်ကြသည်။

"ဒီရက်ပိုင်း ကားကြီးတွေ လှိမ့်ဝင်နေတာ. . ခါးတောင် စောင်း နေပြီ ခိုင်မြဲရာ. ."

"ဝက်ဖြစ်မှတော့. . . ချေးကြောက်မနေနဲ့. . ."

ခိုင်မြဲ လွတ်ခနဲ ပြောပြီးမှ ဟာရှင်တို့ ကိုးကွယ်သော ဘာသာကို အားနာသွားမိသည်။ အို. . . စားခိုင်းတာမှ မဟုတ်ပဲ. . .။

သို့သော် ဟာရှင်က. . .

"ဟိုလိုပြောစမ်းပါကွာ. . နွားဖြစ်မှတော့ လည်းစင်းပေးရမှာပဲ လို့. . ."

"ဒီလိုပြောမယ်ကွာ. . . ကုလားဖြစ်မှ မည်းပစေတော့ကွ. ."

"မင်းဘာသာ ပြောချင်သလို ပြောတော့ ခွမ်းမှပဲ ဒါနဲ့ စာစောတ စကား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ မနေချင်လို့ကွာ. . ."

"ငါတို့ကြောင့်လား!. . ."

"မင်းတို့နဲ့ ဘာဆိုင်လဲ. . ."

"ဟို. . . စိုင်းတောင်ကြီး ပြဿနာလေ. ."

"အဲ့ဒါ. . ငါနဲ့ မဆိုင်ဘူး. . ပြဿနာ မရှိဘူး. ."

"ဟင်. . ဒါနဲ့များ. . . မင်း. . ."

"ဟာ. . . မင်း တော်တော်စပ်စုပါလား. . . ငါ့ဘာသာ အိမ်မှာ မနေချင်လို့ အလုပ်ရုံမှာ အိပ်တယ်၊ ကဲ. . . မရှင်းသေးဘူးလား!"

"ရှင်းပြီ. . ရှင်းပြီ. . ကျေးဇူးပဲ. . ဒါဆို ငါ အိမ်ပြန်လို့ ရပြီပေါ့ကွ တက် ဟက် ဟက်"

ထိုအခိုက်မှာပင် ကျော်ကွေး ရောက်လာသည်။

"ဟာရှင်. . မင်းကို. . အပါကြီး မေးနေတယ်. . အလုပ်လုပ်စားမှာလား၊ တောင်းစားမှာလားတဲ့. . ."

"ဟမ်. . ."

အပါကြီး ဆို၍ ဟာရှင် ဆံပင်မွှေးတွေ ထောင်ကုန်ပြီး ထလစ်သည်။ ဟာရှင် လစ်သွား၍ ကျော်ကွေး ဝင်အထိုင် ဟာရှင် ပြန်ရောက်လာကာ ကျော်ကွေးကို. . . ဂုတ်ဆွဲခေါ် သွားသည်။

"လာ. . . မင်းနဲ့ငါ မျက်နှာချင်းဆိုင်ပြီး အလုပ်လုပ်မယ်"

သူ ပြုံးရသည်။ မည်သို့ဆိုစေ. . . အလုပ်ထဲ နေနေရတာ စိတ်သက်သာရာ ရပေသည်။ လုပ်ငန်းခွင်ထဲ စိတ်နှစ်ပြီး. . ရင်နှင့် ခံထားရ၍ ရင်ခံနေသော အရာအားလုံး မေ့ထားနိုင်လောက်သည်။

သူ ဘယ်လိုမှ မေ့လို့မရတာ တစ်ခုပဲရှိသည်. . မြယွန်းခင်. . bearing ဖမ်းရင်းနှင့် ခဲသားပေါ် ထိချက်မိချက် ကြည့်တာတောင်. . . မြယွန်း၏ မက်မူးချင်စရာ မျက်နှာလေးကို မြင်ရသည်။ ဆိုတာက တစ်ချက်တစ်ချက် ဖြတ်ဝင်လာသော. . ဒေါ်အေးတင်၏ အေးစက်ခက်မာ

www.burmeseclassic.com



သောမျက်နှာ. . ။ သူ ဒီလောက်ကောင်းခဲ့တာတောင် ဘာကြောင့် မုန်းရသနည်း။

လူ့သဘော စောကြောရခက်သည်ဆိုသော စကားက ဒေါ်အေးတင်နှင့်ကျမှ ကွက်တိဖြစ်နေနိုင်လွန်းသည်။ ဒေါ်အေးတင် အိမ်မှာ ဦးစိုင်းတောင်ကြီးကို မြင်လိုက်ရတာကိုက သူနှင့်မြယွန်းတို့၏ နှလုံးသားဆုံချက်ဒီတစ်သက်မှာ ရှိနိုင်မည် မထင်တော့ဟုတွေးကာ ရင်ထဲ ဂျိုးဂျိုးဂွတ်ဂွတ်မြည်သွားသည်။ မနက်တုန်းကတော့ ကျော်ကွေးနှင့်ဟာရှင်က လက်ဖက်ရည်ဆိုင်မှာ သူ့ကို အကြံဉာဏ် ပေးကြသည်။

"ခိုးပြေးတဲ့. . ."

မှန်သည်။ နှစ်ယောက်တစ်ဘဝ. . ။ တစ်သက်စာ ချစ်ခွင့်ရဖို့ဒီနည်းထက် ကောင်းတာ ဘာမှမရှိ။ သို့သော် မြယွန်းကို မှီထားသောလူလေးယောက်၏ ဘဝဒုက္ခကို မေ့ထားလို့မဖြစ်။ မြယွန်းကလည်း ဘယ်လောက်ချစ်ချစ် မိသားစုကို ပစ်ပြီး မချစ်နိုင်တာ သေချာသည်။ သူကလည်း မွေးရာပါဗီဇနှင့် လူမဆန်သော အခွင့်အရေးကို မတောင်းချင်. . ။

ဒီတော့. . .

သူမွန်းကြပ်လာသဖြင့် အလုပ်ရုံ အပြင်ထွက်ကာ ရပ်လိုက်သည်။ ပြာစင်သောကောင်းကင်ထဲ. . တိမ်တိုက်ကြီးတစ်ခု. . တိုးဝင်လာသည်။ မိုးရွာလေဦးမည်။

နွေခေါင်ခေါင် မိုးကြီးပစ်မည်ဆိုလျှင် သူ၏ ရင်ဘတ်တည့်တည့်သာ ပစ်စေချင်တော့သည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



**အိမ်**ပေါ် တက်လာကတည်းက ရှိုက်သံနှင့် တက်လာသော မြယွန်းခင်အား. . မိခင်ဒေါ်အေးတင်နှင့် အိမ်အလည်ရောက်နေသော ဦးစိုင်းတောင်ကြီးတို့ အလန့်တကြား မော့ကြည့်ကြသည်။ ကလေးသုံးယောက်ကတော့ အသစ်ဆောက်ထားသော. . အိမ်နောက် မီးဖိုခန်းမှာ ထမင်းစားနေကြ၍. . . ဘာမှမသိ။

"မိယွန်း ဘာဖြစ်တာလဲ!"

မြယွန်းခင် ဘာမှမပြောပဲ သူ့မမိခင် ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ. . ငိုတော့သည်။

"ဟဲ့. . . ဘာဖြစ်တာလဲလို့!. . ."

"ညီမလေး. . ဘာဖြစ်တာလဲ၊ ဧကန္တ. . . တစ်ယောက်ယောက်ကများ၊ တော့က်. . . ပြောစမ်း၊ ငါ့ညီမလေးကို ဘယ်ကောင် စော်ကားရဲလဲ. . စိုင်းတောင်ကြီးအကြောင်း သိစေရမယ် ပြောစမ်း"

"ဟဲ့. . ပြောလေ. . ဒုက္ခပါပဲ၊ ငါ ရင်တွေ တုန်လိုက်တာနော်"

"ဟင့်. . ဟင့်. . ဟင့်. . ရွတ်. . သမီးကို ဘယ်သူမှ မစော်ကား

www.burmeseclassic.com



ပါဘူး. . .”

“ဟင်. . . မစော်ကားဘဲနဲ့များ ဘာဖြစ်တာလဲ!”

“ဟင့်. . ဟင့်. . ဟင့်. . ရှတ်. . ဟင့်၊ မနေ့က သမီးဘီရိုထဲမှာ ဘဏ်လွှဲဖို့ထားတဲ့ ပိုက်ဆံတွေ မရှိတော့ဘူး အမေ. . ဟင့်. . ဟီး. . .”

“ဟဲ့. . . ဘယ်လောက်မို့လို့လဲ!”

“သိန်းကိုးဆယ်. . ဟင့်. . . ရှတ်. .”

“ဟင်. . .”

“ဟာ. . . .”

ဒေါ်အေးတင်ရော ဦးစိုင်းတောင်ကြီးပါ မျက်လုံးမျက်ဆန်ပြူးပြီး နောက်လန်ကုန်ကြသည်။

“စဉ်းစားကြည့်ပါဦး ညီမလေးရယ်. . ပိုင်ရှင်ကများ သူ့ဘာသာ”

“ဟင့်အင်း. . . ပိုင်ရှင်မိသားစု မရှိဘူး. . . ခရီးသွားကြတယ်၊ တွန်မက ဆိုင်တာဝန်ခံမို့လို့. . . ဘဏ်လွှဲရမယ့်ကိစ္စ သူတို့ အပ်သွားတာ ထူးဆန်းတာ သော့လည်း မပျက်ဘူး၊ ဒီနေ့ ငွေလွှဲဖို့ ဖွင့်ကြည့်တော့ မရှိ အီး. . ဟီး. . အမေရယ်. . သမီးကို ကယ်ပါဦး. . ဟီး. .”

“ဟီး. . ဟီး. . ဟီး. . မောင်လေး. . မောင်စိုင်းရဲ့. . အစ်မတို့ သားအမိကို ကယ်ပါဦး. . . ဟီး. . အီး. .”

ရုတ်တရက် ဒေါ်အေးတင်ကြီးပါ ရောငိုချလိုက်သဖြင့် ဦးစိုင်းတောင်ကြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ပျာယာခတ်သွားသည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းက သားအံမိနှစ်ယောက် ငိုသံကြောင့်. . အိမ်နောက်ခန်းမှ. . ထမင်းစားနေသော ကလေးတွေ ထမင်းပန်းကန်လေးတွေ ကိုင်ပြီး ပြေးထွက်လာကြသည်။

အမေနှင့်အစ်မကြီး ချုံးပွဲချ ငိုနေကြသဖြင့် ကလေးတွေ ပြေးလာ ဝိုင်းလာပြီး ထမင်းပန်းကန်တွေချကာ ထိုင်ငိုကြလေသည်။ အငယ်ကောင်လေးတိုးက ဦးစိုင်းတောင်ကြီး ပေါင်ကြားထဲ ထမင်းပန်းကန် ပစ်ထည့်ပြီး ငိုသဖြင့်. . . ဦးစိုင်းတောင်ကြီးပေါင်ကြားထဲ ငပိရည်တွေ ချဉ်ဟင်းတွေနှင့် နယ်ဖတ်ထားသော ထမင်းများ ပလားကုန်တော့သည်။

"အဟီးဟီး. . . အီးဟီးဟီး. . မောင်လေး. . ဟီး. . ရွှတ်. . အစ်မတို့ ဒုက္ခကို ကြည့်နေတော့မှာလား!. . . ဟီး. . အီး. . "

"အင်း. . သိန်း. . သိန်းကိုးဆယ်. . ဆို. . ဆိုတော့"

ဦးစိုင်းတောင်ကြီး ထစ်ထစ်အအနှင့် ပြောရင်း. . အိမ်ပေါက်ဝဘက်. . တစ်ချက်လှမ်းကြည့်သည်။ ထိုစဉ် မြယွန်းခင်က. . .

"သမီးကတော့. . ထောင်ကျမှာ သေချာနေပြီ. . ဟင့်. . ဟင့်



www.burmeseclassic.com

www.burmeseclassic.com



အမေ. . အမေတို့သားအမိ. . ဘယ်လို. . လုပ်ကြမလဲ!. . အမေ. . ဟင့်ရှတ်. . ဒီအိမ်မှာလည်း ဆက်နေခွင့် ပေးမှာ မဟုတ်တော့ဘူး. . အမေ"

"မပြောပါနဲ့. . မပြောပါနဲ့တော့. . ဟင့်. . အင့်၊ အမေ ရူးတော့မယ်. . အမေ ရူးလိမ့်မယ်. . ဟဲ့. . ဟဲ့. . ဟဲ့. . ဟီး. . မောင်လေး. . "

"ခင်ဗျာ. . ."

"ဘယ်လိုလုပ်ကြမလဲ!. . ဟင့်. . ဟင့်. . ရှတ်. . "

ဦးစိုင်းတောင်ကြီး. . အံကို တင်းတင်းကြိတ်ကာ. . အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပစ်လိုက်သည်။

ပြီးမှ. . . .

"အားနာစရာပဲ. . အစ်မကြီးရယ်. . ကျွန်တော်လည်း ကားပြင်တာ၊ ဆိုင်ပြင်တာ၊ အိမ်. . အိမ်လေး. . အဲ့ဒါပြင်တာနဲ့ ပိုက်ဆံလည်း တော်တော်ပါးသွားတယ်. . . "

"ဟင်. . . ဒါဆို. . "

ဦးစိုင်း ထရပ်လိုက်သဖြင့် ဝတ်ိုး ပစ်ထည့်ထားသော ထမင်းတွေ ဟူးခနဲ ထွက်ကျလာသည်။

"စိတ်မကောင်းပါဘူး. . . ထန်းလျက်ခဲ ရေထဲ ပြုတ်ကျသွားမှတော့. . . လက်ထဲမှာ ကျန်နေတဲ့ ထန်းလျက်ထုပ်တဲ့စက္ကူက ထန်းလျက်လောက်တော့ ဘယ်ချိုပါ့မလဲ!. . သွားလိုက်ပါဦးမယ်. . "

ပြောပြီးသည်နှင့် ဦးစိုင်းတောင်ကြီး လုံးဝလှည့်မကြည့်စတမ်း ထွက်သွားလေတော့သည်။

ဦးစိုင်းတောင်ကြီး ထွက်သွားရာ လမ်းတစ်လျှောက်. . အိမ်ရှေ့ဖိနပ်ချွတ်အထိ ထမင်းလုံးများ ပလဲပြီး ကျန်ခဲ့၍. . မြယွန်းခင် ထကာ တံမြက်စည်းနှင့် သိမ်းရှင်းပစ်လိုက်သည်။ မိခင်ကို လှမ်းကြည့်လိုက်တော့ ပုံပုံကျ ကျနေသည်။ ကလေးတွေလည်း ထမင်းစား ပျက်ကုန်သဖြင့်. . .

"ကဲ. . သွား. . သွား ညီမလေး မောင်လေးတွေ. . ထမင်းသွား



www.burmeseclassic.com

www.burmeseclassic.com



စားကြ. . စိတ်မပူနဲ့. . မမတို့ ဒီထက်မက ဒုက္ခရောက်ခဲ့ဖူးကြတာ. . ."

ထိုအခါ ငတိုးက. . .

"အဲ့ဒီ ဦးကျိုင်းကောင်ကြီးလာရင် မကောင်းဘူး. . သားပန်းကန် သူ့ပေါင်ကြားထဲ ပစ်ထည့်ပလိုက်တယ် မှတ်ထား၊ ငပိစော် နံသွားပြီ. ."

ငတိုးပြောမှ. . အငိုမျက်နှာနှင့် ပြုံးကြသည်။ သည်တစ်ကြိမ်တော့. . ဒေါ်အေးတင် ငတိုးကို မာန်မဲတာမျိုးတောင် မလုပ်နိုင်ရှာ။ ဒူးတစ်ဖက်လှဲ တစ်ဖက်ထောင်၍ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာကာ မျက်ရည်တွေတွေ ကျနေလေတော့သည်။ မြယွန်းခင်က သူမ မိခင်ဘေးမှာ အသာအယာ ဝင်ထိုင်၍ ထောင်ထားသော ခြေထောက်မှ ခြေသလုံးကို ဆုပ်နယ် နှစ်သိမ့်လျက်. . . .

"အမေ. . အရမ်း စိတ်ဆင်းရဲသွားပြီလားဟင်!. . ."

"မေးရက်တယ်အေ. . ငါ့ရှေ့မှာ. . မီးပင်လယ်ကြီး မြင်နေရပြီ ဟီး. . ဟီး. . ဟင့်. . အင့်. . ရွတ်. ."

"သမီး အလုပ်ကအပြန်. . ကိုခိုင်မြဲဆီ ဝင်ခဲ့တယ်"

ခိုင်မြဲဆို၍ ဒေါ်အေးတင် မျက်လုံးတွေ လက်ခနဲဖြစ်ကာ ကြည့်သည်။

"သူကတော့ အားပေးပါတယ်. . စိတ်မပူနဲ့တဲ့. . သူ့တိုက်ခန်းကို ငွေလိုလို့ အရေးပေါ်ရောင်းရင်. . သိန်းတစ်ရာလောက်ကတော့ ချက်ချင်းရတယ်တဲ့ . . . သူ စိုက်လျှော်ပေးမယ်လို့ အေးအေးဆေးဆေးပဲ ပြောတယ် အမေ. . ."

"ဘာ. . သူ. . သူက. ."

မိခင် အလန့်တကြား ပြန်မေး၍ မြယွန်းနှုတ်မှ မဖြေရဲတော့ပဲ ခေါင်းညိတ်ပြလိုက်သည်။ ထိုအခိုက်မှာပင် ဒေါ်အေးတင် ဆေးပေါ့လိပ် ချပြီး. . တအိအိ ငိုကြွေးလေတော့၏။

"အမေ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် . . အင့် . . အမေ မှားပြီ၊ အမေ မှားပြီပေါ့ သမီးရယ်၊ ဟင့် ဟီး . . ."

"အမေ . . . ဘာမှားလို့လဲဟင်! . . ."

ဒေါ်အေးတင် . . ငိုရင်း ခေါင်းခါသည်။ ထို့နောက် သူမ မေးနေတာကို မပြောဘဲ . . သူ့စိတ်ထဲ ခံစားမိနေတာကို အပြောနှင့်အငိုလေး ထွေး၍ ငိုပြော,ပြောတော့သည်။

"သြော် . . လူတွေ . . လူတွေ၊ တယ်လည်း တရားကျစရာ ကောင်းလိုက်တာ၊ ထန်းလျက်ခဲ ရေထဲ ပြုတ်ကျမှတော့ ထန်းလျက်ထုပ်တဲ့စက္ကူက ထန်းလျက်လောက် ဘယ်ချိုတော့မလဲတဲ့ . . ပြောရက်လိုက်တာ . . ငါက တော့ ဥပမိရုပ် ကြည့်ပြီး . . တော်ရှာမှာပဲလို့ ထင်ခဲ့တာ . . မှားပါပေါ့လား အေ . . ဟင့် . . ဟင့် . . ဟီး . . လူတွေများ တတ်လည်း တတ်နိုင်ပါပေ့ အမေလည်း အရွယ်မကွာလို့ အမေ့ကိုကျလာအောင် အစွမ်းရှိသလောက် ကြိုးစားကြည့်တာပါပဲ သမီးရယ် ဒင်းက အမေ့ကို ထန်းလျက်ထုပ်တဲ့ စက္ကူတဲ့ . . ဟီး . . . အီး . . ."

"အမေ . . ."

"ဘာပဲဖြစ်ဖြစ် . . အမေ . . အဆင်ပြေရင် ငါ့သားသမီးတွေ . . . မပင်ပန်းတော့ဘူး . . . ဘဝနဲ့ ရင်းရတာချင်း အတူတူ . . . အမေ့ဘဝကိုပဲ ရင်းမှာပေါ့ . . အေ့ . . ဟင့် . . ရှတ် . . ခုတော့"

"အမေရယ် . . ."

မြယွန်းခင် . . . အမေ့နှလုံးသားကို ဖြူကနဲ လင်းကနဲ မြင်လိုက်ရချေပြီ။ မြင့်မိုရ်တောင်ဦး မကကျူး ဆိုသော စကားအား ရင်ထဲ ဆို့လိုက်စွာ ဦးညွှတ်မိသည်။ ရင်နံ့ရုံတွေ ပွင့်ပေါက်မတတ် ခံစားနေရသည့် မိခင်ကို အသာအယာ ဆွဲယူကာ ထွေးပွေ့သည်။

"သမီး နားလည်ပါပြီ . . အမေရယ် . . ဒီအသက်အရွယ်အထိ သားသမီးတွေအပေါ် . . မေတ္တာတစ်ခုတည်းနဲ့ လုံခြုံနေရသည့် အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်. . အမေ ပင်ပန်းလှပါပြီ အမေ့ရဲ့မောပန်းမှုတွေ. . သမီးကို ပေးပါတော့. . ”

“မောင်ခိုင်မြကို အမေ အထင်တွေလွဲ မောက်မာခဲ့တာတွေ တလည်း ကျေးဇူးမသိလို့ မဟုတ်ဘူး သမီး၊ အမေ့စိတ်မှာ. . .သူ့ ကျေးဇူးရှိလို့ ငါ့သမီးလေး အနစ်နာခံပြီး ရင်းနှီးပေးဆပ်နေရတယ်လို့ ထင်မြင်လာလို့ပါကွယ်၊ တကယ်က. . သူမှ သူတော်ကောင်းအစစ်တ လေးကွဲ့၊ အမေ ဒီလောက်. . မောက်မာဆန့်ကျင်စော်ကားနေတာကို အပြုံးမပျက်. . . မေတ္တာစေတနာ မပျက်ဘူး”

သူမ မေမေ့ကို ချစ်မက်စွာ တိုး၍ ဖက်တွယ်လိုက်သည်။

ပြီးမှ အမေ့နား,နား ကပ်ပြီး. . .

“သမီးက သူ့ကို. . ကျေးဇူးရှိလို့ အနစ်နာခံပြီး ပေးဆပ်နေတာ မဟုတ်ဘူး အမေ၊ သူ့ကို သမီးရင်ထဲ နင့်နေအောင် ချစ်တာ. . သိပြီလား”

“ဩော. . . ဩော”

ရုတ်တရက် ရွာချလိုက်သော မိုးစက်ပေါက်များက သွပ်ခေါင်မိုး တို့ ထိမှန်ကာ. . . တဝေါဝေါ ဆူညံကာသွားသည်။ မိုးသံလေသံထဲမှာ. . မြွှန်းခင်တို့ သားအမိ၏ငိုညည်းသံများ. . ရောထွေးပါသွားသည်။

မိုးကား. . . ပို၍သည်းလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ( အခန်း – တစ်ဆယ် )

အပါကြီးရုံးခန်းထဲ မြယွန်းနဲ့အတူ စိတ်ကို အတည်ငြိမ်ဆုံး ဆောက်တည်ပြီး ဝင်လိုက်သည်။

အပါကြီးက လယ်ဂျာစာအုပ် ငုံ့ကြည့်နေရာမှ မော့ကြည့်သည်။ အပါကြီးမျက်နှာအမူအရာကို သူ စေ့စေ့စပ်စပ် အကဲခတ်ကြည့်သည်။

အံ့သြဟန်မရှိ။

အားတက်သရောမရှိ။

မလိုလားဟန်မရှိ။

တုန်လှုပ်မှုမရှိ။

ဒေါသမရှိ။

ပကတိ အေးဆေးတည်ငြိမ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ. . . ထိုင်ကြ"

ပြောပြီး ရှေ့က ကုလားထိုင်နှစ်လုံးကို မေးထိုးပြသည်။

လယ်ဂျာစာအုပ် ပိတ်ရင်း. . . မြယွန်းခင်ကို ကြည့်၍ တစ်ချက် ပြုံးပြသည်။

ခိုင်မြဲ အနည်းငယ် ဘဝင်ကျသွားသည်။

"ကဲ. . . ပြော ခိုင်မြဲ၊ မင်း အကူအညီလိုတယ်ပဲ ငါ့ကို ပြော ထားတယ်၊ ဘာအကူအညီလဲဆိုတာ မပြောရသေးဘူး"

ဝင်ထိုင်ရင်း သူ စကားလုံး စီရင်ရွေးချယ်နေသည်။

"မိတ်ဆက်ပေးပါရစေ အပါကြီး၊ ဟောဒါ ကျွန်တော့်ချစ်သူ. . မြယွန်းခင်ပါ၊ သူနဲ့ကျွန်တော် မကြာခင် လက်ထပ်ပါတော့မယ်"

"ရှေ့သွားနောက်လိုက် ညီပါတယ်"

ခပ်တည်တည်ပင် မှတ်ချက်ပေးသော စကားကောင်းမို့ ခိုင်မြဲ ဝမ်းသာရသေးသည်။

"အဲ့ဒါ ကျွန်တော်တို့ တစ်အိုးတစ်အိမ် ထူထောင်ဖို့ ငွေလိုပါ တယ်၊ ဒါကြောင့် ကျွန်တော့်အမည်ပေါက် ကာလပေါက်စျေး သိန်းတစ်ရာ ငါးဆယ်နီးပါးလောက်တန်တဲ့ ကျွန်တော့်တိုက်ခန်းကို သိန်းတစ်ရာလောက် နဲ့ ပေါင်ချင်ပါတယ်"

အပါကြီး ခဏစဉ်းစားနေသည်။

"အတိုးများတယ်ကွ. . . မင်း လည်ပင်းနစ်လိမ့်မယ်"

"အတိုးကို ကျွန်တော်မကြောက်ပါဘူး၊ လိုတဲ့ငွေ ရဖို့သာ အဓိက အရေးကြီးပါတယ်"

"တိုက်ခန်းပေါင်ပြီးရင်. . မြို့ရှင်က စာချုပ်ရော တိုက်ခန်းရော ပါသိမ်းမှာ. . နော၊ မင်းတို့ ဘယ်သွားနေမလဲ!"

"ဒါကတော့ အိမ်ကလေးတစ်လုံးလောက် စျေးသက်သက်သာ သာနဲ့ ငှားရမ်းပြီး ဒီလိုပဲ နေရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“ငွေက ဘာလို့ သိန်းတစ်ရာလောက် လိုတာလဲ!”

“ကျွန်တော့်ကိုယ်ရေးကိုယ်တာ အခက်အခဲတစ်ခု ရှိလို့ပါ. . အပါကြီး”

“မင်းအခက်အခဲလား!. . . ကောင်မလေး အခက်အခဲလား! မှန်မှန်ပြောစမ်း ခိုင်မြ”

သူစဉ်းစားသည်။ ချစ်သူအခက်အခဲဆိုလျှင် နေရင်းထိုင်ရင်း ချစ်သူ သိက္ခာကျနေရှေ့မည်။

ခက်ခဲနေ၍. . . သူ့ကို လူပါ ပုံပေးသည်ဟု အထင်လည်း သေးနိုင်သည်။

“ကျွန်တော့်အခက်အခဲပါ အပါကြီး”

အပါကြီး ပြုံးသည်။

ခိုင်မြကို စေ့စေ့ကြည့်ရင်း ပြုံးသည်။

မြယွန်း မနေတတ် မထိုင်တတ် ဖြစ်စေသောအပြုံးဖြစ်သည်။

“ကဲ. . . ကလေးမ အပြင်က ခဏသွားစောင့်နေ၊ ညည်းချစ်သူနဲ့ တျပ်နဲ့ စကားနည်းနည်းပြောစရာရှိတယ်”

မြယွန်း မောင့်ကို လှမ်းကြည့်သည်။ မြယွန်းအခက်အခဲနှင့် အဖြစ်မှန်ကို. . အမှန်အတိုင်း ပြောလိုက်ရမလား ဟူသောအကြည့်ဖြစ်သည်။ မောင်လည်း သိသည်။

မသိမသာ ခေါင်းယမ်းပြရင်း သူမပခုံးလေးကို ပင့်မပေးခြင်းဖြင့် အပြင်ကစောင့်ဟု ဘာသာစကားမဲ့ ပြောလိုက်သည်။

မြယွန်း အရိုအသေပေးရင်း လှည့်ထွက်လာတော့ နောက်က အပါကြီးစကားသံကို တံခါးမပိတ်မီ ကြားဖြစ်အောင် ကြားသည်။

“ငါ့မှာတော့ ပိုက်ဆံမရှိဘူး ခိုင်မြရ”

သူမ တံခါးအပြင်မှာ ခဏရပ်နေသေးသည်။ ပိုက်ဆံမရရင်လည်း အာထူးမှာမို့. . အရာကြီးရယ်. . နှစ်ကိုယ်ကြား စကားပြောနေသေးတာ

www.burmeseclassic.com

www.burmeseclassic.com



လဲဟု သူမကိုယ်တွင်း တစ်နေရာက မြည်သည်။

သူမ အပြင်က ခုံတန်းလျားတွင် ခဏထိုင်စောင့်သည်။ ခဏ ကြာလာသည်။ ပိုကြာလာသည်။ ထို့ထက် ပိုကြာလာသည်။

နဂိုက အပူတစ်စ ဝင်နေသော သူမစိတ်တွေ. . ပို၍ပူလာခါ စိတ်ကယောက်ကယက် ဖြစ်လာနေသည်။ ထိုစဉ်. . အလုပ်ရုံရှေ့ ခေါင်း ထိုးဝင်လာသောကား. . .

ဘုရား. . ဘုရား. . ခရီးသွားသည်ဆိုသော သူ့ဆိုင်ရှင်. . သူ့ အလုပ်ရှင် ဦးထွန်းပွား၏ကား. . . ပြောရင်းဆိုရင်း အန်ကယ်ဦးထွန်းပွား ဆင်းလာသည်။

သူမ ထိုင်နေရာဆီ တန်းတန်းမတ်မတ် ဦးတည်ဝင်လာသည်။ သူမ လိပ်ပြာလွင့်မတတ် ဖြစ်သွားပြီး စိတ်ကို ပြန်ထိန်းသည်။ မတ်တတ် ရပ်သည်။ ဖြစ်ပျက်သမျှ ရဲရဲတင်းတင်းပင် ပြောပြလိုက်တော့မည်ဟု ဆုံးဖြတ်ရင်းနှင့်. . .

"အန်ကယ်. . . ကျွန်မ"

"ထိုင်. . . ထိုင်. . . သမီး၊ ဒီမှာ အရေးကြီးတဲ့ကိစ္စရှိလို့"

"အဲ့ဒီကိစ္စထက် အရေးကြီးတဲ့ သမီး. . ."

"ခဏစောင့် သမီး"

သူမကို လက်ကာပြရင်း. . အန်ကယ်ဦးထွန်းပွား ဦးဟာမက် အခန်းထဲ ဝင်သွားတယ်။

သူမ ထိုင်ရမလို ထရမလို. . အော်ငိုပစ်လိုက်ချင်သလိုလို. . တံတွေးမျိုမကျအောင် အာခေါင်တွေ ခြောက်လာသလိုလို. .

'အို. . . ဖြစ်ချင်ရာဖြစ်. . . ထောင်အပြင် တန်းမရှိဘူး' ဟု တွေး နေမိပြန်သည်။

သူမ ရုံးခန်းထဲ ဝင်လိုက်သွားပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြ လိုက်ရ ကောင်းမည်လားဟု စဉ်းစားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ရေးကိုယ်တာပါဟု သူ့သူ့ဒွေးကို လိမ်ပြောထားသော မောင်. . . အခြောက်တိုက် အလိမ်ပေါ်၍ မျက်နှာပျက်မည့်အရေးတို တွေးမိပြန်သည်။

သူမ၏ locker ကို ပိပိရိရိ ဖောက်ထွင်းနိုင်သော အစွမ်းရှိသူ ဘယ်သူဖြစ်မည်နည်း။

သူမ၏လုပ်ဖော်ကိုင်ဖက်ထဲတွင်လည်း ရိုးသားဖြူစင်၍ သူမကို ချစ်ခင်သူတွေချည်းပါ။

သူမ ဦးနှောက်ခြောက်ပြီး စိတ်တွေ ကယောင်ချောက်ချား ဖြစ် နေစဉ် အထဲက ဦးထွန်းပွား၏. . . တဟားဟား အော်ရယ်သံက နံရံကို တန်၍ထွက်လာပြန်သည်။

ခဏအကြာ၌ တံခါးပွင့်သွားပြီး. . . သူမ၏မောင် ဘွားကနဲ ထွက်လာသည်။

လက်ထဲ၌ ဘာအထုပ်မှ ပါမလာ။

ငွေရမလာတာ သေချာပြီ။

မောင်က ခပ်တည်တည်ပင်။

"လာ. . . မြယွန်း လစ်မယ်"

"ဘယ်ကိုလဲ မောင်!"

"လာဆို လာကွာ. . . ဒီမှာ စုဇူကီးကားသေ့ ရလာတယ်၊ မောင် တို့ လစ်မယ်"

သူမလက်မောင်းကို မောင်က အတင်းဆွဲခေါ်နေသည်။

သူမက အတင်းဆောင့်ရုန်းရင်း. . .

"ပြဿနာက ပြေမှ မပြေလည်သေးတာ၊ အထဲမှာ ယွန်းရဲ့ဒွေး ရှိတယ်၊ ဖြစ်ကြောင်းကုန်စင် ဝင်ပြောရမှာပေါ့. . . လွှတ်ပါ"

"မြယွန်း. . . မင်း မောင့်စကား နားမထောင်ချင်ဘူးလား!၊ လာပါ လစ်မယ်ဆို"

www.burmeseclassic.com



"ထွက်ပြေးမှာကို ပြောတာလား မောင်၊ မြယွန်း အဲ့လိုအမျိုးအစား မဟုတ်ဘူး၊ အဖြစ်မှန်ကို ပြောပြမယ်၊ ပေးချင်တဲ့အပြစ်ပေး. . . ခံယူမယ်၊ ရှောင်လို့ လွတ်မှာမှ မဟုတ်တာ"

မောင်သည် သူမကို မချိုမချဉ်မျက်နှာနှင့် ကြည့်နေသည်။

"ကဲ. . . ပြောမရရင် ဒီကလေးမကို ဟောသလို မ,ပြီး ခိုးပြေးတယ်ကွာ. . . ကဲ"

သူမ စွေ့ကနဲ မောင့်ပခုံးပေါ် ပါသွားရင်း ကျောပြင်ကို တအုံးအုံး ရိုက်နေမိသည်။

မောင်က ကားထဲ ပစ်ထည့်ပြီး တစ်ဟုန်ထိုး မောင်းထွက်သည်။

ဝူး. . . ဝေါ

နောက်မှာ ရယ်သံတွေ ကျန်ခဲ့သလားလို့။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ. . ငတိုး၏အော်ဟစ်မြူးတူးသံ၊ အငယ်မ အလတ်မတို့ ရယ်မောသံကြောင့်. . ဒေါ်အေးတင် ဘုရားဝတ်တက်နေရာမှ လှမ်းဟန့်သည်။ ကလေးတွေ ပါးစပ်ပိတ်ကာ. . အသံတိတ်ပြီး မြူးကြသည်။ သို့မှပင်. . . ဒေါ်အေးတင် ပြန်၍ဘုရားရှိခိုးလေသည်။

တိတ်ဆိတ်ခြောက်သွေ့နေခဲ့သော သူ့အခန်းထဲမှာ စည်စည်ဝေဝေ ပြန်ဖြစ်သွားသည်ကို. . ဝရန်တာအား ကျောမှီရပ်ရင်း ပြုံးကာ ကြည့်နေမိသည်။

ထို့နောက် ခိုင့်မြကြ ကားသော့လေး လက်ကွင်းထဲလှည့်ကာ သူမဘက်ကိုလှည့်၍ ပြုံးတုံ့တုံ့ လုပ်နေလိုက်သည်။

သူမကတော့ ဘုမသိ ဘမသိ တိုက်ခန်းပေါ် ပါလာပြီး. . 'မင်းကို မောင် ခိုးပြေးလာတာ' ဟူသောစကားမှလွဲ၍ ဘာမှမသိရသေး။

"မောင်. . မောင့်ကြည့်ရတာ အူမြူးနေသလိုပဲ၊ အရှုပ်ဟန်းလန်းနဲ့ တရားခံမကို ခိုးလာတဲ့ မောင့်အမှုက. . ပိုကြီးတာနော်"

www.burmeseclassic.com



"ဟဲ. . ဟဲ. . တရားခံ ခိုးပြေးမှုနဲ့ ထောင်ချခံရတော့လည်း. . ဟဲ. . ဟဲ. . ကြက်ဖြစ်ရင်ကွယ် ငှက်ဖြစ်ရင်ကွယ်. . တစ်ကိုင်းထဲ နားချင်တယ် ဆိုတဲ့သီချင်းလိုပေါ့"

"မောင်. . မောင်. . မပြောဘူးလား!. . ပြောမလား!၊ အထဲမှာ ဘာတွေပြောကြလဲ ဘာတွေဖြစ်ကြလဲ!၊ မြယွန်းသူဌေးနဲ့ မောင့်အပါကြီး တ ဘယ်လိုအဆက်အသွယ်ရှိလို့ ဘာတွေဖြစ်နေတာလဲ!. . ပြော. . ပြော နော်. . . မပြောရင် မြယွန်း ဝရန်တာက ခုန်ချလိုက်မှာ"

သူမ တကယ် လက်ရန်းကို ကျော်မည်အလုပ်တွင်မှ. . .

"ဟိုး. . ဟိုး. . မလုပ်ကောင်းဘူး၊ မြယွန်းကို စချင်နောက်ချင်နေလို့ပါ၊ မောင်ပြောပြမယ်. . နားထောင်"

မြယွန်းခင် ပခုံးကို သာသာဖွဖွ မောင်လာဖက်သည်။

ဆံပင်ကို နမ်းရင်း. . .

"အပါကြီးနဲ့ ယွန်းဘောစိ ဦးထွန်းပွားက တကယ့်စီးပွားဖက်တွေ. . ငယ်သူငယ်ချင်းတွေလည်း ဖြစ်တယ်၊ သူတို့ချင်းတွေ့ရင် သူတို့ အလုပ်သမားတွေအကြောင်း ပြောလေ့ရှိတယ်တဲ့၊ ဦးထွန်းပွားက မြယွန်း အကြောင်း အပါကြီးကို အမြဲပြောတယ်တဲ့၊ တော်တယ် လျှင်တယ် စိတ်ချရတယ် သုံးလေးလအတွင်း ဆိုင်တာဝန်ခံအဆင့်ထိ တိုးပေးလိုက်တယ် ပေါ့၊ အပါကြီးက ကိုယ့်အကြောင်း ပြောတော့တာပေါ့လေ၊ မြယွန်းနဲ့ကိုယ် ချစ်သူတွေဆိုတာ သူတို့သိသွားတော့ ပိုဂရုစိုက်လာကြတယ်၊ ကိုယ့်အခက် အခဲကို ကျော်ကွေးတို့ ဟာရှင်တို့ကလည်း အပါကြီး နားပေါက်အောင် ပြောပေးကြတယ်လေ. . .

မြယွန်းကိုတော့ ဦးထွန်းပွားက ချစ်ခင်အားကိုးလာရတော့. . . နေထိုင်စားသောက်တာကအစ သိအောင်စုံစမ်းထားသတဲ့. . . ဦးစိုင်း ဝင်ကြောင်တာတွေ၊ အဒေါ်. . မောင်နဲ့. . ဦးစိုင်းတို့. . ဆက်ဆံပုံတွေ အသေးစိတ် ဦးထွန်းပွား သိနေခဲ့တယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဦးစိုင်းတောင်ကြီး စိတ်ဓါတ်နဲ့ မောင့်စိတ်ရင်းကို ခွဲခြားသိရအောင်. . အဒေါ်ပါ သိသွားအောင်. . မြယွန်းထည့်ထားတဲ့ငွေကို သော့တူနဲ့ ဦးထွန်းပွား ပြန်ယူပြီး ခရီးထွက်တယ်လို့ အသံလွှင့်လိုက်တာတဲ့၊ မြယွန်းအခက်အခဲကို ဘယ်သူရှင်းသလဲ ထင်းကနဲ ပေါ်လာတော့ တာပေါ့၊ ဦးထွန်းပွားက မြယွန်းကို ခိုင်မြဲဆိုတဲ့ကောင် တကယ်ချစ်မချစ် စစ်ဆေးကြည့်တာလဲ ပါတယ်တဲ့. . .

နောက်ဆုံးကျတော့. . ဟက်ဟက်ပက်ပက် ရယ်ပြီး အဖါကြီးလက်ထဲက ကားသော့ယူပြီး ခိုင်မြဲ. . . မင်း မြယွန်းခင်ကို အခုပဲ ခိုးပြေးပေတော့တဲ့. . . ဟောဒီက မယားတရှူးကြီးဟာမက် မဒီးနားနဲ့ ခရီးမသွားခင်. . မင်း ဟန်းနီးမွန်းအရင်သွား. . သွား. . တော့တဲ့၊ အတင်းတွန်းလွှတ်လို့ မြယွန်းကို မောင် ခိုးပြေးလာတာလေ. . အဲ့ဒါပဲ”

“မောင်ရယ်. . . မြယွန်းဖြင့် ရင်မောလိုက်ရတာ”

ထိုစဉ်. . .

အောက်မြေညီ၌ ငါးသလောက်တစ်ကောင် မြှောက်ပြနေသော ကိုစောတင်မောင်ကို သူတို့ လှမ်းမြင်ရသည်။

မကြာခင် သူတို့အခန်းသို့ ဝင်လာပြီး ဝရန်တာသို့ ရှေ့ာက်လာသည်။

“ငါးသလောက်ကို မမုန်းသေးဘူးလား ကိုကြီးစော!”

“ဟာ. . ကောင်ရ. . . ငါ့မိန်းမ သိပ်ကြိုက်တာကွ၊ ငါကိုယ်တိုင် ရှယ်ပေါင်းမလို့”

“ဗျာ. . ”

“ဟဲ. . ဟဲ. . . အခု ငါတို့ ပြန်ပေါင်းနေပြီ၊ ဒါနဲ့ မင်းအခြေအနေ ရောင်းမလို့ဆို”

“မရောင်းတော့ဘူးဗျို့. . . ကျွန်တော်လဲ ပေါင်းလိုက်ပြီလေ”

“အေး. . . မင်းတို့ဟာမင်းတို့ ပေါင်းချင်ပေါင်း မပေါင်းချင်နေ၊

www.burmeseclassic.com

**အသည်းတွဲသီချင်း** **နှစ်ကြိမ်တိုး ၁၃၉**

ဒီငါးသလောက် ငါလက်ဖွဲ့တယ်၊ ငါ တစ်ကောင်ထပ်သွားဝယ်မယ်၊ ခိုင်မြ ရာဇဝင် ငါးသလောက်နော်၊ မင်း ပေါင်းဖြစ်အောင်ပေါင်း"

"ပေါင်းပါ့မယ်ဗျာ. . . ဗိုက်လည်းဆာနေပြီ လောလောဆယ် လက်ဖက်ရည် ဆင်းသောက်ဦးမယ်၊ ဘုရားနားမှာ ဆိုင်သစ်ဖွင့်တယ် နာမည်က အတိတ်နိမိတ်ကောင်းတယ်"

"ဘာတဲ့လဲ မောင်!"

"ဆုံချက်တဲ့"

ချစ်သူတိုင်း...

နှလုံးသားဆုံချက်တစ်ခုမှာ...

လှပစွာဆုံစည်းနိုင်ကြပါစေ...။

အောင်မြင်စာပေ

www.burmeseclassic.com